ကြေးမုံ
The Mirror Daily
၁၉၅၇ ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆရာ တပည့် ဆက်ဆံရေး**

သူတစ်ပါးကို ဆုံးမသည့်အတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ခြင်းသည် ထိရောက်အောင်မြင်သော ပညာပေးခြင်းမည်၏။ တရားကိုမင်ရာမှ ပုဂ္ဂိုလ်ကိုပါ ခင်မင်စေနိုင်သဖြင့် ခိုင်မာသော ဆရာတပည့်ဆက်ဆံရေးကို ဖြစ်ပေါ်စေနိုင်သည်။ (မိမိပြောသည်ကို သူတစ်ပါးအား လိုက်နာကျင့်သုံးစေလိုလျှင် မိမိပြောသလို မိမိကိုယ်တိုင် ကျင့်ကြံလိုက်နာပါ။)

အတ္တဝဂ်(ဓမ္မပဒ-၁၅၉)

၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက်၊ သောကြာနေ့။ Friday, 17 February 2017 (၈၈၄၀)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက်ဘီရာ အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သတင်းစာမျက်နှာ - ၃



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Johns Hopkins တက္ကသိုလ်မှ အရှေ့တောင်အာရှလေ့လာရေး ဂုဏ်ထူးဆောင် ပါမောက္ခ Dr. Karl D. Jackson အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သတင်းစာမျက်နှာ - ၃

# နိုင်ငံရေးဆွေးနွေးပွဲများအတွက် လုပ်ငန်းကော်မတီများ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ**
**ကြေညာချက်အမှတ်၊ ၂/၂၀၁၇**
၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

**လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် အကြောင်းအရာများအပေါ် အခြေခံ၍ စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ
(ခ) လူမှုရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ
(ဂ) စီးပွားရေး ကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ
(ဃ) လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ
(င) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ

၂။ ထိုသို့ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ လုပ်ငန်းကော်မတီတစ်ခုလျှင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တရားဝင် နိုင်ငံရေးပါတီများမှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံ ကိုယ်စားလှယ် ၄ ဦးစီနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ၊ အတွင်းရေးမှူးအဖွဲ့ဝင် သုံးဦး၊ စုစုပေါင်း ၁၅ ဦးစီဖြင့် ဖွဲ့စည်းရန် သဘောတူ ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ သက်ဆိုင်ရာ အစုအဖွဲ့များက လုပ်ငန်းကော်မတီများတွင် တာဝန်ပေးအပ်မည့် ကိုယ်စားလှယ်အမည်စာရင်းများကို ထောက်ခံတင်ပြလာပြီဖြစ်ပါ၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

(က) **နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ**

(၁) ဦးခင်ဇော်ဦး (တပ်မတော်)
(၂) ဒေါက်တာလျန်မှုန်းဆာခေါင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၃) စိုင်းကျော်ညွန့် (နိုင်ငံရေးပါတီ)
(၄) ဗိုလ်မှူးချုပ်တင်အောင် (တပ်မတော်)
(၅) ဗိုလ်မှူးချုပ် လှသန်းမောင် (တပ်မတော်)
(၆) ဦးငွေဝင်းအောင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၇) ဦးကျော်ကျော်ဟန် (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)
(၈) ဒေါက်တာစိုင်းဦး (တိုင်းရင်းသားလက်နက်ကိုင်)
(၉) စောအယ်ကလူစေး (တိုင်းရင်းသားလက်နက်ကိုင်)
(၁၀) စောစံငြိမ်းသူ (တိုင်းရင်းသားလက်နက်ကိုင်)
(၁၁) စောကူးကူ (တိုင်းရင်းသားလက်နက်ကိုင်)
(၁၂) ဦးဇမ်ဇမှုန် (နိုင်ငံရေးပါတီ)
(၁၃) စိုင်းဘိုးအောင် (နိုင်ငံရေးပါတီ)
(၁၄) ဒေါက်တာတူးဂျာ (နိုင်ငံရေးပါတီ)
(၁၅) ဦးအောင်ကြည်ညွှန့် (နိုင်ငံရေးပါတီ)

(ခ) **လူမှုရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ**

(၁) ဦးဇော်ဌေး (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန)
(၂) ဦးစိုင်းလ (တိုင်းရင်းသားလက်နက်ကိုင်)
(၃) ဦးနိုင်ငံလင်း (နိုင်ငံရေးပါတီ)
(၄) ဗိုလ်ချုပ်နေလင်း (တပ်မတော်)

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

**ကြေးမုံ**

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာ

ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သည့်အချိန်မှစ၍ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်ရေးသည် ထွန်းကားကျယ်ပြန့်လာခဲ့ပါသည်။ အဆိုပါ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် မြန်မာနိုင်ငံ၏ သယံဇာတနှင့် သဘာဝထွက်ကုန်တို့ကို အိမ်နီးချင်းနိုင်ငံများသို့ အရှိန်အဟုန်မြင့်တင်ပို့ရောင်းချခဲ့ကြပါသည်။ သို့သော်သယံဇာတဟူသည် အကန့်အသတ်ဖြင့်သာ တည်ရှိသကဲ့သို့ သဘာဝထွက်ကုန်များသည်လည်း စနစ်တကျ ဆောင်ရွက်နိုင်စွမ်းမရှိပါက စဉ်ဆက်မပြတ်တင်ပို့ရောင်းချရေးကို ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ စနစ်တကျဆောင်ရွက်နိုင်စွမ်းဆိုရာ၌ ခေတ်မီနည်းပညာတို့ကို အသုံးချနိုင်ရေးသည် အထူးအရေးပါပါသည်။

မြန်မာနိုင်ငံ၏ ငါးရှဉ့်တင်ပို့မှုကို သုံးသပ်ကြည့်ပါက နည်းပညာ၏ အရေးပါပုံကို တွေ့မြင်နိုင်ပါသည်။ မြန်မာနိုင်ငံ၏ ငါးရှဉ့်တင်ပို့မှုသည် အစဉ်အလာအားဖြင့် တန်ချိန် ၁၂၀၀၀ ခန့် ရှိခဲ့သော်လည်း ယခုအခါ တန်ချိန် ၇၀၀၀ ခန့်သာ တင်ပို့နိုင်ပါသည်။ ဤကဲ့သို့ ငါးရှဉ့်တင်ပို့ရောင်းချမှု ကျဆင်းလာခြင်းသည် ငါးရှဉ့်ကို သဘာဝအတိုင်းဖမ်းဆီးရရှိမှု ကျဆင်းလာသောကြောင့်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ငါးရှဉ့်မွေးမြူရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှုရရှိခဲ့ခြင်းမရှိပါ။ အကြောင်းရင်းမှာ ငါးရှဉ့်မွေးမြူရေးဆိုင်ရာ နည်းပညာ တတ်မြောက်မှုမရှိခြင်းကြောင့် မွေးမြူထားသော ငါးရှဉ့်တို့သည် အမည်မတပ်နိုင်သော ရောဂါတို့ဖြင့် သေဆုံးသွားသောကြောင့်ဖြစ်သည်။

သို့သော် ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ အပါအဝင် ကမ္ဘာ့နိုင်ငံများစွာတို့၌ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာတစ်ဝန်း စားသုံးလျက်ရှိသော ငါးရှဉ့်အသားတို့၏ ၆၀ ရာခိုင်နှုန်းကို ငါးရှဉ့်မွေးမြူရေးလုပ်ငန်းတို့မှ ထုတ်လုပ်ပေးခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် စာရင်းများအရ ကမ္ဘာ့ငါးရှဉ့်မွေးမြူရေးလုပ်ငန်းတန်ဖိုး ပမာဏသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ခန့် ရှိပါသည်။ မြန်မာနိုင်ငံ၌လည်း ငါးရှဉ့်မွေးမြူရေးလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်နိုင်စွမ်းရှိလာပါက ပြည်ပပို့ကုန် ပမာဏ ပိုမိုတိုးမြင့်လာပြီး တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အပံ့ကောင်းဖြစ်စေမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် ငါးရှဉ့်မွေးမြူရေးနည်းပညာရရှိရေးကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ နည်းပညာသည် ငါးရှဉ့်မွေးမြူရေးလုပ်ငန်း၌သာမက စီးပွားရေးလုပ်ငန်းတိုင်း၌ အရေးပါသည်ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် မည်သို့သောနည်းပညာတို့ ရရှိရေးကို ဦးစားပေးဆောင်ရွက်မည်ဟူသော အချက်အပေါ် အလေးအနက်ထား သုံးသပ်ဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော် တင်ပြအပ်ပါသည်။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးတင်မြင့် | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (ခ) | ဦးကံချွန် | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၁)<br>အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမျိုးတင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်စီမံရေးရာ<br>ဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်<br>ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဦးမင်းဆွေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

# ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ် (အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ)ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းရေးနှင့် အနာဂတ်ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဖိတ်ကြားထားသော အရပ်ဘက်အဖွဲ့အစည်းများနှင့် ကွန်ရက်များစုပေါင်း၍ တက်ရောက်ဆွေးနွေးသူ ၆၀၀ ခန့်ဖြင့် "ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများ ဖိုရမ်အတွက် အကြိုပြင်ဆင်ရေးဖိုရမ်"ကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ တောင်ကြီးမြို့တွင်လည်းကောင်း၊ တက်ရောက်ဆွေးနွေးသူ ၅၀၀ ခန့်ဖြင့် "ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်"ကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၅ ရက်အထိ အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းစင်တာ-၂ (MICC-II)၊ နေပြည်တော်၌လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ ဖိုရမ်၏ရည်ရွယ်ချက်များ ထိရောက်အောင်မြင်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံးမှ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများ ဖိုရမ်ဖြစ်မြောက်ရေးကော်မတီက ပန်ကြားထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# စာမူရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာသို့ ပေးပို့လာသည့် ခေါင်းကြီး၊ ဆောင်းပါး၊ သတင်း၊ ကာတွန်း၊ ကဗျာနှင့်ဓာတ်ပုံများအနက် သတင်းစာများတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူအမျိုးအစားအလိုက် စာမူခချီးမြှင့်မှုများကို သတင်းစာတွင် ဖော်ပြပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း ထုတ်ပေးလျက်ရှိပါသည်။

စာမူရှင်များနှင့် ဆက်သွယ်ရရှိမှုအလိုက် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ လာရောက်ထုတ်ယူမှုအပေါ် မူတည်၍ စာမူခများ ထုတ်ပေးလျက်ရှိသည့်အပြင် စာတိုက်မှပေးပို့သည့် နည်းလမ်းဖြင့်လည်း ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ပေးပို့သည့် စာမူများ၌ ဆက်သွယ်ရမည့် လိပ်စာများမပါရှိသဖြင့် စာမူခထုတ်ပေးရာတွင် ကြန့်ကြာမှုများရှိနေပြီး စာမူခပေးရန်ကျန်များ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိခဲ့သော စာမူများအလိုက် စာမူခချီးမြှင့်ငွေများကို မန်နေဂျာ၊ ကြေးမုံသတင်းစာတိုက် ရန်ကုန်/နေပြည်တော် ဖုန်းနံပါတ်-(၀၁-၈၆၁၀၆၈၅၊ ၀၁-၂၉၂၈၃၂၊ ၀၆၇-၃၆၁၂၉) သို့ ဆက်သွယ်ထုတ်ယူရေး ဆောင်ရွက်နိုင်ပါရန်နှင့် နောင်တွင် စာမူများ ပေးပို့ရာ၌ ဆက်သွယ်ရမည့်လိပ်စာများ၊ ပေးပို့စေလိုသည့် နည်းလမ်းတို့အား ဖော်ပြပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းမှူးချုပ်**
**(ကြေးမုံသတင်းစာတိုက်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်(ရွှေဈေး) ၈၉၁၀၀၀ - ၈၉၁၀၀၀ မန္တလေး(ရွှေဈေး) ၈၉၁၀၀၀ - ၈၉၁၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၀/၇၆၀ ကျပ်၊ | ၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၂၀/၇၃၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၃၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၆ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၂. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၆၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၇၈၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၄၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၃၀၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၀. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၅၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၇. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၆. ၉၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၀

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အယ်လ်ဂျီးရီးယား သံအမတ်ကြီးအားတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက်ဘီရာအား ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၌ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့ Johns Hopkins တက္ကသိုလ် School of Advanced International Studies (SAIS) အရှေ့တောင်အာရှလေ့လာရေး ဂုဏ်ထူးဆောင်ပါမောက္ခ Dr. Karl D. Jackson နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက် Johns Hopkins တက္ကသိုလ်၌ ပညာသင်ဆုများ ပေးအပ်ရေးနှင့် မြန်မာနိုင်ငံ၌ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

❑

☆ရှေ့ဖုံးမှ

(၅) ဒေါ်ဇင်မာအောင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၆) ဦးနိုင်ဆွေဦး (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)
(၇) ဒေါက်တာစန်းစန်းအေး (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)
(၈) မိဆူးပွင့် (တိုင်းရင်းသားလက်နက်ကိုင်)
(၉) စောဆဲဗွယ် (တိုင်းရင်းသားလက်နက်ကိုင်)
(၁၀) ခွန်သောမက်စ် (တိုင်းရင်းသားလက်နက်ကိုင်)
(၁၁) နော်စန္ဒာဝိုင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၁၂) ဒေါ်အေးသီတာမြင့် (နိုင်ငံရေးပါတီ)
(၁၃) ဦးတင်ဆွေ (နိုင်ငံရေးပါတီ)
(၁၄) ဦးဆမ်းဆောင်ကား (နိုင်ငံရေးပါတီ)
(၁၅) ဦးရွှေမင်း (နိုင်ငံရေးပါတီ)

(ဂ) **စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ**

(၁) ဦးလှမောင်ရွှေ (ငြိမ်းချမ်းရေးကော်မရှင်)
(၂) ဒေါ်စောမြရာဇာလင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၃) မင်းကျော်ဇေယျာဦး (နိုင်ငံရေးပါတီ)
(၄) ဗိုလ်မှူးချုပ်သိုက်စိုး (တပ်မတော်)
(၅) မိကွန်ချမ်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၆) ဦးဗရတ်ဆင်း (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)
(၇) ဦးအောင်နိုင်ဦး (ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)
(၈) ဆလိုင်းထလာဟေး (တိုင်းရင်းသားလက်နက်ကိုင်)
(၉) ပဒိုစောတာဒိုမူး (တိုင်းရင်းသားလက်နက်ကိုင်)
(၁၀) စိုင်းလျှန်း (တိုင်းရင်းသားလက်နက်ကိုင်)
(၁၁) ခွန်တင်ရွှေဦး (တိုင်းရင်းသားလက်နက်ကိုင်)
(၁၂) ဦးထွန်းနိုင် (နိုင်ငံရေးပါတီ)
(၁၃) ဦးသိန်းထွန်း (နိုင်ငံရေးပါတီ)
(၁၄) ဦးမားကို့စ် (နိုင်ငံရေးပါတီ)
(၁၅) ဦးသာထွန်းလှ (နိုင်ငံရေးပါတီ)

(ဃ) **လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ**

(၁) ဗိုလ်ချုပ်စိုးနိုင်ဦး (တပ်မတော်)
(၂) ဦးမျိုးဝင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၃) ဦးတာလှဖေ (နိုင်ငံရေးပါတီ)
(၄) ဗိုလ်ချုပ်တင်မောင်ဝင်း (တပ်မတော်)
(၅) ဗိုလ်မှူးချုပ်စိန်ထွန်းလှ (တပ်မတော်)
(၆) ဦးအင်ထုံးခါးနော်ဆမ် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၇) ဒေါက်တာချောချောစိန် (ပါမောက္ခ၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရန်ကုန်တက္ကသိုလ်)
(၈) စဝ်ဘောင်ခေး (တိုင်းရင်းသားလက်နက်ကိုင်)
(၉) ပဒိုစောအောင်ဝင်းရွှေ (တိုင်းရင်းသားလက်နက်ကိုင်)
(၁၀) ပူးထက်နီ (တိုင်းရင်းသားလက်နက်ကိုင်)
(၁၁) ဦးခိုင်ထွန်းဝင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၁၂) ဒေါက်တာအောင်မြတ်ဦး (နိုင်ငံရေးပါတီ)
(၁၃) ဦးစောထွန်းအောင်မြင့် (နိုင်ငံရေးပါတီ)
(၁၄) ဦးမြင့်နိုင် (နိုင်ငံရေးပါတီ)
(၁၅) ဒေါ်နန်းခင်စိန်မြင့် (နိုင်ငံရေးပါတီ)

(င) **မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ**

(၁) ဦးအောင်စိုး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၂) ခွန်မြင့်ထွန်း (တိုင်းရင်းသားလက်နက်ကိုင်)
(၃) ဦးမြင့်စိုး (နိုင်ငံရေးပါတီ)
(၄) ဗိုလ်မှူးချုပ်အောင်သိန်းဦး (တပ်မတော်)
(၅) ဦးစိုးဝင်း (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)
(၆) ဦးဇော်မင်းလတ် (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)
(၇) ဒေါက်တာဝါဝါမောင် (ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)
(၈) ဦးဆန်နီ (တိုင်းရင်းသားလက်နက်ကိုင်)
(၉) စောဒဲနယ်လ် (တိုင်းရင်းသားလက်နက်ကိုင်)
(၁၀) စောလေ့စေး (တိုင်းရင်းသားလက်နက်ကိုင်)
(၁၁) စိုင်းစိုင်းငင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၁၂) ဒေါ်ဒွဲဘူ (နိုင်ငံရေးပါတီ)
(၁၃) ဦးလှခိုင် (နိုင်ငံရေးပါတီ)
(၁၄) ခွန်ထွန်းရွှေ (နိုင်ငံရေးပါတီ)
(၁၅) ဦးအိုက်ဆော (နိုင်ငံရေးပါတီ)

၄။ အထက်ဖော်ပြပါ လုပ်ငန်းကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လုပ်ငန်းကော်မတီများသည် မိမိတို့အား တာဝန်ပေးအပ်ထားသည့် အကြောင်းအရာကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုချက်နှင့် အဆိုပြုချက်များကိုရေးဆွဲပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူးအဖွဲ့သို့ ပေးပို့ရမည်။
(ခ) လုပ်ငန်းကော်မတီများသည် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ တင်ပြလာသော အကြံပြုချက်နှင့် အဆိုပြုချက်များအား အကျေအလည်စေ့စပ်ညှိနှိုင်းဆွေးနွေးပြီးရွေးချယ်ရန် နည်းလမ်း ၃ ခုထက်မပိုသော မူဝါဒအဆိုပြုလွှာများကို စိစစ်ရွေးချယ်ပြုစုပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့သို့ ပေးပို့ရမည်။
(ဂ) လုပ်ငန်းကော်မတီများ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား လိုအပ်လျှင် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။
(ဃ) လုပ်ငန်းကော်မတီတစ်ခုအတွင်း(သို့မဟုတ်) ကော်မတီများအကြား မဖြေရှင်းနိုင်သည့် သဘောထားကွဲလွဲမှုများရှိလာပါက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးမှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီသို့တင်ပြ၍ ဆုံးဖြတ်ချက်ရယူရမည်။
(င) လုပ်ငန်းကော်မတီများသည် မိမိတို့၏ သက်ဆိုင်ရာ အကြောင်းအရာအလိုက် လုပ်ငန်းကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်နှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။
(စ) လုပ်ငန်းကော်မတီများသည် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးရမည့် အကြောင်းအရာအလိုက် အစည်းအဝေးများကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်၏ ရည်ရွယ်ချက် အခြေခံမူများနှင့်အညီ ဆောင်ရွက်ရမည်။
(ဆ) လုပ်ငန်းကော်မတီများသည် မိမိတို့နှင့်သက်ဆိုင်သည့် အကြောင်းအရာများနှင့်စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်းမှုများကို လုပ်ငန်းကော်မတီအဆင့်တွင် အကျေအလည် ဆွေးနွေးအဖြေရှာသွားရမည်။ လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟုယူဆရသည့် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကျွမ်းကျင်သူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးသွားနိုင်သည်။
(ဇ) လုပ်ငန်းကော်မတီများသည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။
(ဈ) လုပ်ငန်းကော်မတီများသည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ၏ အတည်ပြုချက်ဖြင့် လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်း၍ ကြီးကြပ်လမ်းညွှန်မှုပေးရမည်။
(ည) လုပ်ငန်းကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးသော ဆွေးနွေးချက်များနှင့် အစည်းအဝေးမှတ်တမ်းများကို သတင်းထုတ်ပြန်ရန် ခွင့်ပြုချက်မရရှိဘဲ မည်သူ့ကိုမျှပြောကြားခြင်း မပြုရန် ကော်မတီဝင်များမှ ထိန်းသိမ်းရမည်။
(ဋ) လုပ်ငန်းကော်မတီများသည် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင် အတည်ပြုထားရမည်။
(ဌ) သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းအစီရင်ခံစာကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီသို့ တင်သွင်းရမည်။

၅။ လုပ်ငန်းကော်မတီများ၏ သက်တမ်းသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ကျင်းပသည့် သက်တမ်းအတိုင်းဖြစ်ပြီး လုပ်ငန်းကော်မတီဝင်များအား အစားထိုးလိုပါက သက်ဆိုင်ရာ ကိုယ်စားပြုအစုအဖွဲ့က ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ၏ အတည်ပြုချက်ဖြင့် အစားထိုးနိုင်သည်။

၆။ လုပ်ငန်းကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် တာဝန်အရ သွားလာရသည့် ခရီးစရိတ်၊ ချီးမြှင့်ငွေနှင့် လိုအပ်သည့်ထောက်ပံ့မှုများကို သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒများနှင့်အညီ ခံစားခွင့်ရှိသည်။

**(ပုံ) အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**

# လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အပံ့အကူအညီပေးရေး၊ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. HONG Liang အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)အနေဖြင့် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ရှင်းလင်းပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အပံ့အကူအညီပေးရေး၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် လေ့လာရေးခရီးစဉ်များအပြန်အလှန် သွားရောက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

◆

# သမ္မတ ဒူတာတေး ငွေသန်းပေါင်းများစွာကို ဘဏ်စာရင်းအမျိုးမျိုးဖြင့် သိုဝှက်ထားဟု စွပ်စွဲချက်ထွက်ပေါ်



**မနီလာ ဖေဖော်ဝါရီ ၁၆**
ဖိလစ်ပိုင်သမ္မတ ရိုဒရစ်ဂို ဒူတာတေးသည် ဥစ္စာနေများကို လျှို့ဝှက်ထားသူဖြစ်ကြောင်း၊ ၎င်းသည် ဘဏ်စာရင်းအမျိုးမျိုးဖြင့် ဒေါ်လာငွေ သန်းပေါင်းများစွာကို သိုဝှက်ထားသည်ဟု အထက်လွှတ်တော် အမတ်တစ်ဦးက စွပ်စွဲလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အထက်လွှတ်တော်အမတ် အန်တိုနီယို ထရီလိန်းသည် ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အကျုံးဝင်သော ဘဏ်ကြေညာချက်များ၏ မိတ္တူစာလွှာစာတမ်းများကို ထုတ်ပြန်ကာ အထက်ပါအတိုင်း စွပ်စွဲလိုက်ခြင်းဖြစ်သည်။

ပြည်သူများအတွင်း ရေပန်းစားသည့် သမ္မတ ဒူတာတေးအား ပုံမှန်ဝေဖန်တတ်သူ နိုင်ငံရေးသမားအချို့တွင် အမတ် ထရီလိန်းလည်းပါဝင်သည်။ ဒူတာတေးသည် ဘဏ်စာရင်းအမျိုးမျိုးတွင် စုစုပေါင်း ပီဆိုငွေ ၂ ဒသမ ၄ ဘီလီယံ (ပေါင်ငွေ ၃၈ ဒသမ ၄ သန်း) သိုဝှက်ထားရှိကြောင်း၊ ဒူတာတေးသည် လွန်ခဲ့သည့် မေလက ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခံရခြင်း မရှိမီ ၎င်းပိုင်ဆိုင်သော ငွေကြေးနှင့်ပတ်သက်၍ အများပြည်သူသိအောင် ထုတ်ပြန်ကြေညာခဲ့ခြင်း မရှိကြောင်း အမတ် ထရီလိန်းက ပြောကြားသည်။

ထရီလိန်းက ဖွင့်ချခဲ့သော ဘဏ်ကြေညာချက်မိတ္တူစာလွှာစာတမ်းများအရ ဘဏ်စာရင်းအချို့မှာ သမ္မတ ဒူတာတေးနှင့် ဆွေမျိုးသားချင်းများ အပါအဝင် ၎င်းနှင့် နီးစပ်သူများ ပူးတွဲဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း ထရီလိန်းက ပြောကြားသည်။

သမ္မတ ဒူတာတေး၏ အမည်နာမ မပါဝင်သော ဘဏ်စာရင်းများဖြစ်သည့်တိုင် ယင်းငွေစာရင်းများရှိ ငွေကြေးများမှာ ဒူတာတေးပိုင် ဖြစ်ကြောင်း ထရီလိန်းက ပြောကြားသည်။ **ရိုက်တာ။**

# အမေရိကန်တပ်ဖွဲ့ဝင်များ ဘူလ်ဂေးရီးယား၌ ဖြန့်ကြက်



**ဆိုဖီယာ ဖေဖော်ဝါရီ ၁၆**
အမေရိကန်နိုင်ငံက ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို ဘူလ်ဂေးရီးယား၌ ဖြန့်ကြက်လိုက်ပြီး စစ်သည်တင်သံချပ်ကာ ယာဉ်များနှင့် အကြီးစားစစ်လက်နက်ပစ္စည်းများ ယင်းနိုင်ငံသို့ ယခုရက်သတ္တပတ်ကုန်တွင် ရောက်ရှိလာမည်ဖြစ်ကြောင်း၊ နေတိုးအဖွဲ့က ဥရောပတိုက် အရှေ့ပိုင်းရှိ မဟာမိတ်နိုင်ငံများနှင့် ပူးတွဲပြုလုပ်ရန်စီစဉ်ထားသည့် စစ်ရေးလေ့ကျင့်မှုတွင် အထောက်အကူပေးရန် အစီအစဉ်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဘူလ်ဂေးရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ပင်လယ်နက် အရှေ့ပိုင်းကမ်းခြေတွင် တည်ရှိသည့် နိုဗိုဆယ်လိုမြို့ရှိ အမေရိကန်နှင့် ဘူလ်ဂေးရီးယား ပူးတွဲ စစ်စခန်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၊ စစ်ယာဉ်များနှင့် လက်နက်ကြီးများကို တပ်ဖြန့်ချထားမည်ဖြစ်သည်။ ယင်းသို့တပ်ဖွဲ့များ ဖြန့်ကြက်မှုသည် နေတိုးအဖွဲ့၏ အတ္တလန္တိတ် သန္နိဋ္ဌာန်အမည်ရှိ စစ်ရေးလေ့ကျင့်မှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ နေတိုးမဟာမိတ်များအပေါ် အမေရိကန်၏ အာမခံချက်ကို ရုရှားအား ပြသရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့များ ဘူလ်ဂေးရီးယားတွင် ဖြန့်ကြက်ရန် ယခင် အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် သဘောတူညီချက် ရရှိခဲ့သည်။

နေတိုးအဖွဲ့သည် အရှေ့ဥရောပမဟာမိတ်နိုင်ငံများတွင် စစ်အေးခေတ်နောက်ပိုင်း စစ်ရေးဖြန့်ကြက်မှုပြုလုပ်လျက်ရှိသည်။

**ရိုက်တာ။**

# ရေပြင်နှင့် ဝဟေင်တွင် မောင်းနှင်နိုင်သောလေယာဉ် စမ်းသပ်ပျံသန်းရန် တရုတ်နိုင်ငံရည်မှန်း



**ပေကျင်း ဖေဖော်ဝါရီ ၁၆**
ကမ္ဘာ့အကြီးဆုံးရေပြင်နှင့်ဝဟေင်တွင် မောင်းနှင်နိုင်သော လေယာဉ်တစ်စင်းကို တရုတ်နိုင်ငံက ယခုနှစ်၏ပထမနှစ်ဝက်တာကာလအတွင်း စမ်းသပ်ပျံသန်းရန် ရည်မှန်းထားကြောင်း တရုတ်မြို့ပြလေကြောင်းလေယာဉ်ထုတ်လုပ်ရေးစက်မှုလုပ်ငန်းကုမ္ပဏီက ဖေဖော်ဝါရီ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ရေပြင်နှင့်ဝဟေင်နှစ်မျိုးစလုံးတွင် မောင်းနှင်နိုင်သောလေယာဉ်ကို အင်ဂျင်ပိုင်းဆိုင်ရာ စမ်းသပ်မှုများပြုလုပ်ခဲ့ရာတွင် အောင်မြင်မှုရရှိကြောင်း၊ ယခုနှစ်၏ပထမနှစ်ဝက်တာကာလအတွင်း ပထမဆုံးအကြိမ်စမ်းသပ်မောင်းနှင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အေဂျီ-၆၀၀ ဟုအမည်ပေးထားသည့်ရေပြင်နှင့်ဝဟေင်နှစ်မျိုးစလုံးတွင် မောင်းနှင်နိုင်သော လေယာဉ်ကို ၂၀၁၆ခုနှစ်က ဇူလိုင်လက တရုတ်နိုင်ငံတောင်ပိုင်း ကျွဲဟိုင်းမြို့ရှိစက်ရုံ၌ ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။ ထိုအချိန်မှစ၍ စမ်းသပ်မှုအမျိုးမျိုး ပြုလုပ်ခဲ့ကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ လေယာဉ်၏တာဘိုအင်ဂျင်လေးလုံးစလုံးကို စမ်းသပ်ခဲ့ရာ အောင်မြင်မှုရရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

၃၇ မီတာအရှည်ရှိလေယာဉ်တွင် ၃၈ ဒသမ ၈ မီတာ ရှည်လျားသော တောင်ပံပါရှိသည်။ ဘိုးရင်း-၇၃၇ အမျိုးအစား လေယာဉ် တစ်စင်း၏ အရွယ်တမျှ ရှိသောယင်းလေယာဉ်သည် ကမ္ဘာပေါ်တွင် အကြီးဆုံးရေပြင်နှင့် ဝဟေင်မောင်းနှင်နိုင်သော လေယာဉ်ဖြစ်သည်။

ရေပြင်နှင့်မြေပြင်ပေါ် ဆင်းနိုင်သော အဆိုပါလေယာဉ်ကို တောမီးငြိမ်းသတ်ရေးလုပ်ငန်း၊ ကယ်ဆယ်ရေးနှင့်ရှာဖွေရေးလုပ်ငန်း၊ ပင်လယ်ရေကြောင်းဆိုင်ရာ မစ်ရှင်လုပ်ငန်းများတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ တောမီးငြိမ်းသတ်စဉ် ရေတန်ချိန် ၁၂ တန်အထိ ဝဟေင်မှ ကြဲချပေးနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**

# ကင်ဂျုံနမ်အား ဗွီအိတ်စ် (VX) အဆိပ်ဓာတ်ငွေ့အသုံးပြုပြီး လုပ်ကြံနိုင်ခြေရှိကြောင်း တောင်ကိုရီးယားသတင်းရင်းမြစ်များကဆို

**ဆိုးလ် ဖေဖော်ဝါရီ ၁၆**
မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ဖအေတူ၊ မအေကွဲ ညီအစ်ကိုတော်စပ်သူ ကင်ဂျုံနမ် သေဆုံးမှုနှင့်ပတ်သက်ပြီး တောင်ကိုရီးယားအစိုးရ သတင်းရပ်ကွက်များက ကင်ဂျုံနမ်အား အာရုံကြောများ ထိခိုက်ပျက်စီးစေနိုင်သည့် အဆိပ်ဓာတ်ငွေ့တစ်မျိုးဖြင့် လုပ်ကြံခဲ့ခြင်း ဖြစ်နိုင်ခြေရှိသည်ဟု ပြောကြားကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါ ဗွီအိတ်စ် (VX) အဆိပ်ဓာတ်ငွေ့တွင် ၎င်းကို ရှူရှိုက်မိသူသည် အသက်ရှူကျပ်ပြီး အာရုံကြောများတုံ့ဆိုင်းရပ်တန့်သွားကာ သေဆုံးသွားနိုင်သည့် အာနိသင်ရှိသည်။

ကြေးစားလူသတ်ကောင်များသည် ဗွီအိတ်စ် (VX) အဆိပ်ဓာတ်ငွေ့ကို သုံးလေ့ရှိကြောင်း သတင်းရင်းမြစ်အချို့ကဆိုသည်။ ကင်ဂျုံနမ်သေဆုံးမှုနှင့် ပတ်သက်ပြီး မြောက်ကိုရီးယားနိုင်ငံတွင် တာဝန်ရှိကြောင်း သင်္ကာမကင်းဖြစ်မှုများ မြင့်တက်လျက်ရှိသည်။

ကင်ဂျုံနမ်အား ကြေးစားလူသတ်ကောင်များ လုပ်ကြံခဲ့ခြင်း ဖြစ်နိုင်ခြေရှိသည်ဟု တောင်ကိုရီးယားစုံစမ်းစစ်ဆေးရေးအဖွဲ့ တာဝန်ရှိသူများက ဆိုသည်။ ဖေဖော်ဝါရီ ၁၃ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူနိုင်ငံတကာလေဆိပ်၌ မြောက်ကိုရီးယားနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူတစ်ဦးသည် လေဆိပ်ရှိ ဆေးခန်းတစ်ခုတွင် လာရောက်ဆေးကုသမှုခံယူခဲ့ကြောင်း စုံစမ်းစစ်ဆေးမှုအရသိရသည်။

မလေးရှားရဲတပ်ဖွဲ့က ကင်ဂျုံနမ်သေဆုံးမှုနှင့်ပတ်သက်ပြီး အလောင်းကို ရင်ခွဲစစ်ဆေး မှုများ လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

၁၉၉၄ ခုနှစ်က ဂျပန်နိုင်ငံတွင် Aum Shinrikyo ဂိုဏ်းသည် လူများသတ်ဖြတ်ရာတွင် အဆိုပါဗွီအိတ်စ် (VX) အဆိပ်ဓာတ်ငွေ့ကို အသုံးပြုခဲ့ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ။**

■

# တောင်တရုတ်ပင်လယ်ပြင်အတွင်း ကင်းလှည့်ရန် အမေရိကန်စီစဉ်နေသည်ဆိုမှု တရုတ်သတိပေး

**ပေကျင်း ဖေဖော်ဝါရီ ၁၆**
တရုတ်နိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်စိုးမှုကို စိန်ခေါ်သည့်လုပ်ရပ်များကို ရှောင်ရှားရန် အမေရိကန်ပြည်ထောင်စုအား တိုက်တွန်းကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောကြားလိုက်သည်။ အမေရိကန်ပြည်ထောင်စုသည် ပိုင်နက်နယ်မြေ အငြင်းပွားနေသော တောင်တရုတ်ပင်လယ်ပြင်အတွင်း ရေတပ်ကင်းလှည့်မှု ပြုလုပ်ရန် စီစဉ်လျက်ရှိသည်ဆိုသော သတင်းများကို တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံက ယင်းသို့ သတိပေးခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

လွတ်လပ်စွာ ရေကြောင်းသွားလာမှုကို ထိန်းသိမ်းနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စု ဆန်ဒီယေဂိုအခြေစိုက် ကားလ်ဗင်ဆင် လေယာဉ်တင်သင်္ဘော တိုက်ခိုက်ရေးအုပ်စုက တောင်တရုတ်ပင်လယ်အတွင်း ကင်းလှည့်ရေးကိစ္စကို အမေရိကန်ရေတပ်နှင့် ပစိဖိတ်စစ်ဌာနချုပ်တို့မှ အကြီးအကဲများက စဉ်းစားသုံးသပ်လျက်ရှိသည်ဟု ‘ရေတပ်စံတော်ချိန်’ အမည်ရှိ သတင်းစာက ဖေဖော်ဝါရီ ၁၀ ရက်တွင် အမည်မဖော်သူ ကာကွယ်ရေးတာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ ရေးသားဖော်ပြခဲ့သည်။

တရုတ်နှင့် အရှေ့တောင်အာရှ နိုင်ငံများအကြား လက်တွဲကြိုးပမ်းမှုဖြင့် တောင်တရုတ်ပင်လယ်ဆိုင်ရာ တင်းမာမှုများကို ဖြေလျှော့နိုင်ကာ တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိနေပြီဖြစ်ကြောင်း၊ ဒေသတွင်း တည်ငြိမ်အေးချမ်းမှု အခြေအနေကို အမေရိကန်အပါအဝင် ပြည်ပနိုင်ငံများက လေးစားလိုက်နာကြရန် တိုက်တွန်းကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ တန်ရွှန်းက ပြောကြားသည်။

တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးတို့ကို စိန်ခေါ်သည့် လုပ်ဆောင်ချက်မှန်သမျှ မပြုလုပ်ရန် တိုက်တွန်းကြောင်း ၎င်းက ပြောကြားသည်။ **ရိုက်တာ။**

# ၂၀၁၆ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ရာဇဝတ်အမှုပေါင်း ၁၃၈၂ မှု လက်ခံရရှိပြီး ၁၂၆၉ မှု စစ်ဆေးပြီးပြတ်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တရားရုံးများသည် လူတိုင်းသို့ အရည်အသွေးမြင့်တရားမျှတမှုကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်သည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်ဖြစ်ကြောင်း၊ တရားရုံးများသို့ အပ်နှင်းထားသည့် တရားစီရင်ရေးဆိုင်ရာ ဆင်ခြင်တုံတရား (Judicial Discretionary) သည် အချုပ်အခြာအာဏာ ခွဲဝေသုံးစွဲရေးမူ (Doctrine of the Separation of Powers) အရ လွတ်လပ်စွာတရားစီရင်ရေးကို ကျင့်သုံးနိုင်ခွင့်အတွက် အပ်နှင်းထားခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး က ပြောကြားသည်။

ထို့အပြင် အဆိုပါလုပ်ပိုင်ခွင့်ကို သက်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရသာ ကျင့်သုံးရန်ဖြစ်ပြီး ကျော်လွန်ကျင့်သုံးခွင့်မရှိကြောင်း၊ တရားစီရင်ရေးတာဝန် ထမ်းဆောင်ရာတွင် ဖြောင့်မတ်တည်ကြည်မှုသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ တရားသူကြီးတစ်ဦးစီ၏ ပြုမူဆောင်ရွက်မှုများသည် ပြည်သူများ၏ တရားစီရင်ရေးတစ်ခုလုံးအပေါ် ယုံကြည်မှုကို ထင်ဟပ်စေမည်ဖြစ်၍ အထူးဂရုပြုစေလိုကြောင်း။

ဆက်လက်ပြီး မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ (ယခင်နှစ်အမှုလက်ကျန်မပါ) ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှာ ရာဇဝတ်အမှုပေါင်း ၁၃၈၂ မှု လက်ခံရရှိပြီး ၁၂၆၉ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၂၄၉၅ မှု လက်ခံရရှိပြီး ၂၃၅၀ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ ထို့ပြင် စာချွန်တော်လျှောက်ထားမှု ၃၀၀ မှု လက်ခံရရှိပြီး ၁၉၂ မှု စစ်ဆေးပြီးပြတ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များမှာ ရာဇဝတ်အမှုပေါင်း ၅၅၉၉ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမ အမှုပေါင်း ၅၇၈၂ မှု လက်ခံရရှိပြီး ၅၁၂၇ မှု စစ်ဆေးပြီး ပြတ်ကြောင်း။

ခရိုင်တရားရုံးများမှာ ရာဇဝတ်အမှုပေါင်း ၁၈၀၃၄ မှု လက်ခံရရှိပြီး ၁၆၅၂၀ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၁၂၇၈၄ မှု လက်ခံရရှိပြီး ၁၁၅၄၆ မှု စစ်ဆေးပြီးပြတ်ကြောင်း။

မြို့နယ်တရားရုံးများမှာ ရာဇဝတ်အမှုပေါင်း ၃၄၆၆၉ မှု လက်ခံရရှိပြီး ၃၄၁၅၈၇ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၂၄၁၆၆ မှု လက်ခံရရှိပြီး ၂၃၇၅၇ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ ဥပဒေအရတည်ထောင်သော အခြားတရားရုံးများဖြစ်သည့် ကလေးသူငယ်တရားရုံး (ရန်ကုန်နှင့် မန္တလေး) မှာ ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၃၀၇ မှု လက်ခံရရှိပြီး ၃၀၃ မှု စစ်ဆေးပြီးပြတ်ကြောင်း။

စည်ပင်သာယာတရားရုံး (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့မှာ စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၃၂၂၃၃ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ မော်တော်ယာဉ်တရားရုံး (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၁၃၄၄၇ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း။

၂၀၁၅ ခုနှစ် မှုခင်းစာရင်း များနှင့်နှိုင်းယှဉ်ပါက ၂၀၁၆ ခုနှစ်တွင် တရားရုံးအဆင့်ဆင့်၌ စွဲဆိုသော ရာဇဝတ်မှုနှင့် တရားမမှု မှုခင်းအရေအတွက် ပိုမိုများပြားလာသည်ကို တွေ့ရကြောင်း၊ စွဲဆိုသည့်မှုခင်းပမာဏနှင့်အညီ စစ်ဆေးစီရင်နိုင်ခြင်းမရှိပါက အမှုလက်ကျန်များပြားလာပြီး ကြန့်ကြာမှုခင်းများ (Backlog Cases) ဖြစ်ပေါ်လာပါကြောင်း၊ သို့ပါ၍ အမှုစစ်တရားရုံးများက ယခုထက်ပို၍ အမှုများကို ပြီးပြတ်အောင် လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်ကြရန်နှင့် အထက်တရားရုံးများကလည်း ကြီးကြပ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အများပြည်သူ၏ တိုင်ကြားစာများအပေါ် နည်းလမ်းတကျစိစစ်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ်အတွင်း လက်ခံရရှိသည့် တိုင်ကြားစာ ၂၀၇၁ စောင်တွင် တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရမည့် တိုင်ကြားစာ ၁၁၆၉ စောင် ဖြစ်ပြီး တိုင်တန်းချက် မှန်ကန်မှုမရှိသည့် တိုင်ကြားစာ ၈၀၆ စောင် ဖြစ်သည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ကျန်တိုင်ကြားစာများအနက် တိုင်ကြားစာ ၈၈ စောင်မှာ စုံစမ်းစစ်ဆေးမှုပြုလုပ်ဆဲဖြစ်ပြီး တိုင်ကြားစာ ရှစ်စောင်အပေါ် အရေးယူအပြစ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို အဂတိတရား ကင်းစင်စွာဖြင့် ဖြောင့်မတ်မှန်ကန်စွာ ထမ်းဆောင်ကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၂)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စု တရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အချက်အလက်များယွင်းဖော်ပြခဲ့မှုအတွက် Bullet News Journal က တောင်းပန်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**ဖေဖော်ဝါရီ ၂ ရက်ထုတ် Bullet News Journal ပါ "ရွေးကောက်ပွဲကော်မရှင် ကန့်ကွက်လွှာစစ်ဆေးချက်များ နိုင်ငံတော်ပြန်တမ်း၌ မပါခြင်းသည် နိုင်ငံတော်ပြန်တမ်းအဖွဲ့တွင် တာဝန်ရှိ" ဆိုသည့်သတင်းဖော်ပြမှုနှင့်စပ်လျဉ်း၍ ဖေဖော်ဝါရီ ၁၆ ရက်ထုတ် Bullet News Journal တွင် တောင်းပန်ချက် ပြန်လည်ဖော်ပြပေးထားကြောင်း သိရှိရသည်။**

ဖေဖော်ဝါရီ ၂ ရက်ထုတ်ဂျာနယ်တွင် ဖော်ပြခဲ့သည့် သတင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးညွှန့်တင်က BNJ သို့ အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ကြောင်း၊ "၂၀၁၆ ခုနှစ် ၁ လ ပိုင်းမှစ၍ လက်ရှိအချိန်ထိ အမှုပေါင်း ၄၄ မှု စစ်ဆေးပြီးဖြစ်ပါကြောင်း၊ အမှုအလုံးစုံကို ရက်စွဲနှင့်တကွ စစ်ဆေးချက်အပြည့်အစုံအား ပြန်ကြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်ပြန်တမ်းသို့ ထုတ်ပြန်ရန်မှာ ပြန်ကြားရေးဝန်ကြီးဌာန၏ တာဝန်သာဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်သည် အချိန်နှင့်တစ်ပြေးညီ ပေးပို့လျက်ရှိပါကြောင်း၊ နိုင်ငံတော်ပြန်တမ်းတွင် မပါခြင်းသည် ရွေးကောက်ပွဲကော်မရှင်၌ တာဝန်မရှိဘဲ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံတော် ပြန်တမ်းထုတ်ပြန်ရေးအဖွဲ့တွင်သာ အပြည့်အဝတာဝန်ရှိလိမ့်မည်ဖြစ်ပြီး တစ်နှစ်ကျော်ကြာ စစ်ဆေးပြီးသော ပြန်ကြားရေးသို့ ပေးပို့ပြီးဖြစ်သည့် အမှုတွဲများကိုပင် ထုတ်ပြန်ခြင်းမရှိသည်ကို တွေ့ရကြောင်း၊ ၎င်းက စာရင်းဇယားများနှင့်တကွ Bullet News Journal သို့ ပြောကြားခဲ့သည်။ ညွှန်ကြားရေးမှူး ဦးညွှန့်တင်က ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်ပြန်တမ်းအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာရွက်စာတမ်းကုန်ကျစရိတ်ရှိပါက ရွေးကောက်ပွဲကော်မရှင်က အကုန်အကျခံသွားရန် အသင့်ရှိပါကြောင်း ဆက်လက်ပြောကြားသည်"ဟု ဖော်ပြထားသည်။

အမှုပေါင်း ၄၆ ခုရှိသည့်အနက် အမှု ၄၄ မှုမှာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသို့ ရောက်ရှိပြီး ထို ၄၄ မှုတွင် ပါရှိသော ဆုံးဖြတ်ချက် ၇ ခုကို နိုင်ငံတော်ပြန်တမ်းတွင် ဖော်ပြပြီးဖြစ်ကြောင်း၊ လက်ခံရရှိသည့်ဆုံးဖြတ်ချက်အားလုံးကို ဖော်ပြပြီးဖြစ်၍ နိုင်ငံတော်ပြန်တမ်းတွင် ဖော်ပြရန် ဆုံးဖြတ်ချက်လက်ကျန်မရှိကြောင်း၊ ကျန် ၃၇ မှုမှာ စီရင်ချက်နှင့် အမိန့်များသာဖြစ်ပြီး ဆုံးဖြတ်ချက်များ မဟုတ်ကြောင်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ သိရသည်။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄(ခ) နှင့် ၇၅(ခ) တို့တွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၄(ခ)နှင့် ၂၅(ခ)တို့တွင်လည်းကောင်း ရွေးကောက်ပွဲ ခုံအဖွဲ့ (သို့မဟုတ်) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်ဟု ဖော်ပြပါရှိကြောင်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၏ ပြောကြားချက်အရ သိရှိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အဆိုပါသတင်းတွင် ဖော်ပြထားသော ဥပဒေကိုးကားချက်များနှင့် ပြောကြားချက်များသည် မှားယွင်းနေကြောင်းတွေ့ရှိရပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့အကြားတွင်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအပေါ် ပြည်သူလူထုအနေဖြင့်သော်လည်းကောင်း ထင်ယောင်ထင်မှားဖြစ်စေနိုင်ပြီး မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပွားနိုင်ကြောင်း တွေ့ရှိရသည့်အတွက် Bullet News Journal ၌ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ လုပ်ဆောင်နေမှုဖြစ်ရပ်မှန်ကို ပြန်လည်ဖော်ပြပေးနိုင်ရေး ဆောင်ရွက်ပေးရန် အကြောင်းကြားစာပေးပို့ခဲ့ရာ ဂျာနယ်ဘက်မှ ယခုအပတ်တွင် တောင်းပန်ချက်ပြန်လည်ဖော်ပြလာခဲ့ခြင်းဖြစ်သည်။

အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က "ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ (၇၄) ပုဒ်မခွဲ (ခ)မှာ ပုဒ်မခွဲ(က)အရ လျှောက်ထားရန်သတ်မှတ်ထားသည့် ကာလအတွင်း ကော်မရှင်သို့လျှောက်ထားမှုမရှိလျှင် ကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့ (သို့မဟုတ်) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်ဟု ပါရှိပါတယ်။ ကျွန်တော်တို့လက်ခံရရှိပြီး ဆုံးဖြတ်ချက်အားလုံးကို ပြန်တမ်းမှာ ဖော်ပြပေးပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ ဖော်ပြဖို့ ဆုံးဖြတ်ချက် ကျန်ရှိခြင်းမရှိတော့ပါဘူး"ဟု ပြောကြားသည်။

ဦးမျိုးမြင့်မောင်က "အခုလို ဂျာနယ်က မှားယွင်းဖော်ပြတဲ့အတွက် ကျွန်တော်တို့အနေနဲ့ တရားစွဲဆိုခြင်း၊ သတင်းမီဒီယာကောင်စီကို တိုင်ကြားခြင်း စတဲ့နည်းလမ်းတွေကို အသုံးပြုခြင်းမရှိဘဲ ဂျာနယ်တိုက်ကို တိုက်ရိုက်ဆက်သွယ်ပြီး အဖြစ်မှန်ကို ပြန်လည်ဖော်ပြဖို့ ပျော့ပျောင်းညင်သာတဲ့နည်းလမ်းနဲ့ ချဉ်းကပ်ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဂျာနယ်တိုက်ဘက်က ဒီနေ့ထုတ်ဂျာနယ် စာမျက်နှာ (၆) မှာ တောင်းပန်ချက် ဖော်ပြပေးတာကို လက်ခံပါတယ်။ ဘာမှ ထပ်မံဆောင်ရွက်ဖို့ မရှိပါဘူး "ဟု ပြောသည်။

Bullet News Journal ၏ ဖေဖော်ဝါရီ ၂ ရက်ထုတ်တွင် ဖော်ပြထားသော သတင်းပါအချက်အလက်များနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကျွမ်းကျင်သူ ဦးညွှန့်တင်အား သတင်းအဖွဲ့က ဖေဖော်ဝါရီ ၄ ရက်က သွားရောက်မေးမြန်းစဉ် မိမိပြောဆိုသည်ဟု ရေးသားမှုများမှာ မမှန်ကန်ကြောင်း ဖြေကြားခဲ့ပြီး "ဒီသတင်းကို ရေးသွားတာက သတင်းထောက် ခိုင်မင်းပါ။ မေးသွားတာက ဦးလှဆွေ ဖြစ်ပါတယ်။ ဒီသတင်းရေးသားဖို့ကိုလည်း ခိုင်မင်းက ကျွန်တော့်ဆီ ဆက်သွယ်လာခြင်း မရှိပါဘူး။ ဒီကိစ္စကိုလည်း ဦးလှဆွေနဲ့ တရားခွင်နားမှာ ပြောတာပါ။

" ဦးလှဆွေကို ဆက်သွယ်ပြီးတော့ ဒီရေးသားချက်တွေဟာ ကျွန်တော်မပြောတာတွေပါနေတယ်။ ဥက္ကဋ္ဌကြီးကလည်း သူ့ပုံရိပ်ကို ထိခိုက်တယ်လို့ ပြောနေတယ်။ ကျွန်တော်တို့လည်း ထိခိုက်တာပေါ့။ ဒါကြောင့် ပြန်ရှင်းပေးဖို့ ကျွန်တော်ပြောခဲ့တယ်။ နောက်ပြီး ပြန်ကြားရေးကိုလည်း ပြန်ရှင်းပေးဦးဆိုတော့ အေးဆိုပြီး ဦးလှဆွေက ပြောသွားတယ်။ ကျွန်တော်သူ့ကို ရှင်းခိုင်းထားပါတယ်။ မရှင်းလို့မရပါဘူး။ ကျွန်တော်လည်း ဝန်ထမ်းတစ်ယောက်ဖြစ်ပါတယ်" ဟု ပြောပြသည်။

ထို့ပြင် ဦးညွှန့်တင်က "ငွေရေးကြေးရေးကိစ္စတွေကလည်း ကျွန်တော်မပြောပါဘူး။ ဒါနဲ့ပတ်သက်ပြီး ရှင်းပေးဖို့လည်း ပြောထားပါတယ်"ဟု ပြောသည်။

Bullet News Journal တွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားရေးမှူး ဦးညွှန့်တင်ဟု သတင်းရေးသားဖော်ပြမှုသည် မှားယွင်းနေပြီး အမှန်တကယ်တွင် ဦးညွှန့်တင်မှာ ကျွမ်းကျင်သူအဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။

ဂျာနယ်တွင်ပါရှိသော ခုံရုံး၏ ဆုံးဖြတ်ချက်များ ပြန်တမ်းတစ်စောင်တွင်မှ ထည့်သွင်းမပေးခဲ့ကြောင်း ရေးသားထားမှုနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က "ကျွန်တော်တို့အနေနဲ့ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပြီးမှာ ဖြစ်ပေါ်လာတဲ့ ကန့်ကွက်လွှာ၊ အယူခံမှုများနဲ့ စပ်လျဉ်းတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ဆုံးဖြတ်ချက်တွေကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ထုတ် နိုင်ငံတော်ပြန်တမ်းအတွဲ ၆၉ အမှတ် ၃၅ ကစပြီး ဖော်ပြပေးခဲ့ပါတယ်။ အဲဒီမှာ ကြေညာချက်အမှတ် ၁၄/ ၂၀၁၆ ကို ဖော်ပြခဲ့ပါတယ်။

" နောက် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ထုတ် အမှတ် ၄၁ မှာ ကြေညာချက်အမှတ် ၁၅/ ၂၀၁၆ နဲ့ ၁၆/ ၂၀၁၆၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ထုတ် အမှတ် ၄၄ မှာ ကြေညာချက်အမှတ် ၁၇/ ၂၀၁၆ ကို ဖော်ပြခဲ့ပါတယ်။ ပြီးတော့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့ထုတ် အမှတ် ၄၆ မှာ ကြေညာ ချက်အမှတ် ၁၈/ ၂၀၁၆၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့ထုတ် အမှတ် ၅၂ မှာ ကြေညာချက်အမှတ် ၂၉ / ၂၀၁၆ နဲ့ ၃၀/ ၂၀၁၆ တို့ကို ဖော်ပြပေးခဲ့ပြီးဖြစ်ပါတယ်"ဟု ဖြေကြားသည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေသာရှိပြီး ဘူးလက်ဂျာနယ်တွင် ဖော်ပြ ထားသည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲကော်မရှင်ဥပဒေဆိုသည်မှာ မရှိကြောင်းလည်း ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

နိုင်ငံတော်ပြန်တမ်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း၊ ပြန်တမ်းတစ်စောင်တွင် ပုံမှန်အားဖြင့် စာမျက်နှာ ၅၆ မျက်နှာပါရှိပြီး တစ်စောင် ရောင်းဈေးမှာ ငွေကျပ် ၃၅၀ ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများအနေဖြင့် အမှာစာပေးပို့ပြီး တစ်နှစ်စာ ကြိုတင်ငွေပေးသွင်း၍ ဝယ်ယူနိုင်ကြောင်း၊ တစ်စောင်ချင်း ဝယ်ယူဖတ်ရှုမည်ဆိုပါကလည်း နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**Bullet News Journal ၌ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ လုပ်ဆောင်နေမှုဖြစ်ရပ်မှန်ကို ပြန်လည်ဖော်ပြပေးနိုင်ရေးဆောင်ရွက်ပေးရန် အကြောင်းကြားစာပေးပို့ခဲ့ရာ ဂျာနယ်ဘက်မှ ယခုအပတ်တွင် တောင်းပန်ချက်ပြန်လည်ဖော်ပြလာခဲ့ခြင်းဖြစ်။**

# ရဲဝံ့စွန့်စား စစ်သူကြီးအလား မားမားရင်ဆိုင် အောင်နိုင်ကြစေ

## အန်ကယ်ပညာ

**မင်္ဂလာပါ သားတို့သမီးတို့ရေ. . . . . .**

သားတို့သမီးတို့စောင့်စားခဲ့ကြတဲ့ ၂၀၁၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကြီးကိုဖြေဆိုဖို့ ရက်အားဖြင့်ဆယ်ဂဏန်းမျှပဲ လိုတော့တယ်နော်။ စာမေးပွဲကြီးဆိုလို့ စကားလုံးကို ကြည့်ပြီး တုန်လှုပ်သွားစေဖို့ ရည်ရွယ်တာ မဟုတ်ပါဘူး။ သားတို့သမီးတို့ ဂုဏ်ယူစွာဖြတ်သန်းကြရမယ့် မှတ်တိုင် တစ်ခုဖြစ်လို့ လေးနက်မှုရှိစေလိုတဲ့ သဘောရိုးနဲ့သုံးလိုက် တာပါ။ အခုအချိန်မှာ အဲဒီမှတ်တိုင်ကို ဖြတ်သန်းဖို့ အတွက် ဝမ်းစာအပြည့်၊ ယုံကြည်မှုရှိရှိနဲ့ ချဉ်းကပ်နေ ကြတယ်ဆိုတာကို အပြည့်အဝ ယုံကြည်ထားပါတယ်။

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာပြီးတဲ့ အချိန်မှာ "ဆုတောင်းရခြင်း ကင်းကြပါစေ"ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးလေးတစ်ပုဒ်ရေးပြီး သတင်းစာတိုက်ကို ပေးပို့ခဲ့ပါတယ်။ အဲဒီဆောင်းပါးလေးကို ၁၉-၁၂-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာမှာ ဖော်ပြပေးခဲ့ပါတယ်။ အဲဒီတုန်းကတော့ စာမေးပွဲဖြေဖို့ အချိန်သုံးလလောက် လိုသေးတာဆိုတော့ ပြင်ဆင်ချိန်ကာလမှာ ကျန်းမာရေး ဂရုစိုက်ရမှာတွေ၊ တစ်နေ့တာအတွက် လုံလောက်တဲ့ စာလုပ်ချိန် သတ်မှတ်ထားရှိဖို့တွေ၊ တွက်စာ၊ ကျက်စာ တွေ အားလုံးကို ချရေးတဲ့အကျင့်နဲ့ အချိန်ကိုက်ဖြေဆို တတ်အောင်လေ့ကျင့်ဖို့တွေကို အလေးပေးရေးသားခဲ့ ပါတယ်။

အခုလို စာမေးပွဲဖြေဆိုဖို့ ရက်ပိုင်းပဲလိုတော့တဲ့ အချိန်မှာတော့ အသေးအဖွဲ့လို့ထင်ရပေမယ့် ဂရုပြုသင့် တဲ့အချက်လေးတွေကို ပြောပြသွားမှာပါ။ ဒီအချက်တွေကို မိဘ၊ အုပ်ထိန်းသူတွေကလည်း ဂရုစိုက်ပေးကြမှာ ဖြစ်ပေမယ့် ပညာရှိသတိဖြစ်ခဲ ဆိုတာမျိုးမဖြစ်ရလေ အောင် ထပ်လောင်းသတိပေးလိုတဲ့ သဘောနဲ့ပါ။

ပထမအချက်အနေနဲ့ စာမေးပွဲဖြေဆိုရာမှာ အသုံးပြုမယ့် ဘောပင်၊ ခဲတံ၊ ခဲဖျက်နဲ့ ပေတံတို့ကို ရွေးချယ်စစ်ဆေးပြီး သတ်သတ်မှတ်မှတ်စုထားဖို့လိုပါ တယ်။ ဘောပင်ရွေးချယ်ရာမှာ ကိုယ်သုံးဖူးတဲ့တံဆိပ်၊ ကိုယ့်လက်နဲ့ အထာကျတဲ့ ရေးလို့အားရတဲ့အမျိုးအစား၊ လက်ရေးကို ရှင်းရှင်းလင်းလင်းဖြစ်စေတဲ့ မင်လုံး၊ ရေးသားရာမှာ ထစ်ငေါ့မှုမရှိဘဲ မင်လိုက်ကောင်းတဲ့ ဘောပင်တွေကို ကိုယ်တိုင်စစ်ဆေးပြီး ဘာသာရပ်အားလုံး အတွက် လုံလောက်မှုရှိအောင် စီစဉ်ထားသင့်ပါတယ်။

အသုံးပြုမယ့်ခဲတံကိုလည်း အတွင်းခဲသား ကျိုးနေတာမျိုး၊ ချွန်ထက်လွန်းနေတာမျိုး၊ တုံးနေတာ မျိုးဖြစ်အောင် စစ်ဆေးပြီးဆွဲတဲ့ အနေတော်ဖြစ်အောင် ချွန်ထားသင့်ပါတယ်။ ခဲဖျက်ကိုတော့ အသုံးပြုတဲ့ ခဲတံခဲသားရာကို သန့်ရှင်းအောင်ဖျက်နိုင်တဲ့ ခဲဖျက်မျိုး ဖြစ်သင့်ပါတယ်။ မျဉ်းသားဖို့ ပုံဆွဲဖို့သုံးမယ့်ပေတံရဲ့ အနားစောင်းတွေ ညီညာနေဖို့နဲ့ လိုအပ်တဲ့အရှည်ရှိတဲ့ ပေတံဖြစ်ဖို့လိုပါတယ်။ အခုပြောခဲ့တဲ့ပစ္စည်းတွေဟာ စာမေးပွဲဖြေရာမှာ အသုံးပြုမယ့် လက်ရွေးစင်လက်နက် တွေဖြစ်လို့ ထည့်စရာတစ်ခုနဲ့ သီးသန့်ထားစေချင်ပါတယ်။ စာတွေကျက်မှတ် တွက်ချက်စဉ်က သုံးခဲ့တဲ့ပစ္စည်းတွေနဲ့ ရောနှောမထားစေချင်တဲ့ သဘောပါ။

ဒုတိယအချက်ကတော့ ဖြေဆိုရမယ့်ဘာသာရပ် မတိုင်မီ တစ်ရက်ကို ဖြေဆိုမယ့်ဘာသာရပ်အတွက်ပဲ သီးသန့်အချိန်ပေးဖို့ပါ။ ဒီလိုပဲ လုပ်ကြတာပါပဲလို့ ပြောစရာရှိပါတယ်။ ဒါပေမယ့်လည်း မနက်ဖြန်ဖြေမယ့် ဘာသာကလွယ်ပါတယ်၊ ဒီနေ့တော့ နောက်နေ့တွေ ဖြေမယ့်ဘာသာကို ကျက်လိုက်၊ တွက်လိုက်ဦးမယ် ဆိုတဲ့သူတွေရှိနေတတ်လို့ ပြောရတာပါ။ ဘာသာရပ် အားလုံးကို ပညာသင်နှစ် တစ်နှစ်လုံး လေ့လာသင်ယူ ကျက်မှတ်ခဲ့ကြပြီးဖြစ်ပါတယ်။ စာမေးပွဲကာလအတွင်းမှာ တော့ မဖြေခင်ရက်တိုင်းကို ဖြေဆိုရမယ့်ဘာသာရပ် တစ်ခုချင်းစီနဲ့ပဲ သက်ဆိုင်တယ်လို့သဘောထားနိုင်ရပါ မယ်။ ဒါဟာလည်း ချက်ပြုတ်ထားတဲ့ဟင်းလျာတွေကို လောလောလတ်လတ် ပူပူနွေးနွေး စားသောက်နိုင်အောင် တစ်မယ်ချင်း ပြန်နွှေးပေးတဲ့ သဘောနဲ့တူပါတယ်။ နွှေးအောင်နွှေးပြီး လွေးရတဲ့အရသာက တကယ်ထူးခြား နေတယ်ဆိုတာကို ကိုယ်တိုင်ကြုံတွေ့ကြရမှာပါ။

တတိယအချက်ကို ပြောရရင်တော့ စာမေးပွဲပထမရက် ဖြစ်တဲ့ ၈-၃-၂၀၁၇ရက်နေ့မှာ ဖြေဆိုရမယ့်နေရာကို စောစောရောက်အောင်သွားဖို့ပါ။ စာမေးပွဲခန်းထဲကို သတ် မှတ်ထားတဲ့အချိန်မှသာ ဝင်ရမှာဖြစ်ပေမယ့် စောစော ရောက်ခြင်းဖြင့် ကိုယ်ဘယ်အခန်း၊ ဘယ်ခုံတန်းမှာ ဖြေရမယ်ဆိုတာ ကြိုတင်လေ့လာနိုင်သလို နောက်ကျခြင်း ဆိုတဲ့ သောကကင်းပြီး ဖြေဆိုရမယ့်စာမေးပွဲအတွက် ဣန္ဒြေရစေပါတယ်။ စာမေးပွဲခန်းထဲကို ဝင်ခွင့်ရပြီဆိုတာနဲ့ ကိုယ်ဖြေဆိုရမယ့်နေရာကိုရှာ၊ ထိုင်ခုံနဲ့စားပွဲကို နဲ့နေလား၊ ခိုင်ခံ့ရဲ့လား စစ်ဆေးပြီး ဖြေဆိုဖို့သင့်လျော်တဲ့ အနေအထား မရှိရင် စာမေးပွဲခန်း ကြီးကြပ်ဆရာ ဆရာမကို သတင်းပို့ပြီး လဲလှယ်ဖို့ ဆောင်ရွက်ရပါမယ်။ ကြိုတင်ပြင်ဆင်ထားတာ ဆိုပေမယ့် တစ်ခါတစ်ရံမှာ ချို့ယွင်းချက်လေးတွေ ရှိတတ်လို့ ပြောပြပေးတာပါ။

နောက်ထပ်ပြောလိုတဲ့အချက်ကတော့ အိမ်ကနေ စာမေးပွဲဖြေဖို့သွားတဲ့အချိန်မှာ စာမေးပွဲအတွက် ရွေးချယ် စစ်ဆေးပြီး သီးသန့်ထားတဲ့ ဘောပင်၊ ခဲတံ၊ ခဲဖျက်၊ ပေတံတွေကို ပါအောင်ယူသွားဖို့ပါ။ အဲဒီအချိန်မှာ ဖြစ်တတ်တာက ကျောင်းကိုရောက်ချိန်နဲ့ စာမေးပွဲခန်း ထဲမဝင်ရခင်အချိန်ကြားမှာ ဖုတ်ပူမီးတိုက် စာကျက်နေကြ တဲ့မြင်ကွင်းတွေ၊ ကျောင်းသား ကျောင်းသူအချင်းချင်း ဟိုဟာကျက်ပြီးပြီလား၊ ဒီဟာရပြီလားဆိုတဲ့ အသံတွေက စိတ်ကိုဇဝေဇဝါဖြစ်စေတတ်ပါတယ်။ ဒါတွေကို ခေါင်းထဲ မထည့်မိဖို့လိုပါတယ်။ ဒီဘာသာရပ်အတွက် အားလုံးပြင် ဆင်ထားပြီးပြီဆိုတဲ့ယုံကြည်ချက်နဲ့ စာမေးပွဲချိန်ကို တည် တည်ငြိမ်ငြိမ်နဲ့စောင့်ဆိုင်းနေဖို့လိုပါတယ်။ စာရွက်တွေကို ဟိုလှန် ဒီလှန်လုပ်ရင်းက ခေါင်းထဲမှာ၊ ဦးနှောက်ထဲမှာ မှတ်ဉာဏ်ထဲမှာ အကနဲ့လိုက်၊ အထပ်လိုက်စီထားတဲ့ အချက်အလက်တွေကို အသုံးမပြုရသေးခင် ရှုပ်ပွမသွားစေ ချင်လို့ပါ။

နောက်တစ်ချက်မပြောခင် အတွေ့အကြုံလေးတစ်ခု ပြောပြလိုပါသေးတယ်။ ၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဖြေရမယ့်ပထမနေ့၊ စာမေးပွဲမဖြေမီ နံနက်ရှစ်နာရီခွဲ အချိန်ခန့်ပေါ့။ "သမီး. . ဖြေဖို့အဆင် သင့်ပဲလား"၊ "ဟုတ်. . စိတ်လှုပ်ရှားနေတယ် ဖေဖေ"၊ "ဒါမျိုးက သမီးတစ်ယောက်တည်းမဟုတ်ပါဘူး၊ သမီး သူငယ်ချင်းတွေ၊ သမီးဘေးက လူတွေ၊ အကုန်ပြောရရင် တစ်နိုင်ငံလုံးက ဖြေဆိုကြမယ့်သူအားလုံး ဒီလိုချည်းပါပဲ၊ ပထမဆုံးအတွေ့အကြုံဆိုတာ စိတ်လှုပ်ရှားတတ်ကြ ပါတယ်။ နောက်နေ့တွေမှာ အဆင်ပြေသွားပါလိမ့်မယ်" "ဖြေရမှာကိုကြောက်ပြီး ရင်တွေခုန်နေတယ် ဖေဖေ"၊ "ဟုတ်ပြီ ဒါဆိုရင်စာမေးပွဲခန်းထဲရောက်ရင် လုပ်ရမယ့်ဟာ ပြောပြမယ်၊ တစ်ခုတော့မေးဦးမယ်"၊ "ဟုတ်ကဲ့ ပြောပါ ဖေဖေ"၊ "သမီး စာတွေအားလုံး ကျက်ထားပြီးသားမို့လား၊ ကျက်ထားတာတွေလည်း အလွတ်ချရေးနိုင်တယ်မို့ လား"။

"ဟုတ်၊ လုပ်ထားပါတယ် ဖေဖေ"၊ "ဒါဆိုရင်ဘာများ စိတ်ပူစရာ လိုလို့လဲကွယ်၊ စာမေးပွဲဆိုတာ သမီးသိထား ပြီးတဲ့ အကြောင်းအရာတွေထဲက ဘယ်အကြောင်းအရာကို သာဖြေပါဆိုတဲ့ ကန့်သတ်ချက်ကလေး ပိုလာတာပဲရှိ ပါတယ်။ စာရနေတဲ့သူအဖို့ စာမေးပွဲဖြေရတာက ပုံမှန် စာလုပ်ရတာထက်တောင် လွယ်နေဦးမယ်ထင်ပါတယ်"၊ "ဖေဖေပြောမှပဲအားရှိသွားပြီ၊ စာမေးပွဲခန်းထဲရောက်ရင် လုပ်ရမယ့်ဟာပြောပြဦးလေ"၊ "စာမေးပွဲမဖြေခင် ထိုင်ခုံမှာထိုင်ရင်း မျက်စိကိုမှိတ်၊ ဘာကိုမှ မစဉ်းစားဘဲ အသက်ပြင်းပြင်း အကြိမ်နှစ်ဆယ်ရှူ ပြီးမှစာမေးပွဲဖြေတဲ့ အလုပ်ဆက်လုပ်"၊ "ဟုတ် ဖေဖေ"၊ "နေဦး မပြီးသေးဘူး၊ သမီးကဖေဖေ့သမီးဆိုတာ မမေ့နဲ့ဦး"၊ "ဟုတ်ကဲ့ပါ ဖေဖေ"။ အခုပြောခဲ့တဲ့အကြောင်းအရာလေးကတော့ လွန်ခဲ့တဲ့လေးနှစ်က အန်ကယ်နဲ့ အန်ကယ့်သမီး ဖုန်းနဲ့ ပြောဖြစ်ခဲ့တဲ့အကြောင်းလေးပါ။

ဒီအကြောင်းလေးကိုမှတည်ပြီး သားတို့သမီးတို့ကို ပြောပြချင်တာက ဘယ်လောက်ပဲ လေ့ကျင့်ထားတယ် ပြောပြော၊ ပြိုင်ပွဲမဝင်ခင်မှာ စိတ်လှုပ်ရှားတတ်ကြပါတယ်။ ဒီလိုပါပဲ ဘယ်လောက်စာလုပ်ထားသူဖြစ်ဖြစ် စာမေးပွဲ မဖြေခင်အချိန်လေးမှာ စိတ်လှုပ်ရှားတတ်ကြပါတယ်။ ဒါဟာလည်း ကိုယ်တစ်ယောက်တည်းမဟုတ်ဘူးဆိုတာ ရယ်၊ ကိုယ်မသင်ခဲ့ဖူးတဲ့ ပြင်ပအကြောင်းအရာတွေကို မမေးဘူးဆိုတာရယ်ကို ဆင်ခြင်လိုက်ရင် စိတ်လှုပ်ရှားမှု တွေ ပြေလျော့သွားမှာပါ။ ဒီလိုမှမရသေးဘူးဆိုရင်လည်း စာမေးပွဲမဖြေခင်အချိန်လေးမှာ ထိုင်ခုံပေါ်ထိုင်ရင်း စိတ်ကြည်လင်လန်းဆန်းသွားအောင် အသက်ပြင်းပြင်း ရှူထုတ်ရင်းနဲ့ အာရုံစုစည်းတဲ့အလုပ်ကို လုပ်ကြည့်စေချင်ပါ တယ်။ အဲဒီလိုအချိန်မှာ မိဘ၊ အုပ်ထိန်းသူတွေကပါ ရှေ့ပေါက်ပြီး စိတ်လှုပ်ရှားနေကြလို့ သားတို့သမီးတို့ကို အားပေးဖို့မေ့လျော့နေခဲ့ကြရင်တောင် အားမငယ်ကြဖို့၊ စိတ်မပူကြဖို့ သူတို့ကိုယ်စား ကြိုတင်ပြီး အားပေးထား လိုက်ပါတယ်ဗျာ။

နောက်ဆုံးပြောချင်တဲ့အချက်ကတော့ မေးခွန်းတွေကို သေသေချာချာဖတ်ဖို့ပါ။ မေးခွန်းရဲ့လိုလားချက်၊ ဖြေပေး ရမယ့် ပုစ္ဆာအရေအတွက်တွေကို ကွဲကွဲပြားပြားသိဖို့ လိုပါတယ်။ ဒီနေရာမှာလည်း နှစ်ပိုင်းခွဲပြီးသတိပေးလိုပါ တယ်။ ပထမပိုင်းအနေနဲ့ စာရတဲ့သူတွေအတွက်ပါ။ မေးခွန်းဖတ်လိုက်ချိန်မှာ ကိုယ်သိတာ၊ ကိုယ်ရတာတွေ ချည်းဖြစ်နေတယ်။ အလွန်လွယ်တယ်ပေါ့။ အလွန်လွယ် တော့ ဟုတ်မှဟုတ်ပါ့မလားပေါ့။ စာမေးပွဲနဲ့မဆိုင်တဲ့ အတွေးတွေဝင်လာတဲ့ သဘောပါ။ အချို့ကျတော့ လွယ်လိုက်တာဆိုပြီး ဝမ်းသာလုံးဆို့ရင်း အလွန် စိတ်လှုပ်ရှားသွားတာမျိုးပေါ့။ စာရရဲ့သားနဲ့ မဖြေနိုင် ဘူးဆိုတာ ဒီလိုအကြောင်းတွေကြောင့်ပါ။ အထက်မှာ ပြောခဲ့သလိုပဲ၊ စာမေးပွဲဆိုတာ ကိုယ်သိထားတာတွေ ထဲကမေးခွန်းက ကန့်သတ်ပေးတာကိုပဲ ဖြေရတာဆိုတော့ စာကိုတကယ် လုပ်ထားတဲ့သူတွေအတွက် အမှန်ပဲ လွယ်တယ်လို့ ထင်ရမှာပါ။ ဒါကို တည်တည်ငြိမ်ငြိမ်နဲ့ အပြည့်အဝရအောင် ဖြေရမှာပါ။

နောက်တစ်ပိုင်းကတော့ စာမရသူတွေအတွက်ပါ။ မေးခွန်းဖတ်ပြီးစိတ်ပျက်သွားဖို့မလိုပါဘူး။ ကိုယ်ရတာကို ဦးစားပေးဖြေရမယ်။ ကိုယ်မရတာကိုလည်း စဉ်းစားပြီး ဖြေမယ်လုပ်ရမှာပါ။ အဆင့်လိုက် အမှတ်ပေးစည်းမျဉ်း တွေအရ ရနိုင်သလောက်ရအောင် ကြိုးစားဖြေရမှာပါ။ ဒီလိုဖြေရင်းနဲ့ကိုယ်ကျက်မှတ်ထားတာလေးတွေ အစဖော် မိရင်း ဖြေနိုင်သွားတတ်တာလည်းရှိပါတယ်။ မေးခွန်း ဖတ်ပြီးတဲ့အချိန်မှာ ကိုယ်ဖြေဆိုမယ့်အပုဒ်တွေကို ရွေး ချယ်ရပါမယ်။ ရွေးချယ်ထားတဲ့အထဲက တစ်ပုဒ်ချင်းကို စဉ်းစားဖြေဆိုရုံပါပဲ၊ ဦးနှောက်ထဲမှာ စီထပ်ထားတဲ့ အချက်အလက်၊ အကြောင်းအရာတွေ အစီအစဉ်တကျ ထွက်လာကြမှာပါ။ တစ်ပုဒ်ကိုဖြေဆိုနေရင်းနဲ့ လောကြီး ပြီး အခြားပုစ္ဆာတွေကို မစဉ်းစားမိပါစေနဲ့။ တစ်ပုဒ်ချင်း၊ တစ်ပုဒ်ချင်းကိုသာ ခေါင်းအေးအေးနဲ့ ဖြတ်ကျော်သွား စေလိုပါတယ်။ ပုစ္ဆာအားလုံးဖြေပြီးပြီဆိုရင်လည်း မေးခွန်းကနံပါတ်၊ ကိုယ်တတ်ထားတဲ့ နံပါတ်၊ ဖြေရမယ့် ပုစ္ဆာအရေအတွက်၊ ကိုယ်ဖြေထားတဲ့အရေအတွက်တွေကို အသေးစိတ်ပြန်စစ်ဆေးစေလိုပါတယ်။ ဒါလေးကျန်သွား တယ်၊ ဟိုဟာလေးလိုသွားတယ်ဆိုတဲ့ စာမေးပွဲခန်းက နောင်တများကို မရကြစေချင်လို့ပါ။ အခုပြောခဲ့တဲ့ အချက်တွေအပြင် အရေးကြီးဆုံးအချက်ကတော့ ကျန်းမာရေးပါပဲ။ ကျန်းမာရေးက ဂရုမစိုက်ဘူးဆိုရင် အချိန်မရွေး ပျက်စီးချို့ယွင်းသွားနိုင်ပါတယ်။ အစား တစ်လုတ်ကြောင့် ချို့ယွင်းနိုင်သလို ခြေတစ်လှမ်းကြောင့် လည်း ပျက်စီးစေနိုင်ပါတယ်။ ဒါကြောင့် ကျန်းမာရေး ကိုအထူးဂရုစိုက်ကြရမှာပါ။ အထက်မှာပြောခဲ့တဲ့ အချက် တွေက ကျန်းကျန်းမာမာနဲ့ စာမေးပွဲဖြေဆိုကြမယ့်သူတွေ အတွက်ပဲဖြစ်မှာပါ။ ဘာကြောင့်လဲလို့ဆိုရင် ကျန်းမာရေးကြောင့် စာမေးပွဲမဖြေနိုင်မယ့်သူတွေ အတွက် ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါလို့ ပြောနေစရာ မလိုတော့လို့ပါ။

**သားတို့သမီးတို့ရေ. . . .**

စာမေးပွဲအတွက် သတိပေးချင်တာတွေများလို့ ပြောရင်းပြောရင်းနဲ့ စာတောင် အတော်ရှည်သွားပြီ။ အခု အချိန်မှာတော့ သားတို့သမီးတို့ တစ်ဦးချင်းစီကို ရဲဝံ့ပြီး တိုက်စွမ်းရည်ပြည့်ဝတဲ့ စစ်သူကြီးတွေလို့ပဲမြင်မိပါတယ်။ စစ်သူကြီးတွေဟာ နောက်လိုက်ငယ်သားအပေါင်းကို ရှေ့တန်းကနေ မားမားမတ်မတ် ဦးဆောင်ရင်း စစ်မြေပြင်မှာ ရန်သူကိုရဲရဲရင့်ရင့် ရင်ဆိုင်တိုက်ခိုက် အောင်ပန်းဆင်နိုင်ကြပါတယ်။ အဲဒီလိုပဲ သားတို့သမီး တို့လည်း မကြာခင်ဖြေဆိုတော့မယ့် တက္ကသိုလ်ဝင် စာမေးပွဲကြီးမှာ ရဲဝံ့စွန့်စား စစ်သူကြီးအလား မားမား ရင်ဆိုင် အောင်ပန်းဆင်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါ တယ်။

သားတို့သမီးတို့အားလုံး ကျန်းမာချမ်းသာကြပါစေ၊ ပညာတတ်ကြီးတွေဖြစ်ကြပါစေ။ ။

**ဘယ်လောက်စာလုပ်ထားသူဖြစ်ဖြစ် စာမေးပွဲမဖြေခင်အချိန်လေးမှာ စိတ်လှုပ်ရှား တတ်ကြပါတယ်။ ဒါဟာလည်း ကိုယ်တစ်ယောက်တည်း မဟုတ်ဘူးဆိုတာရယ်၊ ကိုယ်မသင်ခဲ့ဖူးတဲ့ ပြင်ပအကြောင်းအရာတွေကို မမေးဘူးဆိုတာရယ်ကို ဆင်ခြင်လိုက်ရင် စိတ်လှုပ်ရှားမှုတွေ ပြေလျော့သွားမှာပါ။**

## ကျေးရွာရေရရှိရေးဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ရွှေကျင် ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် မဘီးလေးကျေးရွာ တွင် ရေရရှိရေးအတွက် တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းလွင်နှင့်အဖွဲ့က ဖေဖော်ဝါရီ ၁၄ ရက်တွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်၊ တင်ဒါအောင်မြင်၍ ဆောင်ရွက်နေသည့် Golden Hours ကုမ္ပဏီမှ တာဝန်ခံများ၊ ကျေးရွာမှ ရေရရှိရေးကော်မတီဝင်များ နှင့်ရပ်မိရပ်ဖများက လိုက်လံရှင်းလင်းပြသကာ လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေးနှင့် ဆောင်ရွက်မည့်လုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



## ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်၍ ကွန်ကရစ်တိုင်များ အစားထိုးလဲလှယ်

**ပြည် ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၏အုပ်ချုပ်မှု နယ်မြေအတွင်းတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တိုင်းဒေသကြီး ဘတ်ဂျက် ရန်ပုံငွေဖြင့် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၂၅ လုံး တိုးချဲ့တပ်ဆင်ခြင်းနှင့် ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် ၁၂ မီတာ ကွန်ကရစ်တိုင် များ အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်မြင့်အေးဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းပြီး ဗို့အားပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

# ပြည်သူ့လွှတ်တော် ဒသမမြောက်နေ့တွင် မေးခွန်း(၁၀)ခုအထိ မေးမြန်းခြင်း၊ ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမမြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ကော်မတီများတွင် အဖွဲ့ဝင်များထပ်မံထည့်သွင်းဖွဲ့စည်းခြင်း၊ ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ကို ရယူ အတည်ပြုခြင်း၊ မေးခွန်း(၁၀)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၂)ခုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ဘိုကလေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း၏ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနအောက်တွင် တာဝန်ထမ်းဆောင်နေကြသော ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲကျွမ်းကျင်များ၏ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စများတွင် မည်ကဲ့သို့သော နည်းဥပဒေ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများ ထားရှိသည်ကို သိလိုကြောင်း**မေးခွန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနမှ သင်တန်းပေးပြီး အောင်မြင်လာသည့် ဓာတ်ခွဲကျွမ်းကျင်များနှင့် University of Med.Tech မှထွက်သည့် B. Med.Tech များအကြားတွင် Conflict ဖြစ်နေပါကြောင်း၊ ဥပမာအားဖြင့် ဓာတ်ခွဲကျွမ်းကျင်(၃) ဝန်ထမ်းစုစုပေါင်း(၁၀၆)ဦးက ဓာတ်ခွဲကျွမ်းကျင်(၂)ရာထူးသို့ တိုးမြှင့်ပေးရန် အသနားခံစာကို အမျိုးသားကျန်းမာရေးကော်မတီထံ ၁၂-၇-၂၀၁၅ ရက်နေ့တွင် တင်ပြခဲ့ဖူးသကဲ့သို့ B. Med.Tech ဘွဲ့ရသူများ စုစုပေါင်း(၁၄၁)ဦးကလည်း ဓာတ်ခွဲကျွမ်းကျင်(၃)များအား ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် တက်ရောက်ခြင်းမရှိဘဲ အရည်အချင်းစစ်စာမေးပွဲဖြေဆိုပြီး တိုက်ရိုက်ရာထူး တိုးပေးရန်အစီအစဉ်ကို B. Med.Tech များကို နစ်နာစေသည့်အတွက် မထောက်ခံပါကြောင်း၊ ယင်း Conflict များကို လျှော့ချရေးအတွက် လုပ်သက်များကို လျှော့ချပေးရန် အစီအစဉ်ရှိပါကြောင်း၊ လုပ်သက်များကို လျှော့ချပေးသည်ဆိုရာတွင်လည်း အရည်အချင်းစစ်စာမေးပွဲဖြင့် ထိန်းကျောင်းထားပါကြောင်း၊ လုံးဝအရည်အချင်းပြည့်မီသောသူများကိုသာ ရာထူးတိုးပေးမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အကျိုးရှိသော မေးခွန်းမျိုးကို ပြည်သူ့လွှတ်တော်တွင် မေးမြန်းသည့်အတွက် မိမိအနေဖြင့် အရေးတယူဆောင်ရွက်ရမည်ကိုသိရှိရပြီး ကိုယ်စားလှယ်တော်ကြီးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မကြာမီကာလအတွင်း ၎င်းတို့၏ ရာထူးတက်လမ်းများအတွက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



ဘိုကလေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း

သာမက စိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါ မြှင့်တင်ပေးရာရောက်မည့် ကိစ္စများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး၏ **သမိုင်းချောင်း၊ ပိတောက်ချောင်း၊ ကမာရွတ်ချောင်းများအား စဉ်ဆက်မပြတ် ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က သမိုင်းချောင်းသည် မရမ်းကုန်းမြို့နယ် ကုန်းမြင့်သာမှ စတင်စီးဆင်း၍ လှိုင်မြို့နယ်နှင့် ထိစပ်မှုအရ မင်းဓမ္မလမ်းမှ အင်းစိန်လမ်း၊ ဗဟိုလမ်းနှင့် ဘုရင့်နောင်လမ်းတို့ကိုဖြတ်၍ လှိုင်မြစ်အထိစီးဆင်းကာ အမှတ် (၁၂)၊ (၁၆) နှင့် (၁၅)ရပ်ကွက်တို့ကို ဖြတ်သန်းလာပြီး ခန့်မှန်းတိုင်းတာမှုအရ ချောင်းအရှည်မှာ ပေ(၁၃၈၀၀)ခန့် ဖြစ်ပါကြောင်း၊ ပိတောက်ချောင်းမှာ အမှတ်(၁၃) ရပ်ကွက်၊ ပန်းခြံကျောင်းလမ်း လှိုင်ယာဉ်ရောင်းစခန်းဝင်းမှ လှိုင်မြစ်အထိ အမှတ်(၁၃)၊ (၅)၊ (၄) ရပ်ကွက်တို့ကိုဖြတ်၍ လှိုင်မြစ်အထိ စီးဆင်းကာ ခန့်မှန်းတိုင်းတာမှုအရ ပေ(၅၇၀၀)ဖြစ်ပါကြောင်း၊ ကမာရွတ်ချောင်းမှာ ပြည်လမ်းတံတားဖြူမှ လှိုင်မြစ်အထိ အမှတ် (၁၀)၊ (၉)၊ (၁) နှင့်(၂) ရပ်ကွက်တို့ကိုဖြတ်၍ လှိုင်မြစ်အထိစီးဆင်းကာ ခန့်မှန်းတိုင်းတာမှုအရ ချောင်းအရှည် ပေ(၈၅၀၀)ခန့် ဖြစ်ပါကြောင်းနှင့် ယင်းချောင်းများအားလုံး၏ ရေစီးရေလာကောင်းမွန်ရေးအတွက် နှစ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ချောင်းဧရိယာ ပြန်လည်တိုင်းတာသတ်မှတ်ခြင်း၊ အမှတ်အသားစိုက်ထူခြင်းနှင့်စပ်လျဉ်း၍ ဖြေကြားရမည်ဆိုပါက အဆိုပါချောင်းများသည် ရေကြောင်းသွားလာရေးအတွက် အသုံးပြုနိုင်သည့် ချောင်းများမဟုတ်ဘဲ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ရေဆိုးထုတ်မြောင်းအဖြစ်သာ အသုံးပြုနေသည့် ချောင်းများဖြစ်သည့်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ချောင်းမြေဧရိယာ သတ်မှတ်ခြင်း၊ အမှတ်အသားစိုက်ထူခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ချောင်းများကို ချောင်းမြေကျူးကျော်မှု ထပ်မံမဖြစ်ပေါ်စေရေး၊ စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်ခြင်း၊ ချောင်းပြန်လည်တူးဖော်ခြင်း၊ စဉ်ဆက်မပြတ်ထိန်းသိမ်းခြင်းတို့ကိုလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက နှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်းကို မြို့တော်ဝန်က ဖြေကြားလာပါကြောင်း၊ ၂၀၁၇ ခုနှစ် ပွင့်လင်းရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် တူးဖော်ရှင်းလင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ယနေ့ အစည်းအဝေးတွင် ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ) ဦးရွှေလှဝင်း၊ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းနှင့် မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော်တို့၏ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဦးသန့်စင်မောင်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို မတူပီမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က သဘောတူသဖြင့် လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်ကသဘောတူသဖြင့် လွှတ်တော်ဥက္ကဋ္ဌက ယင်းကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# သီးနှံဈေးကွက်ခိုင်မာရေး၊ လမ်းတံတားများ အဆင့်တိုးမြှင့်ရေး၊ ဘဏ်ရုံးသစ်နှင့် မြို့တော်ခန်းမတည်ဆောက်ရေးဆိုင်ရာ မေးခွန်းများဖြေကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ သီးနှံဈေးကွက်ခိုင်မာရေး၊ လမ်းတံတားများ အဆင့်တိုးမြှင့်ရေး၊ ဘဏ်ရုံးသစ်နှင့် မြို့တော်ခန်းမ တည်ဆောက်ရေးဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်း **ဖြေကြားခြင်း**၊ စာရင်းအင်း ဥပဒေကြမ်းအား လွှတ်တော်သို့ **တင်သွင်းခြင်း**၊ အစီရင်ခံစာ **ဖတ်ကြားခြင်း**တို့ ဆောင်ရွက်ကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၏ **သရက်ခရိုင် မင်းတုန်းမြို့နယ် ကံပိုင်ကျေးရွာအုပ်စု ရှူးချောင်းတံတားအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကံပိုင်ကျေးရွာအုပ်စု ရှူးချောင်းတံတားအား ပေ ၂၅၀ အကျယ် သံပေါင်တင် ပျဉ်ခင်းတံတား ဆောက်လုပ်ရန် ရန်ပုံငွေကျပ် သန်း ၃၅၀ ကုန်ကျမည်ဟု ဝန်ကြီးဌာနမှ ခန့်မှန်းထားပါကြောင်း၊ အဆိုပါ တံတားဆောက်လုပ်ရန်အတွက်



ဒုတိယဝန်ကြီး ဦးလှကျော်

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားနိုင်ခြင်း မရှိသေးပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးအေးချို၏ **ပြည်ခရိုင် ရွှေတောင်မြို့နယ် မယားမံရွာမှ ညောင်စာရေးရွာအထိ ဆက်သွယ်ထားသည့်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရွှေတောင်မြို့နယ်အတွင်းရှိ ရွှေနတ်တောင်-ညောင်စာရေးလမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိပါကြောင်း၊ နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားဆောင်ရွက်မှုအပေါ် မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **မင်းတပ်ခရိုင် မင်းတပ်မြို့ စည်ပင်ဈေးမှ မီးဘေးသင့်ဆိုင်ခန်းပေါင်း ၄၁ ခန်းကို နိုင်ငံတော်ဘတ်ဂျက်မှ ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မီးဘေးသင့်ခဲ့သော မင်းတပ်မြို့ စည်ပင်ဈေးအား ပြန်လည်တည်ဆောက်နိုင်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ငွေကျပ်သန်း ၃၁၅ ဒသမ ၈၀၀ အား ထောက်ပံ့ပေးနိုင်ရန် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့အစည်း အဝေးအမှတ်စဉ် (၁၇/၂၀၁၆)တွင် သဘောတူ အတည်ပြုခဲ့ပါကြောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပုဒ်မ ၄၊ သီးသန့်ရန်ပုံငွေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂) တွင် **ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ခံချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုသော အသုံးစရိတ်ဖြစ်ခြင်း**ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ယခုကိစ္စရပ်သည် သဘာဝဘေးအန္တရာယ်အတွက် အသုံးစရိတ်ဖြစ်ရာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည့်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သီးသန့်ရန်ပုံငွေမှ သုံးစွဲရမည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုးသီဟ(ခ)မောင်တူး၏ **ပေါင်မြို့နယ်တွင် အဆင့်မီ မြို့တော်ခန်းမ အဆောက်အအုံတစ်ခုအား မည်သည့်ဘတ်ဂျက်နှစ်တွင် ထည့်သွင်းဆောက်လုပ်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပေါင်မြို့နယ်တွင် မြို့နယ်ခန်းမ တည်ဆောက်ရန်မြေနေရာ မရှိသေးပါကြောင်း၊ ခန်းမဆောက်လုပ်ရန် မြေနေရာ ဦးစွာရှာဖွေရန်လိုအပ်ပြီး မြေနေရာရရှိသည်နှင့် လိုက်လျောညီထွေမှုရှိမည့် အဆင့်မီမြို့နယ်ခန်းမ အဆောက်အအုံတစ်ခုကို ကုန်ကျစရိတ်တွက်ချက်၍ အနီးဆုံးဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲ လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားသည်။

ထို့ပြင် ကယားပြည်နယ် မဲဆန္ဒနယ်



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေး

အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် **စာရင်းအင်းဥပဒေကြမ်း**အား လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက တင်သွင်းပြီး ဥပဒေကြမ်းကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ၌ ဥပဒေကြမ်းပါ အခန်း(၁၃) အပိုဒ် ၄၅ တွင် အပိုဒ် ၄၆ အဖြစ် ပြောင်းလဲသတ်မှတ်၍ **မည်သူမဆို ပုဒ်မ ၄၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဖြစ်ပါက ကျပ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက ကျပ်သိန်းတစ်ရာထက် မပိုသော ငွေဒဏ်ကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက နိုင်ငံ့ဝန်ထမ်းဥပဒေအရ ပြစ်ဒဏ်များအပြင် ကျူးလွန်သည့်ပြစ်မှုနှင့်အညီ ဥပဒေအရ ပြစ်ဒဏ်များကိုလည်းကောင်း ချမှတ်ရမည်**ဟု ပိုမိုပြည့်စုံမှုရှိရန် ဖြည့်စွက်သင့်ပါကြောင်း ဖော်ပြပါရှိသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၁ ရက်တွင်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**





အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် သံတမန်အသိုင်းအဝိုင်းနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ တွေ့ဆုံပွဲ ပြုလုပ်စဉ်။ (သတင်းစဉ်)

**✪ အမျိုးသားလုံခြုံရေးဆိုင်ရာမှ**

"အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးမရှိရင် သာယာဝပြောသော ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ တည်ဆောက်ဖို့ မျှော်မှန်းနိုင်မှာမဟုတ်"ဟု အလေးပေး ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစိုးရသစ် တာဝန်ယူဆောင်ရွက်သည့်အချိန်မှစတင်၍ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အသစ်ပြန်လည်စတင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကိုလည်း အကျဉ်းချုပ် ရှင်းလင်းပြောကြားခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်လျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee-UPDJC) လုပ်ဆောင်ချက်များ၊ ဒေါက်တာတင်မျိုးဝင်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ငြိမ်းချမ်းရေးကော်မရှင်အား အသစ်ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အစိုးရအနေဖြင့် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး ဦးတည်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ပြင်ဆင်ဖွဲ့စည်းမှုတို့ကို အလေးပေး ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် နိုင်ငံတစ်ဝန်းငြိမ်းချမ်းတည်ငြိမ်စေရေးအတွက် အလွန်အရေးကြီးသည်ဟု ထင်မြင်ပါကြောင်း၊ ထို့ကြောင့်လည်း ပြည်ထောင်စုအစိုးရအနေဖြင့် ၂၀၁၆ ခုနှစ်မေလ ၃၀ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်းလည်း ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အခြေအနေများကို မီးလောင်ရာလေပင့်မဖြစ်စေဘဲ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် အရေးကြီးကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးမှုနောက်ကျနေမှုများကို ဖြေရှင်းဆောင်ရွက်သွားမည်ဟု အစိုးရအနေဖြင့် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဦးဆောင်သည့် သီးခြားလွတ်လပ်သည့်ကော်မရှင်၏ ဆောင်ရွက်ချက်များက ရေရှည်ကာလအတွက် ဖြေရှင်းချက်များရှာဖွေရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း အလေးပေးပြောကြားသည်။

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) အကောင်အထည်ဖော်မှုအခြေအနေများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကျင်းပနေမှု၊ လက်နက်ကိုင်ပဋိပက္ခများ၊ လက်မှတ်မထိုးရသေးသည့်အဖွဲ့များနှင့် ဆွေးနွေးမှုအခြေအနေများစသည်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နောက်ဆုံးအခြေအနေနှင့် တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဒေါက်တာတင်မျိုးဝင်းက အစိုးရအနေဖြင့် နှစ်လမ်းသွားလမ်းကြောင်းကို ရွေးချယ်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နည်းမှာ လက်မှတ်ရေးထိုးထားသည့်အဖွဲ့များနှင့် NCA သဘောတူညီချက်များအား ဆက်လက်အကောင်အထည်ဖော်ရန်အတွက် လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး နောက်တစ်နည်းမှာ လက်မှတ်မထိုးရသေးသည့်အဖွဲ့များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ရောက်ရှိပါဝင်လာစေရေးအတွက် ဆွေးနွေးညှိနှိုင်းခြင်ဖြစ်ကြောင်း ပြောကြားသည်။

၎င်းက NCA တွင် အရေးကြီးသော အပိုင်းနှစ်ပိုင်းပါရှိကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Monitoring Committee-JMC) အနေဖြင့် လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆက်လက်ဖော်ဆောင်နိုင်ရန်အတွက် ၎င်းတို့နှင့်တွေ့ဆုံပြီးဖြစ်ကြောင်း၊ တွေ့ဆုံမှု အကျိုးဆက်အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များအကြား သဘောထားကွဲလွဲမှုများလျော့ပါးလာပြီး နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ် ပိုမိုခိုင်မာလာခဲ့ကြောင်း ပြောကြားခဲ့သည်။

အစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံရေးဆွေးနွေးပွဲများသည် ခွဲခြား၍ မရနိုင်ဘဲ တပေါင်းတစည်းတည်းဖြစ်သည်ကို ပြသသည့်အနေဖြင့် (၂၁) ရာစုပင်လုံ ပထမအစည်းအဝေးကို ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ဒေသများအလိုက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု ခိုင်မာစေရန်အတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပလျက်ရှိပြီး ယင်းဆွေးနွေးပွဲများမှ (၂၁) ရာစုပင်လုံအတွက် မတူကွဲပြားသည့် သဘောထားအမြင်များကို ရယူလျက်ရှိပါကြောင်းလည်း ရှင်းလင်းပြောကြားသည်။ ၎င်းအပြင် နိုင်ငံရေးဆွေးနွေးပွဲများသည် အဓိပ္ပာယ်ပြည့်ဝပြီး အကျိုးရလဒ်ကောင်းများ ထွက်ပေါ်လာရေးအတွက် အစိုးရအနေဖြင့် တပ်မတော်နှင့်လည်း နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

မတ်လအတွင်းကျင်းပရန် စီစဉ်ထားသည့် (၂၁)ရာစုပင်လုံညီလာခံ ဒုတိယအစည်းအဝေးတွင် ဖက်ဒရယ်စနစ်ဆိုင်ရာ အခြေခံမူဝါဒနှင့်စပ်လျဉ်းသည့် သဘောတူညီချက်တစ်ရပ် ထွက်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် UPDJC အနေဖြင့် သဘောတူဆုံးဖြတ်ထားပြီးဖြစ်သည်။

ပဋိပက္ခများ လျှော့ချနိုင်ရန်အတွက် ခိုင်မာသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရှိရန် လိုအပ်သည်ဟု အစိုးရအနေဖြင့် ယုံကြည်ထားပါကြောင်း၊ NCA တွင် တိုက်ခိုက်မှုများ လျှော့ချနိုင်စေရန်လိုအပ်သည့် ဖွဲ့စည်းမှုနှင့် လိုက်နာရမည့် စည်းမျဉ်းများပါရှိကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံရေးဆွေးနွေးပွဲများ အရှိန်အဟုန် ကောင်းစွာရနေပြီဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး NCA လုပ်ငန်းစဉ်သို့ ပူးပေါင်းပါဝင်လာပြီဆိုပါက လက်နက်ကိုင်ပဋိပက္ခများလည်း လျော့နည်းသွားမည်ဟု ယုံကြည်ပါကြောင်းပြောကြားကာ ရှင်းလင်းချက်ကို အဆုံးသတ်ခဲ့သည်။

ထို့နောက် နောက်ဆုံး ရှင်းလင်းပြောကြားသူအဖြစ် ဦးသောင်းထွန်းက မိမိအနေဖြင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း မိတ်ဆက်၍ နိုင်ငံတော်လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို စောင့်ကြည့်ရမည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အမျိုးသားလုံခြုံဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက "အကြီးမားဆုံးသော အမျိုးသားရေးရည်မှန်းချက်ကတော့ နိုင်ငံသားအားလုံးအတွက် ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးဖို့ဖြစ်ပါတယ်။ ဒီရည်မှန်းချက် အောင်မြင်မှသာ စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်မယ်ဆိုတာကို အခိုင်အမာယုံကြည်ထားပါတယ်။ ငြိမ်းချမ်းတဲ့၊ သာယာဝပြောတဲ့၊ ဒီမိုကရက်တစ် မြန်မာနိုင်ငံတော်ကြီး တည်ဆောက်ရာမှာ ကျွန်တော်တို့ ပြည်သူအားလုံး ဘေးကင်းလုံခြုံဖို့ဆိုတာ အဓိကကျတဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ရှင်းလင်းတိကျတဲ့ ဒီတာဝန်ကို ထမ်းဆောင်ဖို့ဆိုတာ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဖြစ်တဲ့ ကျွန်တော့်ရဲ့အခန်းကဏ္ဍပဲ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဦးသောင်းထွန်းက အစိုးရ၏ ပိုမိုကျယ်ပြန့်သော ရည်မှန်းချက်များနှင့် ဆယ်လကြာ တာဝန်ယူမှုအပြီး တိုးတက်မှုအခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။ စီးပွားရေး ဆန်းသစ်ပြောင်းလဲရေးနှင့် နိုင်ငံတစ်ဝန်းလုံး မျှဝေခံစားနိုင်မည့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ချမှတ်နိုင်ရေးတို့အတွက် အစိုးရ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းခဲ့သည်။

"ကျွန်တော်တို့ရဲ့ စီးပွားရေးပြန်လည်တည်ဆောက်ဖို့ ရေရှည်ရည်မှန်းချက်တွေ ချမှတ်ထားပါတယ်။ ဒီဆောင်ရွက်ချက်တွေထဲမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးဖို့၊ စာသင်ကျောင်းတွေနဲ့ ဆေးရုံတွေ တည်ဆောက်ပေးဖို့တို့လည်း ပါဝင်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ နိုင်ငံသားတွေအတွက် မျှတတဲ့ လူမှုရပ်ဝန်းတစ်ရပ် ဖန်တီးပေးဖို့၊ တရားဥပဒေစိုးမိုးမှု ခိုင်မာစေဖို့၊ အဂတိလိုက်စားမှု ပပျောက်ဖို့၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ဒီမိုကရက်တစ် အင်စတီကျူးရှင်းတွေ ခိုင်မာစေဖို့ အစိုးရစနစ်ဆန်းသစ်ပြောင်းလဲမှုတွေကိုလည်း စတင်ဆောင်ရွက်နေပါပြီ"ဟု ၎င်းက ပြောကြားသည်။

မကြာသေးမီက ရခိုင်ပြည်နယ်အတွင်း ညှဉ်းပန်းနှိပ်စက်မှုများနှင့်စပ်လျဉ်းသည့် စွပ်စွဲချက်များအား စုံစမ်းစစ်ဆေးပြီး ရခိုင်ဒေသအတွင်း ဖြစ်ပေါ်နေသော စိန်ခေါ်မှုများအတွက် ရေရှည်အဆင်ပြေမည့် အဖြေတစ်ခု ရှာဖွေဖော်ထုတ်သွားရန် အစိုးရက သန္နိဋ္ဌာန်ချမှတ်ထားကြောင်း အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က ပြောကြားသည်။

"အင်အားသုံးနှိမ်နင်းခြင်း၊ အခြေခံလူ့အခွင့်အရေးများ ချိုးဖောက်ခြင်းနဲ့ ရာဇဝတ်မှုလုပ်ရပ်တွေကို ခွင့်ပြုမှာမဟုတ်ပါဘူး။ တိကျသေချာခိုင်မာတဲ့ သက်သေအထောက်အထားတွေရှိရင် ထိုက်သင့်တဲ့အရေးယူမှုတွေ ဆောင်ရွက်ဖို့ အဆင်သင့်ဆိုတာ ပြောထားပြီးဖြစ်ပါတယ်"

"အခုဆိုရင် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ အခြေအနေတွေ တည်ငြိမ်စပြုနေပြီဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးတွေ ရပ်ဆိုင်းသွားပါပြီ။ ညမထွက်ရအမိန့်ကိုလည်း လျှော့ပေ့ါပေးထားပြီး ရဲတပ်ဖွဲ့တွေနဲ့ပဲ တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းနိုင်ဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုတွေ ထောက်ပံ့ပေးနေတဲ့အပြင် ရခိုင်ပြည်နယ်အတွက် စစ်မှန်ပြီး ရေရှည်တည်တံ့တဲ့ ဖြေရှင်းချက်မျိုးကို ရှာဖွေဖော်ထုတ်နိုင်ဖို့အတွက် ဒီကနေ့ ပစ်မှတ်ထားဆောင်ရွက်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ဂျာမနီနိုင်ငံ မြူးနစ်မြို့သို့ သွားရောက်ပြီး ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးနှင့် နိုင်ငံရေးခေါင်းဆောင်များ၏ (၅၃) ကြိမ်မြောက် မြူးနစ်လုံခြုံရေးညီလာခံကို တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြို ကချင်အမျိုးသားများတွေ့ဆုံ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အမျိုးသားအဆင့်ဆွေးနွေးပွဲ အကြိုပြင်ဆင်ရေး၊ ကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်ရေးအတွက် ကချင်အမျိုးသားများ အတိုင်ပင်ခံအဖွဲ့မှ ဦးဆောင်၍ ကချင်အမျိုးသားများ ညီလာခံကို ယနေ့နံနက်ပိုင်းမှစတင်၍ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်း မဂ္ဂယ်ခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပရန် စီစဉ်ဆောင်ရွက်ထားသော်လည်း ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်ဖြင့် ပြည်နယ်ရဲတပ်ဖွဲ့မှ မဂ္ဂယ်ခန်းမရှေ့တွင် ပိတ်ပင်ထားရှိသောကြောင့် ကချင်အမျိုးသားအတိုင်ပင်ခံအဖွဲ့မှ ညီလာခံကျင်းပခွင့်ရရှိရေး ဥပဒေအတိုင်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ညနေ ၃ နာရီတွင် ပရိသတ် ၅၀၀ ခန့်ဖြင့် ဆုတောင်းပွဲပြုလုပ်၍ အခမ်းအနားဖွင့်လှစ်ကာ (၂၁)ရာစုပင်လုံညီလာခံ နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်များ ရှင်းလင်းခြင်းတို့ကို ပြုလုပ်ခဲ့သည်။

အဆိုပါ ကချင်အမျိုးသားများတွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ငြိမ်းချမ်းစွာ စုဝေးဟောပြောနိုင်ရေးအတွက် စီစဉ်လျက်ရှိကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီး H.E. Mr. Hassan Bin Mohamed Rafei Al-Emadi အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များတွင် တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေမှု၊ လူသားချင်း စာနာထောက်ထားမှုနှင့်ပတ်သက်ပြီး တိကျစွာလိုက်နာဆောင်ရွက်နေမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများရှိပါကလည်း ဖြေရှင်းရန် အဆင်သင့်ရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဧည့်သည်တော်သံအမတ်ကြီးက လူ့အခွင့်အရေးအကြောင်းပြ၍ အစိုးရအပေါ် ဖိအားပေးနေမှုများနှင့်ပတ်သက်၍ကြားသိရကြောင်း၊ မြန်မာနိုင်ငံအရေးကိစ္စများ တည်ငြိမ်အေးချမ်းစေရန်မျှော်လင့်ကြောင်း၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များတွင်လည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များအပေါ် နိုင်ငံတကာငြိမ်းချမ်းရေးဖြစ်စဉ်များနှင့်နှိုင်းယှဉ်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# လူထုဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းမီဒီယာဝန်ကြီးဌာနတို့အကြား လူထုဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမကြီး၌ ကျင်းပသည်။

နားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံတွင် ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များကို ထုတ်လွှင့်ခြင်း၊ စာနယ်ဇင်းများက ပြုစုသောအရာများကို ပေးပို့ရာတွင် ကူညီပေးခြင်း၊ သတင်းထောက်လုပ်ငန်းများကို အပြန်အလှန်အကူအညီပေးခြင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်မှု၊ ပုံနှိပ်မီဒီယာ၊ ပြန်ကြားရေးနှင့်သက်ဆိုင်သည့် သိပ္ပံနှင့်နည်းပညာကဏ္ဍများမှ ကျွမ်းကျင်သူများ လဲလှယ်မှုကိုအားပေးခြင်း၊ လူထုမီဒီယာမှ ဝန်ထမ်းများအား လေ့ကျင့်ပေးရာတွင် အကူအညီပေးသည့်အပြင် ဤကဏ္ဍ၏ပညာရေးနှင့် သုတေသနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကိုအားပေးခြင်း စသည့်အချက်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းမီဒီယာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Aleksey K. Volin နှင့် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီး H.E. Mr. Aleksey K. Volin တို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ရုရှားနိုင်ငံ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မီဒီယာအဖွဲ့များနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ရုရှားနိုင်ငံ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဒုတိယဝန်ကြီး H.E. Mr. Aleksey K. Volin နှင့်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းမီဒီယာဝန်ကြီးဌာနတို့အကြား လူထုဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကျင်းပစဉ်။** (သတင်းစဉ်)

# (၁၂)ကြိမ်မြောက် မြန်မာ-လာအိုဗဟိုအဆင့် နယ်စပ်ဒေသအာဏာပိုင်များအစည်းအဝေး ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**
နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာလူဇေးကွမ်မာစစ်တို့ ပူးတွဲဥက္ကဋ္ဌအဖြစ် ကျင်းပသည့် (၁၂)ကြိမ်မြောက် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်ဒေသအာဏာပိုင်များ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင်နှစ်နိုင်ငံအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အထူးသဖြင့် နယ်စပ်နေဒေသခံပြည်သူများ၏ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် နယ်စပ်ဒေသလုံခြုံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံနယ်စပ်အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား ဆီဒိုးနားဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။




အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်ကိုနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားနယ်နိမိတ်ကော်မတီရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာဖန်ဆာဗန်းကီရိုပရာဆွတ်တို့က ဦးဆောင်၍ ဖေဖော်ဝါရီ ၁၅ ရက်က ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ လာအိုကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာလူနှင့် အဖွဲ့သည် (၁၂) ကြိမ်မြောက် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်ဒေသအာဏာပိုင်များ အစည်းအဝေးတက်ရောက်ရန် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိသည်။ **(သတင်းစဉ်)**

# ဆံတော်ရှင်ဆူးလေစေတီတော်စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များ ရွှေသားအစစ်ဖြင့်အသစ်ပူဇော်ရေးလုပ်ငန်းစည်းဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**
ဆံတော်ရှင်ဆူးလေစေတီတော်မြတ်ကြီး၏စိန်ဖူးတော်၊ငှက်မြတ်နားတော်၊ ရွှေထီးတော်များကို ရွှေသားအစစ်ဖြင့်အသစ်ပြုလုပ်ပူဇော်ရေးအတွက်လုပ်ငန်းကော်မတီအစည်းအဝေးကိုယနေ့နံနက် ၉ နာရီက စေတီတော်ကျက်သရေဆောင်ခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌဂေါပကအဖွဲ့ဝင် ရဲသူရဦးသန်းလှိုင်ကအဖွင့်အမှာစကားပြောကြားပြီး ဦးစီးကော်မတီဝင်အတွင်းရေးမှူးဦးစိန်မော်က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို ရွှေသားအစစ်ဖြင့်အသစ်ပြုလုပ်ပူဇော်ရေးကိစ္စ၊ ထီးတော်ပညာရှင်ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်ဦးအောင်မြတ်က ထီးတော်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ အစည်းအဝေးတက်ရောက်သူများက အကြံပြုဆွေးနွေးကြသည်။

ထို့နောက်ဆပ်ကော်မတီများအလိုက် ဆက်လက်ဆောင်ရွက်သွားကြရန်နှင့်ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီက အလှူတော်ငွေများရရှိရေးအတွက် ဆောင်ရွက်သွားရန်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

**ညီညွတ်ခြင်းနှင့် ပေါင်းစည်းတည် ချစ်ကြည်စည်းလုံး ဒို့အားလုံး**

# မျက်မှောက်ပကတိ နိုင်ငံရေးအခြေအနေနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များကို ကရင်အမျိုးသားအစည်းအရုံး (KNU) ကိုယ်စားလှယ်အဖွဲ့နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဗဟိုကော်မတီတို့ ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မျက်မှောက်ပကတိ နိုင်ငံရေးအခြေအနေနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များကို ကရင်အမျိုးသားအစည်းအရုံး (KNU) ကိုယ်စားလှယ်အဖွဲ့နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဗဟိုကော်မတီတို့သည် ယနေ့နံနက်ပိုင်းက KIO ဌာနချုပ် ကချင်ပြည်နယ် လိုင်ဇာတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင်(NCA) စာချုပ်တွင်ပါရှိသည့် ကတိကဝတ်များနှင့်အညီ ငြိမ်းချမ်းစွာအဖြေရှာရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်သင့် ပါဝင်ထိုက်သူ အားလုံးပါဝင်လာနိုင်ရေး နည်းလမ်းရှာဖွေကြရန်အတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းလုပ်ဆောင်ကြရန် ဆွေးနွေးခဲ့ကြသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး၏ ပုဂ္ဂိုလ်ရေးအတွင်းရေးမှူး ပဒိုစောတာမူလာက "ဒီနေ့အဓိက ဆွေးနွေးဖြစ်တာက ငြိမ်းချမ်းရေးကိစ္စတွေမှာ ဆက်လက်ပြီး အတူတကွပူးပေါင်းလုပ်ဆောင်ဖို့အတွက်နဲ့ ကျွန်တော်တို့ နှစ်ဖွဲ့ကြားမှာ ဘုံသဘောတူညီချက်ကို ဘယ်လိုတည်ဆောက်နိုင်မလဲဆိုတဲ့အချက်တွေပါ။ ကျွန်တော်တို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) လက်မှတ် ထိုး၊မထိုး ဆိုတဲ့အပေါ်မှာ သဘောထားကွဲခဲ့တာတွေ ရှိခဲ့လို့ပါ။

ကျွန်တော်တို့ အခုဆွေးနွေးတာက ကျွန်တော်တို့နှစ်ဖွဲ့အကြားမှာ ကွဲပြားခဲ့တာတွေဖြစ်ခဲ့တာတွေကို အဓိကထား ဆွေးနွေးပါတယ်။ KIO လို အဖွဲ့ကြီး တစ်ဖွဲ့ကို ကျွန်တော်တို့က နိုင်ငံရေးဆွေးနွေးပွဲတွေမှာ မကျန်ရစ်ခဲ့စေချင်ဘူး။ ဒါကြောင့် အဆက်အသွယ်မပြတ်တောက်ဘဲ ကျွန်တော်တို့KNU နဲ့ KIAကြားရော ကရင်ပြည်သူနဲ့ ကချင်ပြည်သူတွေကြားမှာပါ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်မှန်တွေကို ဖြန့်ဝေပေးရင် ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုနိုင်မယ်လို့ ကျွန်တော်တို့က ယုံကြည်တယ်"ဟု ဆွေးနွေးပွဲအပြီး ဆက်သွယ်မေးမြန်းရာတွင် ပြောသည်။



ဆွေးနွေးပွဲအပြီးတွင် အချက် ခုနစ်ချက် ပါဝင်သည့် ပူးတွဲထုတ်ပြန်ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ပဒိုစောတာမူလာက "ကျွန်တော်တို့ကတော့ အစိုးရနဲ့ရော၊ တပ်မတော်နဲ့ရော NCA မထိုးသေးတဲ့ အဖွဲ့တွေနဲ့ပါ တွေ့ဆုံပြီး ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်မှာ ဘုံသဘောတူညီချက် ဘာရှိလဲဆိုတာကို ရှာဖွေပြီး ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဖလှယ်သွားမယ်။ ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်ထားပါတယ်။ အဓိက ကျွန်တော်တို့မြင်တာက ကိုယ့်ပြည်နယ်အခြေအနေနဲ့ ကိုယ့်ပြည်သူတွေ အခြေအနေပေါ်မှာ NCA ထိုးခြင်း၊ မထိုးခြင်းကို သက်ဆိုင်ရာအဖွဲ့တွေက ဆုံးဖြတ်ခဲ့ပေမယ့်လည်း သဘောထားမကွဲကြဘဲ ငြိမ်းချမ်းရေးကို သွားခြင်းဟာ ပြည်သူအတွက် အကျိုးမယုတ်ဘူး၊ တိုင်းပြည်အတွက် အကျိုးမယုတ်ဘူးဆိုတာမျိုးနဲ့ အားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးမှုသည်သာလျှင် ကျွန်တော်တို့အတွက် တည်တံ့တဲ့ ငြိမ်းချမ်းရေးကို ယူဆောင်လာမှာဖြစ်တယ်ဆိုတာကိုတော့ ကျွန်တော်တို့က အမြဲအလေးအနက် ပြောနေမှာပါ" ဟု ဆိုသည်။

ထုတ်ပြန်ချက်တွင် NCA စာချုပ်တွင်ပါရှိသည့် ကတိကဝတ်များနှင့်အညီ ငြိမ်းချမ်းစွာ အဖြေရှာရန်၊ လက်နက်ကိုင်ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်စဲပြီး ကတိကဝတ်များနှင့်အညီ အဖြေရှာရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် အကြမ်းဖက်အဖွဲ့အစည်း (Terrorist) မဟုတ်ဘဲ ငြိမ်းချမ်းရေးအတွက် လုပ်ဖော်ကိုင်ဖက်များဖြစ်ပြီး ငြိမ်းချမ်းရေးရရှိသည်အထိ ဆောင်ရွက်သွားရေး တိုက်တွန်းသွားရန် ၊ KNU နှင့် KIO အဖွဲ့အစည်းနှစ်ဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးအဖြေရရှိရန်အတွက် သဘောတူညီပြီး အတူတကွ ကြိုးပမ်းလုပ်ဆောင်သွားကြရန် စသည့် အချက်များပါဝင်သည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) အနေဖြင့် အစိုးရ၊ တပ်မတော်၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့်အဖွဲ့များနှင့်တွေ့ဆုံ၍ ငြိမ်းချမ်းရေးဖြစ်စဉ်၏ ဘုံသဘောတူညီချက်ကို ရှာဖွေ၍ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဖလှယ်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလမ်းစဉ်သို့သွားခြင်းသည် ပြည်သူနှင့် တိုင်းပြည်အတွက် အကျိုးယုတ်ခြင်း မရှိ၍ အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးမှုဖြင့်သာ တည်တံ့သော ငြိမ်းချမ်းရေးကို ယူဆောင်နိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို KNUက အလေးအနက်ထား ဆောင်ရွက်မည်ဖြစ်ကြောင်း ပဒိုစောတာမူလာက ပြောကြားသည်။

ယနေ့ပြုလုပ်သည့်ဆွေးနွေးပွဲသို့ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့်ကိုယ်စားလှယ်များ၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဗဟိုကော်မတီဝင်များနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) ၏ အကြံပေးပုဂ္ဂိုလ်နှစ်ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့် ၊ ဓာတ်ပုံ-ဖိုးကောင်း**

# ရန်ကုန်တိုင်းဒေသကြီးတွင် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပထမကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာမှုကို မဲပေးပိုင်ခွင့်ရှိသူ၏ ၇ ဒသမ ၈၇ ရာခိုင်နှုန်းသာ လာရောက်ကြည့်ရှု

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများကို ပထမကြိမ်အဖြစ် ကပ်ထားကြေညာပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ သတ်မှတ်ကာလအတွင်း မဲစာရင်းလာရောက်ကြည့်ရှုသူ ၇ ဒသမ ၈၇ ရာခိုင်နှုန်းသာ လာရောက်ကြည့်ရှုခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အတွင်းရေးမှူး ဦးတင်ဝင်းက ပြောသည်။



**ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁၃) ရပ်ကွက်တွင် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပထမကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာမှုကို ပြည်သူများ လာရောက်ကြည့်ရှုနေသည်ကိုတွေ့ရစဉ်။**

"ပြည်သူတွေအနေနဲ့ မဲစာရင်းလာရောက်ကြည့်ရှုဖို့ လက်ကမ်းစာစောင်တွေလည်းဝေတယ်။ ဗီနိုင်းတွေနဲ့လည်း ကြေညာကပ်ပေးထားပါတယ်။ သတင်းထုတ်ပြန်မှုတွေလည်း လုပ်ပေးထားပါတယ်။ ဒါပေမယ့် မဲပေးပိုင်ခွင့်ရှိသူရဲ့ ၇ ဒသမ ၈၇ ရာခိုင်နှုန်းပဲ မဲစာရင်းလာရောက်ကြည့်ရှုခဲ့ပါတယ်။ မဲဆန္ဒရှင်ဦးရေနဲ့ လာရောက်ကြည့်ရှုသူဦးရေ ယှဉ်ကြည့်လိုက်ရင်တော့ အင်မတန်နည်းတယ်လို့ ယူဆရပါတယ်။ Door to Door ကောက်ထားတာတွေလည်း ရှိတာကြောင့် ဖြစ်နိုင်ပါတယ်"ဟု အတွင်းရေးမှူး ဦးတင်ဝင်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများကို ဖေဖော်ဝါရီ ၁ ရက်နံနက်ပိုင်းမှ ၁၄ ရက်အထိ သက်ဆိုင်ရာမြို့နယ်များအလိုက် ရပ်ကွက်နှင့် ကျေးရွာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာပေးခဲ့ရာ တိုင်းဒေသကြီးအတွင်း မဲပေးပိုင်ခွင့်ရှိသူ ၉၉၀၀၀၀ ကျော်ရှိသည့်အနက် သတ်မှတ်ကာလအတွင်း လာရောက်ကြည့်ရှုသူ ၇၇၀၀၀ ကျော် (၇ ဒသမ ၈၇ ရာခိုင်နှုန်း) သာ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်များစာရင်းမှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ ကျင်းပစဉ်က မဲဆန္ဒရှင်များစာရင်းကို အခြေခံထားသော်လည်း မရှိတော့သည့် သူများကို မဲစာရင်းမှဖယ်ရှားခြင်း၊ အသစ်ထပ်မံတိုးလာသည့် စာရင်းကို အစားထိုးထည့်သွင်းမှုများ ပြုလုပ်ခြင်း စသည့် စိစစ်မှုမျိုးများ ပြုလုပ်ကာ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"တချို့တွေကလည်း အရင်တုန်းက မဲစာရင်းမှာ နာမည်ပါပြီးသားဆိုတော့ လာမကြည့်တဲ့သူတွေရှိတယ်။ မဲစာရင်းထုတ်ပြန်တဲ့အချိန်မှာ လာကြည့်ရမှာ ပြည်သူတွေရဲ့ အလုပ်ပါ။ ဒါမှလည်း အမည်မပါတာတွေ၊ မှားယွင်းနေတာတွေကို အချိန်မီ ပြင်နိုင်မှာပါ။ ကျွန်တော်တို့ကတော့ မဲစာရင်းကပ်တဲ့နေ့မှာပဲ သွားကြည့်ဖြစ်တယ်။ မဲပေးခွင့်ရှိတဲ့ မိသားစုဝင် လေးဦးစလုံး နာမည်ပါတယ်"ဟု လှိုင်မြို့နယ်မှ ဦးဝင်းဦးက မဲစာရင်းကြည့်ရှုခဲ့မှုနှင့် ပတ်သက်၍ပြောသည်။

တစ်နိုင်ငံလုံးတွင် သက်ဆိုင်ရာ လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာတွင် အမျိုးသားလွှတ်တော် (၃) နေရာ၊ ပြည်သူ့လွှတ်တော်(၉) နေရာ၊ တိုင်းဒေသကြီးလွှတ်တော် (၇) နေရာ တို့အတွက် မဲဆန္ဒနယ်များတွင်ပါဝင်သည့် မြို့နယ် ၂၂ မြို့နယ် ရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊ လှိုင်၊ လမ်းမတော်၊ အလုံ၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ဒဂုံမြို့သစ် အရှေ့ပိုင်း၊ ကော့မှူးစသည့် (၁၁) မြို့နယ်ပါဝင်ကြောင်း သိရသည်။

ပထမကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာပေးခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မဲစာရင်းတွင် အမည်မပါရှိသည့်အတွက် ပုံစံ (၃)ဖြင့်ပြန်လည်လျှောက်ထားသူ (၇၀၀၀) ကျော်၊ ပုံစံ (၄) ဖြင့်ကန့်ကွက်သူ (၉၀၀)ကျော်၊ အချက်အလက်မှားယွင်းမှုကြောင့် ပုံစံ ၄(က) ဖြင့် ပြန်လည်ပြင်ဆင်ရန်တောင်းဆိုသူ (၂၄၀၀) ကျော် ရှိပြီး ယင်းတို့အနက် လှိုင်သာယာမြို့နယ်သည် ပုံစံ (၃) ဖြင့် (၂၀၀၀) ကျော်၊ ပုံစံ (၄) ဖြင့် (၇၀၀) ကျော်၊ ပုံစံ ၄(က) ဖြင့်(၇၀၀) ကျော် ဖြင့် အများဆုံး ပြန်လည်စိစစ်မှုပြုလုပ်သွားရမည့် မြို့နယ်ဖြစ်ကြောင်း သိရသည်။

"လှိုင်သာယာမှာက မိုးလင်းကနေ မိုးချုပ်အထိ အလုပ်သွားကြတဲ့သူတွေများလို့ မဲစာရင်းတွေမှာ မပါဘဲ ကျန်ခဲ့တာတွေ ရှိနိုင်ပါတယ်။ အတတ်နိုင်ဆုံးပြန်ပါအောင် ဆောင်ရွက်ပေးထားပါတယ်။ လက်ရှိအနေနဲ့ကလည်း ကြေညာတဲ့ အဆင့်ပဲရှိပါတယ်။ နောက်ဆုံးမဲစာရင်း မဟုတ်ပါဘူး။ တိကျမှန်ကန်မှုရှိအောင် ပြန်လည်ပြင်ဆင်ပြီး ဒုတိယအကြိမ်မှာ ထည့်သွင်းကြေညာပေးသွားမှာပါ"ဟု မဲစာရင်း စိစစ်မှုများ ပြုလုပ်သွားရမည့်အပေါ် အတွင်းရေးမှူး ဦးတင်ဝင်းက ပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီ ၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ ပထမကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာခဲ့ရာတွင် လိုအပ်ချက်များကို ပြန်လည်စိစစ်ကာ ပြင်ဆင်ဖြည့်စွက်ခြင်းများပြုလုပ်၍ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကို မတ် ၁၇ ရက်တွင် ကပ်ထားကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# ရခိုင်အမျိုးသားပါတီက
# ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဖေဖော်ဝါရီ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




**လေးစားအပ်ပါသော မဲဆန္ဒရှင် တိုင်းရင်းသား မိဘပြည်သူများခင်ဗျား-**

ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။ ကျွန်တော်ကတော့ ရခိုင်အမျိုးသားပါတီ (Arakan National Party) ရဲ့ ဥက္ကဋ္ဌ ဒေါက်တာအေးမောင် ဖြစ်ပါတယ်။

ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီ (Arakan National Party) (ANP) ဟာ ရခိုင်ပြည်နယ်၊ ရခိုင်လူမျိုးနဲ့ ရခိုင်မျိုးနွယ်စုဝင်တိုင်းရင်းသားတွေကို ကိုယ်စားပြုပြီးတော့ ၁၉၉၀ ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်နေရာ ၁၁ နေရာ အနိုင်ရခဲ့တဲ့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (Arakan League for Democracy) (ALD) ပါတီနဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာ လွှတ်တော်အသီးသီးကိုယ်စားလှယ်နေရာ ၃၅ နေရာ အနိုင်ရခဲ့တဲ့ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP) နှစ်ပါတီကို ရခိုင်အမျိုးသားအကျိုးစီးပွားနဲ့ ရခိုင်အမျိုးသားတစ်ရပ်လုံး စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီးတော့ ပူးပေါင်းတည်ထောင်ကြရာမှ ပေါ်ပေါက်လာတဲ့ပါတီဖြစ်ပါတယ်။

ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီရဲ့ အခြေခံမူဝါဒ သုံးရပ်ကတော့-

(က) စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး- (ဆိုလိုတဲ့သဘောက- ရခိုင်လူမျိုးတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်၊ ကိုယ့်ကံကြမ္မာကိုယ်ပိုင်ဖန်တီးခွင့်နဲ့ ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးတွေအားလုံး တန်းတူအခွင့်အရေးရရှိရေးကို အာမခံတဲ့ "လူမျိုးကို အခြေခံသော ပြည်နယ်များ" နဲ့ ဖွဲ့စည်းတဲ့ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ရန် ဖြစ်ပါတယ်။)

(ခ) ရခိုင်တိုင်းရင်းသားမျိုးနွယ်စုအားလုံးနဲ့ ရခိုင်ပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားအားလုံးတို့ရဲ့ အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရေးနဲ့ အဆိုပါ အကျိုးစီးပွားတွေကို အစဉ်ကာကွယ်စောင့်ရှောက်သွားရေး။

(ဂ) ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးတို့ဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် တိုင်းရင်းသားမိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းစစ်ကြောင့်လည်းကောင်း၊ စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းကြောင့်လည်းကောင်း တိုင်းရင်းသားပြည်သူအပေါင်းတို့ဟာ ဒုက္ခမျိုးစုံကို နှစ်ပေါင်း ၆၀ ကျော် ခါးစည်းခံခဲ့ရပါတယ်။ ယနေ့ထက်တိုင် ခံစားနေကြရဆဲလည်း ဖြစ်ပါတယ်။ ယနေ့အထိ အမျိုးသားလွတ်မြောက်ရေးတောင်းဆိုတဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကြောင့် အပြစ်မဲ့တိုင်းရင်းသားပြည်သူများ အတိဒုက္ခရောက်လျက် ရှိနေကြပါတယ်။ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ရခြင်းရဲ့ အခြေခံအကြောင်းရင်းဟာ တိုင်းရင်းသားလူမျိုးများအချင်းချင်း တန်းတူရည်တူအခွင့်အရေး မရရှိသေးခြင်း၊ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အုပ်ချုပ်ခွင့်မရရှိသေးခြင်းတို့ကြောင့်ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် မို့လို့ ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေး ထာဝစဉ်ရရှိရန်အတွက် ရဲဝံ့စွာဖြင့်လည်းကောင်း၊ သဘောထားကြီးစွာဖြင့်လည်းကောင်း ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို အခြေခံပြီးတော့ ဒီမိုကရေစီစနစ်ကိုလည်း အာမခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မဖြစ်မနေ ပေါ်ပေါက်လာရေးအတွက် ကျွန်တော်တို့အားလုံး လက်တွဲဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် တိုင်းရင်းသား မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီဟာ ရခိုင်လူမျိုးတစ်မျိုးတည်းကို အခြေခံတဲ့ ပါတီမဟုတ်ဘူးဆိုတာကို ကျွန်တော်တို့ပါတီရဲ့ ပါတီဝင်ဖြစ်မှုဆိုင်ရာ မူဝါဒအရ အသေအချာ ပြဋ္ဌာန်းသတ်မှတ်ထားပါတယ်။ ရခိုင်အမျိုးသားပါတီဟာ ရခိုင်နဲ့ ရခိုင်မျိုးနွယ်စုတွေ အပါအဝင် ရခိုင်ပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုဌာနေ တိုင်းရင်းသားမျိုးနွယ်စုဝင် မည်သူမဆို ပါတီဝင်အဖြစ် လျှောက်ထားနိုင်ကြပြီး ပါတီအနေဖြင့်လည်း ရခိုင်ပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား မျိုးနွယ်စုတွေအားလုံးအတွက် ရပ်တည်တိုက်ပွဲဝင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်ထောင်စုတစ်ခုလုံးရဲ့ အရေးမှာလည်း တက်တက်ကြွကြွ ပါဝင်သွားမှာ ဖြစ်ပါတယ်။

မိမိတို့ပါတီဟာ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုအားလုံးနဲ့ ရခိုင်ပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားမျိုးနွယ်တွေ အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားတွေရဲ့ အကျိုးစီးပွားအတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံ၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုအပါအဝင် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိရေးတို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရှေ့က ကျွန်တော်တင်ပြသွားတဲ့ ကျွန်တော်တို့ပါတီရဲ့ ရည်ရွယ်ချက်ကြီးသုံးရပ်ကို အခြေခံပြီးတော့ ရှေ့ဆက်ဆောင်ရွက်မယ့် ပါတီလုပ်ငန်းစဉ်တွေအဖြစ် လုပ်ငန်းစဉ် ၁၈ ခုကို ပိုပြီးတော့ အသေးစိတ်ကျကျ ချမှတ်ထားရှိပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် တိုင်းရင်းသား မိဘပြည်သူများခင်ဗျား-**

၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ရွေးကောက်ပွဲဟာ ကြားဖြတ်ရွေးကောက်ပွဲပင် ဖြစ်သော်ငြားလည်း ကျွန်တော်တို့ ရခိုင်လူမျိုးတွေအတွက် မိမိတို့ရဲ့ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးပိုင်ခွင့်ရရှိရေးအတွက် ချီတက်ကြတဲ့နေရာမှာ အရေးပါတဲ့ ခြေလှမ်းတစ်ထစ်အဖြစ် ကျော်ဖြတ်ကြရမှာဖြစ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲ ရလဒ်တွေအရ ရခိုင်ပြည်နယ်လွှတ်တော်မှာ ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီက အမတ်နေရာအများစု အနိုင်ရသွားတဲ့အတွက် ပြည်နယ်လွှတ်တော်ကို ထိန်းချုပ်ထားနိုင်တဲ့ အနေအထားနဲ့ ရှေ့ဆက်ချီတက်နေပါတယ်။ ရခိုင်ပြည်နယ်အစိုးရအား ဦးဆောင်ဖွဲ့စည်းခွင့်ကို ရခိုင်ပြည်သူများအကျိုးအတွက် အမတ်အများစုအနိုင်ရ ရခိုင်အမျိုးသားပါတီက ရခိုင်ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ ဒီမိုကရေစီနည်းလမ်းတကျ အလေးအနက်တောင်းဆိုခဲ့ကြပါတယ်။ ဒါပေမယ့် လက်ရှိတည်ဆဲ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းချက်ကို အခွင့်ကောင်းယူကာ ရခိုင်အမျိုးသားပါတီနဲ့ ရခိုင်ပြည်သူလူထုရဲ့ ဆန္ဒအား မျက်ကွယ်ပြုခြင်းခံခဲ့ရသည်မှာလည်း ပြည်သူများ အသိပင်ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်နဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ ဘင်္ဂါလီတွေကိစ္စမှာ မြန်မာနိုင်ငံရဲ့ ပြင်ပက အင်အားစုတွေက ပုံစံအမျိုးမျိုးနဲ့ ပေးနေကြတဲ့ ဖိအားတွေကို တောင့်မခံနိုင်တာကို မြင်လာရတဲ့အခါ၊ နောက်ပြီးတော့ လွှတ်တော်နဲ့ အစိုးရ အပြန်အလှန်ထိန်းကျောင်းမှု နည်းပါးလာတဲ့ဖြစ်ရပ်သဘောတွေကို ကြည့်မြင်ရတဲ့အခါ လက်ရှိဒီနှစ်တွေအတွင်း မြန်မာနိုင်ငံမှာ ပိုမိုအားကောင်းတဲ့ အတိုက်အခံစနစ်ရှိဖို့လိုအပ်လာပြီလို့ သုံးသပ်မိကြပါတယ်။ တွန်းတွန်းတိုက်တိုက် ထောက်ပြဝေဖန်ပြောဆို ဆောင်ရွက်နိုင်မယ့်သူတွေကို ပြည်ထောင်စုလွှတ်တော် အခင်းအကျင်းသို့ အားဖြည့်စေလွှတ်ပို့ဆောင်ရတော့မယ့်အနေအထားဖြစ်တယ်လို့ ရခိုင်အမျိုးသားပါတီခေါင်းဆောင်ပိုင်းက ဆုံးဖြတ်ခဲ့ကြပါတယ်။

ခေတ်အဆက်ဆက်၌ ရခိုင်လူမျိုးတွေဟာ မိမိတို့ရဲ့ ဆုံးရှုံးနေတဲ့ အမျိုးသားအခွင့်အာဏာတွေကို ရရှိစေရေးအတွက် နည်းလမ်းပေါင်းများစွာကို အသုံးပြုပြီးတော့ သက်စွန့်ဆံဖျား ကြိုးစားခဲ့ကြပါတယ်။ ကျွန်ုပ်တို့ရခိုင်အမျိုးသားပါတီအနေနဲ့လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဥပဒေဘောင်အတွင်းမှ ထိုအခွင့်အာဏာတွေကို ပြန်လည်ရရှိနိုင်ရေး အစွမ်းကုန်ကြိုးပမ်းအားထုတ်လျက်ရှိပါတယ်။ ဒီကြားဖြတ်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်မှုဟာလည်း ဒီလို ကြိုးပမ်းအားထုတ်မှုတွေထဲက ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။ ရခိုင်အမျိုးသားပါတီဟာ လာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်နေရာ (၂)နေရာမှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာမှာ ရခိုင်အမျိုးသားပါတီကိုယ်စား ကျွန်တော်ဒေါက်တာအေးမောင်က ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ဦးအေးကျော်က ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ရခိုင်အမျိုးသားပါတီဟာ ရခိုင်ပြည်သူများ အခက်အခဲအကျပ်အတည်းကြုံတိုင်း ရခိုင့်အကျိုးစီးပွားအတွက် ဆောင်ရွက်နေကြသော အဖွဲ့အစည်းများနဲ့အတူ ထိုအခက်အခဲတွေကနေ ရုန်းထွက်နိုင်အောင် ပြည်သူတွေနဲ့ တစ်ထပ်တည်း အစဉ်ကြိုးပမ်းဆောင်ရွက်နေတဲ့ ပါတီဖြစ်ကြောင်း ပြည်သူများအသိပင် ဖြစ်ပါတယ်။

ဒီလိုမျိုး အစဉ်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၀ ရွေးကောက်ပွဲမှာ ရခိုင်ပြည်သူတစ်ရပ်လုံးဟာ ရခိုင်ကိုယ်စားပြုပါတီ (RNDP) နှင့်အတူ ရပ်တည်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တတိယအများဆုံး အနိုင်ရပါတီကြီးအဖြစ် RNDP ကို သမိုင်းမှတ်တိုင် စိုက်စေခဲ့ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲမှာ ရခိုင်ပါတီ (RNDP) က တစ်နိုင်ငံလုံးမှာ တတိယအများဆုံး အောင်ပွဲရခဲ့ခြင်းဟာ ရခိုင်ပါတီ (RNDP) သာမက "ရခိုင်တစ်မျိုးသားလုံး၏ အမျိုးသားစိတ်ဓာတ်"ကို မြန်မာနိုင်ငံအစိုးရ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ နိုင်ငံတကာအစိုးရနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကပင် အသိအမှတ်ပြုစေခဲ့ရတာဖြစ်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲမှာ ရခိုင်အမျိုးသားပါတီ (ANP) ဟာ စုစုပေါင်း ၇၇ နေရာ ယှဉ်ပြိုင်ခဲ့တဲ့အနက် ၄၅ နေရာ အနိုင်ရပြီးတော့ တတိယအများဆုံးအနိုင်ရတဲ့ ပါတီအဖြစ် ထပ်မံရပ်တည်နိုင်ခဲ့တယ်။ ဒ့ါအပြင် တစ်သီးပုဂ္ဂလ ယှဉ်ပြိုင်အနိုင်ရခဲ့တဲ့ ရခိုင်ပြည်နယ် လွှတ်တော်အမတ်တစ်ဦးလည်း ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီနဲ့ ပူးပေါင်းရပ်တည်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်မယ့် နှစ်နေရာစလုံးမှာ ရခိုင်အမျိုးသားပါတီ (ANP) အပြတ်အသတ် အောင်ပွဲရရှိစေဖို့ရာဟာ ရခိုင်ပြည်သူတွေရဲ့ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်တယ်လို့ အလေးအနက် ယုံကြည်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် တိုင်းရင်းသားမိဘပြည်သူများခင်ဗျား-**

ရှေ့က ပြောပြခဲ့တဲ့ ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီရဲ့ ရည်မှန်းချက်သုံးရပ်မှာ အရေးအကြီးဆုံးလည်းဖြစ်ပြီး နံပါတ်တစ် ရည်မှန်းချက်လည်းဖြစ်တဲ့ "စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး" ဆိုတဲ့ ရည်မှန်းချက်ကနေ မတိမ်မစောင်း အလျှော့မပေးစတမ်း ဆက်လျှောက်သွားကြရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး-(၂၁) ရာစု ပင်လုံ ညီလာခံမှာ ကျွန်တော်တို့ ခိုင်ခိုင်မာမာ ဆုပ်ကိုင်ရပ်တည်ထားတဲ့၊ ကျွန်တော်တို့လိုလားတဲ့၊ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုဆိုတာ ဘယ်လိုဖက်ဒရယ်ပြည်ထောင်စုမျိုးလဲဆိုတာကို ကျွန်တော်တို့ အသေအချာ စာတမ်းဖတ်ပြီး ထုတ်ဖော်ပြောကြားခဲ့ပါတယ်။



အဲဒီ စာတမ်းထဲက အရေးကြီးတဲ့ အချက်အနည်းငယ်ကိုထပ်ဆင့်ကောက်နုတ်တင်ပြရမယ်ဆိုရင်-

-ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးတွေဟာ အမျိုးသားပြည်နယ်တွေ ဖွဲ့စည်းပြီး အဲဒီအမျိုးသားပြည်နယ်တွေနဲ့ ဗဟိုအစိုးရအကြားမှာ အာဏာခွဲဝေကျင့်သုံးမှုဟာ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု၏ အနှစ်သာရနဲ့ ခွဲဝေကျင့်သုံးတာဖြစ်စေရမယ်။ အဲသလို အာဏာခွဲဝေကျင့်သုံးရာမှာ- ဗဟိုအစိုးရက ကိုယ်စားပြု ကျင့်သုံးခွင့်ရတဲ့ ဖက်ဒရယ်ပြည်ထောင်စုတစ်ခုလုံးရဲ့ အချုပ်အခြာအာဏာဟာ ပြည်နယ်တွေဆီက ဆင်းသက်စီးဆင်းခြင်း ဖြစ်တယ်ဆိုတဲ့ အခြေခံမူရယ်၊ နောက်ပြီးတော့ ဖက်ဒရယ်ပြည်ထောင်စုလည်ပတ်ဖြစ်တည်စေနိုင်ရန်အတွက် ပြည်နယ်တွေက ဗဟိုအစိုးရသို့ ခွဲဝေအပ်နှင်းပေးတဲ့ အာဏာတွေကလွဲလို့ ကျန်တဲ့ ကြွင်းကျန်အာဏာတွေအားလုံးဟာ ပြည်နယ်တွေလက်ထဲမှာရှိတယ်ဆိုတဲ့ အခြေခံမူရယ်၊ ဒီအခြေခံမူနှစ်ရပ်တို့အရ အာဏာခွဲဝေကျင့်သုံးခြင်း ဖြစ်ရမယ်။

-ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ်ဟာ တန်းတူရည်တူ သီးခြားလွှတ်တော်တွေဖြစ်စေရမယ်။ ဒ့ါအပြင် လွှတ်တော်နှစ်ရပ်ကို ပူးတွဲ၍ ကျင်းပခွင့်မရှိစေရ ဆိုတဲ့အချက်။

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ရဲ့ အကြီးအကဲ(သမ္မတ)ကို ရွေးချယ်ရာတွင် လူမျိုးကိုအခြေခံ၍ အလှည့်ကျစနစ်ဖြင့် ရွေးချယ်ရမယ်ဆိုတဲ့အချက်။

-ပြည်နယ်တွေအတွင်းမှာရှိတဲ့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေ၊ စီမံကိန်းတွေကို ပြည်နယ်အစိုးရက တိုက်ရိုက်စီမံခန့်ခွဲပိုင်ခွင့်ရှိရမယ်ဆိုတဲ့အချက်။ အဲဒီ ရင်းနှီးမြှုပ်နှံမှုတွေ၊ စီမံကိန်းတွေကနေ ရရှိလာတဲ့ အကျိုးအမြတ်၊ အခွန်အကောက်တွေအပေါ်မှာ ပြည်နယ်တွေက အပြည့်အဝစီမံခန့်ခွဲပိုင်ခွင့်နဲ့ ရယူခံစားပိုင်ခွင့်ရှိရမယ်ဆိုတဲ့အချက်။

-ပြည်နယ်တွေအလိုက် ဖွဲ့စည်းတဲ့ ပြည်နယ်အမျိုးသားတပ်မတော်တွေဟာ သက်ဆိုင်ရာပြည်နယ်ရဲ့ စီမံကွပ်ကဲမှုအောက်မှာ ရှိမယ်ဆိုတဲ့အချက်။ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ကို ပြည်နယ်အမျိုးသားတပ်မတော်တွေဆီကနေ အချိုးကျစေလွှတ်လိုက်တဲ့ တပ်တွေနဲ့ ဖွဲ့စည်းရမယ်ဆိုတဲ့အချက်။

-သဘာဝသယံဇာတတွေအားလုံးကို သက်ဆိုင်ရာ အမျိုးသားပြည်နယ်များက ပိုင်ဆိုင်တဲ့အပြင် စီမံထိန်းချုပ်ကွပ်ကဲခွင့်ရှိတယ်။ ဒ့ါအပြင် သယံဇာတဝင်ငွေတွေကို ကိုင်တွယ်ပြီး ဖက်ဒရယ်အစိုးရသို့ ခွဲဝေပေးခြင်းကို သက်ဆိုင်ရာ အမျိုးသားပြည်နယ်က ကိုင်တွယ်လုပ်ဆောင်ရမယ်ဆိုတဲ့အချက်။ ဖက်ဒရယ်ပြည်ထောင်စု ဘဏ္ဍာငွေသို့ ထည့်ဝင်ရမည့် သတ်မှတ်အချိုးကျခွဲဝေပေးငွေမှာ သက်ဆိုင်ရာ အမျိုးသားပြည်နယ်လွှတ်တော်ရဲ့ သဘောတူညီချက်ကိုရရှိမှသာ ဖက်ဒရယ်ပြည်ထောင်စုဘဏ္ဍာငွေသို့ ထည့်ဝင်စေရမယ်ဆိုတဲ့အချက်။

. . . စတဲ့အချက်တွေပါဝင်တဲ့စာတမ်းကို သိကြားစေခြင်းအားဖြင့် ကျွန်တော်တို့ရည်မှန်းသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုဆိုတာ ဤသို့သော ပြည်ထောင်စုမျိုးဖြစ်ကြောင်း၊ ဤသို့သော ပြည်ထောင်စုမျိုးကို တည်ဆောက်နိုင်မှသာလျှင် ပြည်တွင်းစစ် ငြိမ်းချမ်းပြီး အဓွန့်ရှည်တည်တံ့ကာ သာယာဝပြောသော တန်းတူညီမျှတဲ့၊ ဂုဏ်သိက္ခာရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို မျှော်မှန်းချီတက်နိုင်ကြမှာဖြစ်ကြောင်း ကျွန်တော်တို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ဒီလိုစစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုမျိုး တည်ထောင်နိုင်ဖို့အတွက် ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရန် ကြိုးစားခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ပါဝင်ဆောင်ရွက်ခြင်း၊ မိမိတို့ရဲ့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် သိကြားစေရန် တောင်းဆိုအားထုတ်ခြင်း အစရှိတဲ့ ဥပဒေဘောင်အတွင်းက နည်းလမ်းမှန်သမျှကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် တိုင်းရင်းသားမိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီလပိုင်းတွေအတောအတွင်း ဖြစ်ပျက်လာခဲ့တဲ့အဖြစ်အပျက်တွေကိုကြည့်ရင် တိုင်းပြည်မှာ အမျိုးသားလုံခြုံရေးကို အခြေမခံသော၊ စည်းကမ်းမဲ့ လစ်ဘရယ်အယူအဆတွေကို အခြေခံသော စီမံအုပ်ချုပ်ရေးမဏ္ဍိုင်ကြောင့် မိမိတို့တိုင်းပြည်ဟာ ဗိုလ်ချုပ်အောင်ဆန်း တစ်ခါကပြောခဲ့တဲ့ ဟိုလူလာလည်း မျက်နှာချိုသွေးရ၊ ဒီလူလာလည်း မျက်နှာချိုသွေးရနဲ့ ဗိုလ်ချုပ်ပြောတဲ့ အောက်ကျနောက်ကျ နိုင်ငံမျိုးဖြစ်လုဆဲဆဲ အခြေအနေကို ရောက်နေပြီဆိုတာကို အသေအချာမြင်နိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးစော်ကားပြီး ဖိအားပေးတဲ့ လုပ်ရပ်တွေကို ဒီနှစ်ပိုင်းအတွင်းမှာ ခံနေရတာကို ကြည့်ခြင်းအားဖြင့် ဒီအတိုင်းလွှတ်ပေးမထားသင့်တော့ဘဲ ပိုမိုအားကောင်းတဲ့အတိုက်အခံတွေပါဝင်တဲ့ ယန္တရားစနစ်တစ်ရပ်ရှိလာမှသာလျှင် ပိုမိုသာယာဝပြောတဲ့ မြန်မာနိုင်ငံကို နောင်မျိုးဆက်သစ်တွေလက်ထဲကို လွှဲပြောင်းပေးအပ်နိုင်ခဲ့မှာဖြစ်ပါတယ်။

ဒီတော့ ကျွန်တော်တို့ကို မဲပေးရွေးချယ်ကြပါ။ ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီကို မဲပေးရွေးချယ်ခြင်းအားဖြင့် ရခိုင်ပြည်နယ်နှင့်တကွ တိုင်းရင်းသားလူမျိုးတွေကို စောင့်ရှောက်နိုင်အောင်အားထုတ်ကြပါ။ ကျွန်တော်တို့ကို မဲပေးခြင်းအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခေတ်သစ် နယ်ချဲ့ဝါဒီတွေလက်ထဲမရောက်အောင် လက်တွဲတိုက်ပွဲဝင်ကြပါလို့ တိုက်တွန်းလိုပါတယ်။

မဲဆန္ဒရှင်တိုင်းရင်းသားမိဘပြည်သူများအားလုံး အန္တရာယ်ခပ်သိမ်းမှ ကင်းဝေးကြပါစေ။ ဒီမိုကရေစီကို အခြေခံသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းပါစေ။ ။

# မြန်မာ့တိုင်းရင်းဆေးအစွမ်းအာနိသင်နှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ

တိုင်းရင်းဆေးပညာ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းဆေးဝါးများ စနစ်တကျ ဖော်ထုတ်အသုံးပြုရေးအတွက် နိုင်ငံတော်က အားပေးပံ့ပိုးလျက်ရှိပြီး မြန်မာ့တိုင်းရင်းဆေးပညာရပ်အမျိုးမျိုး၊ အာနိသင်ထက်မြက်သည့် ဆေးဝါးအမျိုးမျိုး၊ ပရဆေးပင်များအပါအဝင် ဆေးဖက်ဝင်ပစ္စည်းအမျိုးမျိုးတို့ကို ဖော်ထုတ်ထိန်းသိမ်းနိုင်ရန် တိုင်းရင်းဆေးသမားတော်များ ညီလာခံများနှင့် မြန်မာ့တိုင်းရင်းဆေးအစွမ်း အာနိသင်နှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲများကို ကျင်းပပေးလျက်ရှိရာ မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်၌ ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် နှစ်ရက်တိုင် ကျင်းပသည့် သတ္တမအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲနှင့် ပိုစတာပြပွဲမှ စာတမ်းရှင်၊ ပိုစတာတင်သွင်းသူနှင့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။


ဒေါက်တာရီရီမြင့်


ဒေါက်တာချမ်းငြိမ်းမောင်


ဦးမောင်မောင်ဦး


ဦးဝင်းနိုင်

**ဒေါက်တာရီရီမြင့်**
**ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန**

အရင်တုန်းက တိုင်းရင်းဆေးဆိုတာ ဒီဆေးဆိုလို့ရှိရင် ဒီရောဂါနဲ့ သုံးရတယ်ဆိုပြီးတော့ တိုင်းရင်းဆေးသမားတော်ကြီးရဲ့ အတွေ့အကြုံကို အခြေပြုပြီး ကုသပါတယ်။ ဒါလည်း ယုံမှားသံသယမရှိပါဘူး။ ရှေးနှစ်ပေါင်းများစွာကတည်းက သုံးစွဲလာတာဖြစ်ပါတယ်။ အကျိုးလည်းရှိ ရောဂါလည်းပျောက်ပါတယ်။ ရောဂါပျောက်ပါတယ်လို့ပြောနေပေမယ့် စနစ်တကျ မှတ်တမ်းမှတ်ရာနဲ့ သက်သေပြပါဆိုရင်တော့ သက်သေပြနိုင်တဲ့အနေအထား မရှိပါဘူး။ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အတွေ့အကြုံအခြေပြုဆေးပညာရပ်မှ နိုင်ငံတကာစံနှုန်းတွေနဲ့ကိုက်ညီမယ့် သက်သေအထောက်အထားအခြေပြုဆေးပညာအဖြစ် ပြောင်းလဲဖို့ မှတ်တမ်းမှတ်ရာနဲ့ စနစ်တကျ သုတေသနပြုခြင်းအားဖြင့် ဒီဆေးတွေဟာ တကယ်ကောင်းပါတယ်ဆိုတာ သက်သေအထောက်အထားနဲ့ ပြနိုင်မယ်။ ဒီအတွက်လည်း တိုင်းရင်းဆေးပညာဟာ တကယ်စစ်မှန်ပါတယ်ဆိုတာ ပြနိုင်မယ်။ နောက်ပြီး အရင်တုန်းက တိုင်းရင်းဆေးသမားတော်တွေဟာ သုံးခွက်တစ်ခွက်ဆိုရင် ဘာဘယ်လောက်ကြိုပြီး တိုက်ရမယ်။ ဒါတွေကို သိပ္ပံနည်းကျ အခြင်အတွယ်၊ သောက်မယ့်အချိန်တွေကို စနစ်တကျ သုတေသနပြုခြင်းအားဖြင့် တိုင်းရင်းဆေးပညာတိုးတက်ရေးအတွက် အထောက်အကူဖြစ်ပါမယ်။ စာပေသုတေသနပြုခြင်းအားဖြင့်လည်း တိုင်းရင်းဆေးအကြောင်းပိုသိလာမယ်။ တိုင်းရင်းဆေးရဲ့ အရင်တိမ်မြုပ်ပျောက်ကွယ်လုနီးဖြစ်တဲ့ တိုင်းရင်းဆေးပညာရပ်တွေကို ပြန်လည်ဖော်ထုတ်နိုင်မယ်။ ဒီအပေါ် အခြေခံပြီး အရင်က မသိတာလည်းသိနိုင်မယ်။ ဘယ်လိုတိုးတက်အောင် ဖော်ဆောင်ကြမလဲဆိုတာလည်း သိလာမယ်။ ဒီစာတမ်းဖတ်ပွဲမှာ တိုင်းရင်းဆေးဆရာတွေသာ မဟုတ်ပါဘူး။ နယ်ပယ်အသီးသီးမှ နီးနွယ်ပညာရှင်တွေနဲ့ ပူးပေါင်းပြီးတော့ သူတို့ရဲ့ နယ်ပယ်အသီးသီးက တွေ့ရှိလာတဲ့ သုတေသနရလဒ်တွေအားလုံးကို ပေါင်းစု၍ အသုံးချခြင်းအားဖြင့် တိုင်းရင်းဆေးပညာတိုးတက်ဖို့ များစွာအထောက်အကူပြုလာမှာဖြစ်ပါတယ်။


ဒေါ်ဆွေဆွေ


နန်းသန္တာအေး


ဒေါ်ခင်ခင်စိန်


နော်ဖုန်းဆင့်ဦး

**ဒေါက်တာချမ်းငြိမ်းမောင်**
**ညွှန်ကြားရေးမှူး(တွဲဖက်)၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲ**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

တိုင်းရင်းဆေးပညာဦးစီးဌာနမှာ သုတေသနဓာတ်ခွဲခန်းနဲ့ ဖွံ့ဖြိုးရေးဌာနခွဲဆိုပြီး နှစ်ခုရှိပါတယ်။ သုတေသနဓာတ်ခွဲခန်းက တိုင်းရင်းဆေးဝါးမှတ်ပုံတင်လျှောက်ထားလာတဲ့ ဆေးဝါးတွေရဲ့ အရည်အသွေးထိန်းသိမ်းရာမှာ အရည်အသွေးပြည့်မီမှု သတ်မှတ်ချက်တွေ စစ်ဆေးပေးရပါတယ်။ စစ်ဆေးအတည်ပြုပြီးမှ တွေ့ရှိချက်အပေါ် မူတည်ပြီး တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထုတ်ပေးဖို့ ထောက်ခံချက်ပေးရပါတယ်။ အဲဒီမှတ်စ်ဆင့် ဆေးဝါးဌာနမှ မှတ်ပုံတင်ထုတ်ပေးပါတယ်။ ဖွံ့ဖြိုးရေးဌာနက ပြည်သူလူထုကို အသိပညာပေးလုပ်ငန်းတွေ လုပ်ပေးပါတယ်။ သတင်းစာ၊ ဂျာနယ်၊ စာစောင်၊ ရေဒီယို၊ ရုပ်မြင်သံကြားတွေမှ ပြည်သူလူထုကို အကျိုးပြုနိုင်မယ့်အကြောင်းအရာတွေ ရွေးချယ်ပြီး ထုတ်ပြန်ပေးတယ်။ ဟောပြောပို့ချတာတွေ လုပ်ပေးပါတယ်။ အခုလည်း သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲက တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပတာတွေ၊ တိုင်းရင်းဆေးစာတမ်းဖတ်ပွဲ ကျင်းပတာတွေကို အဓိကဦးဆောင်ပြီး အခြားဌာနတွေ၊ ပံ့ပိုးကူညီသူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒီနှစ်မှာ စာတမ်းပေါင်း ၂၈ စောင်နဲ့ ပိုစတာခုနစ်ခု တင်သွင်းနိုင်ခဲ့ပါတယ်။

**ဦးမောင်မောင်ဦး**
**ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

မြန်မာ့တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲကို ကျင်းပလာတာ ခုနစ်ကြိမ်မြောက်ရှိလာပါပြီ။ တိုင်းရင်းဆေးပညာရပ်တွေ တိုးတက်ဖို့အတွက် ဒီလိုသုတေသနစာတမ်းဖတ်ပွဲတွေ ကျင်းပခဲ့တာပါ။ သုတေသနလုပ်ငန်းဟာ အရေးကြီးပါတယ်။ ဘယ်ပညာရပ်မဆို သုတေသန တွဲဖက်လုပ်ကိုင်ဖို့ လိုအပ်ပါတယ်။ မြန်မာတိုင်းရင်းဆေးပညာရပ်တွေကို နိုင်ငံတကာစံနှုန်းတွေနဲ့ ကိုက်ညီမယ့် သက်သေအထောက်အထား အခြေပြုဆေးပညာအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေဖို့ တိုင်းရင်းဆေးသုတေသနလုပ်ငန်းတွေနဲ့ သုတေသနစာတမ်းဖတ်ပွဲတွေ စဉ်ဆက်မပြတ်ပြုလုပ်ဖို့ လိုအပ်ပါတယ်။ ဒီလိုဖော်ဆောင်ရာမှာ နီးနွယ်နေတဲ့ ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာမို့ မြန်မာ့တိုင်းရင်းဆေးပညာရဲ့ သိမ်မွေ့နက်ရှိုင်းတဲ့ သဘောတရားတွေ၊ ထိရောက်အစွမ်းထက်တဲ့ ကုထုံးတွေနဲ့ အာနိသင်ထက်မြက်တဲ့ဆေးဝါးတွေရဲ့ စွမ်းပကားတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

**ဦးဝင်းနိုင်**
**အလုပ်အမှုဆောင်၊**
**မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်း**

၂၀၀၀ ပြည့်နှစ်ကစပြီး တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ကျင်းပခဲ့ပါတယ်။ (၇)ကြိမ်ထိ ရန်ကုန်မြို့ ကျိုက္ကစံကွင်းမှာ ကျင်းပပါတယ်။ (၈) ကြိမ်မှ (၁၀) ကြိမ်ထိကို ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်မှာ ပြုလုပ်ပါတယ်။ နောက်ပိုင်းမှာ ညီလာခံနှင့် သုတေသနစာတမ်းဖတ်ပွဲတွေကို ပူးတွဲကျင်းပရာမှ ယခုအခါ နေပြည်တော်မှာ ညီလာခံကျင်းပပြီး မန္တလေးမှာ သုတေသန စာတမ်းဖတ်ပွဲ ကျင်းပလာပါတယ်။ ညီလာခံနဲ့ သုတေသနစာတမ်းဖတ်ပွဲတွေကို နိုင်ငံတော်ကလည်း အားပေးအားမြှောက်ခဲ့တယ်။ အားရဖို့လည်းကောင်းပါတယ်။ တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲတွေ စဉ်ဆက်မပြတ် ပြုလုပ်ပေးမယ်ဆိုရင် တိုင်းရင်းဆေးလောကဟာ တဖြည်းဖြည်းတိုးတက်လာပြီး အာဆီယံနိုင်ငံတွေ၊ ကမ္ဘာ့နိုင်ငံတွေနဲ့ ရင်ပေါင်တန်းလာနိုင်မှာပါ။

**ဒေါ်ဆွေဆွေ**
**ဒုတိယညွှန်ကြားရေးမှူး**
**သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲ တိုင်းရင်းဆေးပညာဦးစီးဌာန**

တိုင်းရင်းဆေးဝါးတွေမှာ ဆေးပင်နဲ့ ဆေးပင်ထွက်ပစ္စည်းတွေ၊ တိရစ္ဆာန်ထွက်ပစ္စည်းတွေနဲ့ ဓာတုပစ္စည်းတွေ ထည့်သွင်းဖော်စပ်ကြပါတယ်။ ဒီလိုဖော်စပ်ပြီး ဆေးဝါးတွေကို တိုင်းရင်းဆေးဝါးမှတ်ပုံတင်လျှောက်ထားရပါတယ်။ လျှောက်ထားလာတဲ့ တိုင်းရင်းဆေးတွေကို အရည်အသွေးပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးပြီး ဓာတ်ခွဲခန်းတွေ့ရှိချက်တွေကို လေ့လာရပါတယ်။ ဆေးအမျိုးအစားပေါ် မူတည်ပြီး ဆေးဝါးမှာ ထည့်သွင်းအသုံးပြုထားတဲ့ အပင်နဲ့ အပင်ရဲ့အစိတ်အပိုင်းတွေ စစ်မှန်မှု ရှိ၊ မရှိ၊ အနောက်တိုင်းဆေးဝါးရောနှောမှု ရှိ၊ မရှိ၊ အဆိပ်အတောက်ဖြစ်စေတတ်တဲ့ သတ္တုဓာတ်တွေပါဝင်မှု ရှိ၊ မရှိ၊ မှိုနဲ့ ဗက်တီးရီးယားပိုးမွှားတွေ ပေါက်ပွားမှု ရှိ၊ မရှိ ဆိုတာတွေကို စစ်ဆေးရပါတယ်။ ဒီလိုစစ်ဆေးရာမှာ ဆေးရဲ့အာနိသင်ကို မစစ်နိုင်ပါဘူး။ ဆေးရဲ့အရည်အသွေးကို စစ်ပြီးမှ အရည်အသွေးကိုထိန်းသိမ်းတယ်ဆိုတဲ့ သဘောပါ။ တိုင်းရင်းဆေးပညာဦးစီးဌာနသို့ မှတ်ပုံတင်ရန် လျှောက်ထားလာတဲ့ ဆေးဝါးတွေမှ ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက်တွေကို သိရှိနိုင်ရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပါတယ်။ အခုလို သုတေသနတွေ့ရှိချက်တွေကို မှတ်ပုံတင်လျှောက်ထားလာတဲ့ တိုင်းရင်းဆေးဝါးတွေရဲ့ အရည်အသွေးထိန်းသိမ်းရာမှာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

**နန်းသန္တာအေး**
**နည်းပြ၊ မီးယပ်ရောဂါပညာဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်**

တိုင်းရင်းဆေးခန်းသုံး ဆေးနံပါတ် ၂၅ မတဲမြင့်မိုရ်ကုန်းဆေးရဲ့ မီးယပ်လာစဉ် နာကျက်ကိုက်ခဲမှုအပေါ် အကျိုးသက်ရောက်မှုကို လေ့လာတဲ့ သုတေသနစာတမ်းကို ဖတ်ကြားမှာဖြစ်ပါတယ်။ ဒီစာတမ်းမှာ မီးယပ်ရောဂါနဲ့ ပတ်သက်ပြီး တိုင်းရင်းဆေးအမြင်၊ အနောက်တိုင်းဆေးအမြင်နဲ့ တင်ပြခြင်း၊ တိုင်းရင်းဆေးပညာနည်းစနစ်နဲ့ တိုင်းရင်းဆေးခန်းသုံးဆေးနည်းတွေ၊ ဖြည့်စွက်ဆေးဝါးတွေ၊ ဆေးပင်တွေနဲ့ တိုက်ကျွေးကုသပေးခြင်းဖြင့် သက်သာမှု၊ ပျောက်ကင်းမှုတို့ကို လေ့လာတင်ပြထားတာဖြစ်ပါတယ်။

**ဒေါ်ခင်ခင်စိန်**
**ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

ကျွန်မတို့ ထွန်းရွှေဝါတိုင်းရင်းဆေးဝါးစက်ရုံ အရည်အသွေးထိန်း ဓာတ်ခွဲခန်းကနေ သုတေသန ပိုစတာတင်ပြတာဖြစ်ပါတယ်။ တိုင်းရင်းဆေးသုံး 'ဆီ' တွေထဲက အများသုံးကြတဲ့ တေဇောဆီနဲ့ လေညှင်းဆီတွေရဲ့ အရည်အသွေး ကွာခြားပုံတွေကို ဓာတ်ခွဲစမ်းသပ်တာဖြစ်ပါတယ်။ တိုင်းရင်းဆေးအများစုက ဆီတွေကို အမြင်၊ အနံ့နဲ့ ဈေးနှုန်းအနည်းအများကို ကြည့်ပြီးဝယ်ယူကြတာ ဖြစ်ပါတယ်။ အခုသုတေသနပိုစတာမှာ တေဇောဆီ ငါးမျိုးကတော့ ဈေးနှုန်း ကွာခြားပေမယ့် အရည်အသွေးကတော့ အတူတူဖြစ်တယ်ဆိုတာ စမ်းသပ်တွေ့ရှိရပါတယ်။ လေညှင်းဆီ ငါးမျိုးက အရောင်၊ အနံ့လည်း မတူကြပါ၊ ယူဂျီနောပါဝင်မှု၊ လတ်ဆတ်သန့်ရှင်းမှုတို့ မတူညီကြပါ။ တကယ်လက်တွေ့မှာတော့ ဈေးကြီးတိုင်း အရည်အသွေးကောင်းတာ မဟုတ်ပါ။ ဒီစမ်းသပ်ချက်အရ ဈေးအကြီးဆုံး လေညှင်းဆီက အရည်အသွေးညံ့နေတာ တွေ့ရပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးသုံး 'ဆီ'တွေကို အရောင်အဆင်း၊ အနံ့နဲ့ အကဲဖြတ်တာတွေ၊ ဈေးနှုန်းကြီးတာတွေကြည့်ပြီး သုံးစွဲတာတွေဟာ စိတ်မချရလို့ ဓာတ်ခွဲစမ်းသပ်မှ သေသေချာချာသိရှိနိုင်မှာဖြစ်တဲ့အကြောင်း ပိုစတာတင်သွင်းတာဖြစ်ပါတယ်။

**နော်ဖုန်းဆင့်ဦး**
**ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

ပရဆေးပစ္စည်း ကတြာသချော်ခေါင်းစဉ်နဲ့ ပိုစတာတင်ပြထားပါတယ်။ ကတြာသချော်ကို မြန်မာ့တိုင်းရင်းဆေးဝါးတွေဖော်စပ်ရာမှာ ဆေးဖက်ဝင် ပစ္စည်းအနေနဲ့ အသုံးပြုကြပါတယ်။ မြန်မာ့တိုင်းရင်းဆေးသုံး ကတြာသချော်ဟာ အိန္ဒိယဆေးကျမ်းမှာ အဓိပ္ပာယ်ဖွင့်ဆိုတဲ့ ကာကတာဆင်ဂျီ မဟုတ်ကြောင်းနဲ့ ကတြာသချော်ပင်ရဲ့ ပိုးအိမ်အစစ်အမှန် မဟုတ်ကြောင်းကို စမ်းသပ် ဖော်ထုတ်ရရှိပါတယ်။ စမ်းသပ်နမူနာ ခုနစ်မျိုးအနက် တစ်မျိုးမှာ ဖန်ခါးသီးခြောက်တွေကို Foreign Matter အနေနဲ့ တွေ့ရှိရပြီး မြန်မာ့တိုင်းရင်းဆေးသုံး ကတြာသချော်မှာ ဖန်ခါးပင်မှရရှိတဲ့ ပိုးအိမ် သို့မဟုတ် ကျီးပေါင်းဖြစ်ကြောင်း စမ်းသပ်တွေ့ရှိပါတယ်။ ဒါကြောင့် မြန်မာ့တိုင်းရင်းဆေးသုံး ပရဆေးပစ္စည်း ကတြာသချော်မှာ ဖန်ခါးရွက်ပိုးအိမ်သာဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပါတယ်။

(ကြေးမုံ)

## ကျေးရွာချင်းဆက်လမ်းများကောင်းမွန်ရေး ပူးပေါင်းဆောင်ရွက်

**အုတ်ဖို ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ပဲခူးရိုးမအနောက်ဘက် တောင်ခြေတွင်ရှိသော ကျေးရွာအုပ်စု နှစ်အုပ်စု၊ ကျေးရွာပေါင်း ၁၃ ရွာအတွက် ဒေသထွက်ကုန်နှင့် ရဟန်းရှင်လူ၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန်အတွက် ကျေးရွာချင်းဆက်လမ်းအား မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ကုမ္ပဏီတို့၏အကူအညီနှင့် ဒေသခံပြည်သူတို့မှ ထော်လာဂျီ၊ လူအင်အားတို့ဖြင့် ပူးပေါင်း၍ ရိုးမတောင်ပေါ်ရှိ ဂျင်းမြေများသယ်ယူပြီး လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း လမ်းပေ ၂၀၀၀၀ ကျော်အား အချိန်တိုအတွင်း မော်တော်ယာဉ်များ ချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

# ခြောက်ရာသီဆက်တိုက် (၁၆)သင်းအဆင့်ရောက်တိုင်း ထွက်ခဲ့ရသည့် အာဆင်နယ် ရှုံးပွဲထပ်မံကြုံတွေ့

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ကလပ်အသင်းများအနက် နောက်ပိုင်းတွင် ဘောလုံးရာသီတိုင်းနီးပါး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့သည့်အသင်းဖြစ်ပြီး (၁၆)သင်းအဆင့်ရောက်တိုင်း ပြိုင်ပွဲကိုလက်ပြန္ရှုတ်ဆက်ရသည့် ရာသီမှာ နောက်ဆုံးခြောက်ရာသီဆက်တိုက်ရှိခဲ့ပြီဖြစ်သည်။

ယခုနှစ်တွင်လည်း အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်း၏အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ ငါးဂိုး-တစ်ဂိုးဆိုသည့်ရလဒ်ဖြင့် ထပ်မံရှုံးပွဲကြုံခဲ့ပြန်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုပွဲစဉ်တွင် ရော့ဘင်(၁၁ မိနစ်)၊ လီဝန်ဒေါစကီး(၅၃ မိနစ်)၊ အယ်လ်ကန် တာရာ(၅၆ မိနစ်၊ ၆၃ မိနစ်)၊ သောမက်မူလာ(၈၈ မိနစ်)တို့၏ သွင်းဂိုးများဖြင့် အာဆင်နယ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်အသင်းအတွက် ချေပဂိုးကို ပွဲကစားချိန်မိနစ် ၃၀ တွင် အလက်ဇစ်ဆန်းချက်ဇ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။




အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့သည့်နောက်ဆုံးခြောက်နှစ်ဆက်တိုက် (၁၆)သင်းအဆင့်ဖြင့်ပင် ထွက်ခဲ့ရပြီး အဆိုပါထွက်ခဲ့ရသည့်ရလဒ်များမှာ ၂၀၁၀-၂၀၁၁ ဘောလုံးရာသီက ဘာစီလိုနာအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ ၂၀၁၁-၂၀၁၂ ဘောလုံးရာသီက အေစီမီလန်အသင်းကို လေးဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-သုံးဂိုး(အဝေးဂိုးဖြင့်ဘိုင်ယန်နိုင်)ဖြင့်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် မိုနာကိုအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-သုံးဂိုး(အဝေးဂိုးဖြင့် မိုနာကိုနိုင်)ဖြင့်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့ရသည်။

လက်ရှိရာသီတွင်လည်း ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့မှာပင် ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားခဲ့ခြင်းကြောင့် ယခုနှစ်တွင်လည်း (၁၆)သင်းအဆင့်ဖြင့်ပင် ပြိုင်ပွဲကို နှုတ်ဆက်ရမည့်အနေအထားသို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းမှာမူ အာဆင်နယ်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် အိမ်ကွင်းနောက်ဆုံးချန်ပီယံလိဂ် ပွဲစဉ် ၁၆ ပွဲဆက်တိုက်နိုင်ပွဲရရှိခဲ့သည့်မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့ပြီး အာဆင်နယ်အသင်းမှာမူ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစတင်ကာ ပြိုင်ဘက်အသင်းအား ငါးဂိုးပေးလိုက်ရသည့်ပထမဆုံးပွဲစဉ်လည်းဖြစ်လာခဲ့သည်။

**(ငွေကြယ်)**

## ချန်ပီယံလိဂ်သမိုင်းတွင် သွင်းဂိုး ၅၁ ဂိုးဖြင့် ပဉ္စမမြောက်ဂိုးသွင်းအများဆုံးကစားသမား ဘင်ဇီမာ ဖြစ်လာ




ရီးယဲလ်မက်ဒရစ်အသင်း၏ တိုက်စစ်မှူး ဘင်ဇီမာသည် ရီးယဲလ်မက်ဒရစ်အသင်းက နာပိုလီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ချန်ပီယံလိဂ်သမိုင်းတွင် သွင်းဂိုး ၅၁ ဂိုးဖြင့် ပဉ္စမမြောက်သွင်းဂိုးအများဆုံးကစားသမားဖြစ်လာခဲ့သည်။

တိုက်စစ်မှူး ဘင်ဇီမာသည် သွင်းဂိုး ၅၁ ဂိုးအထိသွင်းယူနိုင်ခဲ့ခြင်းကြောင့် သွင်းဂိုး ၅၀ အထိ သွင်းယူထားနိုင်ခဲ့သည့် တိုက်စစ်မှူး တယ်ရီဟင်နရီ၏ ချန်ပီယံလိဂ်သွင်းဂိုးစံချိန်ကိုလည်း ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သည်။ လက်ရှိ ချန်ပီယံလိဂ်တွင် သွင်းဂိုးအများဆုံးကစားသမားများမှာ စီရိုနယ်လ်ဒို၊ မက်ဆီ၊ ရာအူးလ်၊ နစ္စတယ်ရွိုင်း၊ ဘင်ဇီမာနှင့် ဟင်နရီတို့ဖြစ်သည်။

ချန်ပီယံလိဂ် စံချိန်တင်ဂိုးသွင်းယူထားနိုင်ခဲ့သည့် ကစားသမားများအနက် စီရိုနယ်လ်ဒိုသည် သွင်းဂိုး ၉၅ ဂိုး၊ မက်ဆီသည် ၉၃ ဂိုး၊ ရာအူးလ်သည် ၇၁ ဂိုး၊ နစ္စတယ်ရွိုင်းသည် ၅၆ ဂိုး၊ ဘင်ဇီမာသည် ၅၁ ဂိုးနှင့် တယ်ရီဟင်နရီသည် ဂိုး ၅၀ အသီးသီးသွင်းယူထားခြင်းဖြစ်သည်။

**(ငွေကြယ်)**

## မြန်မာ့ရေပိုင်နက် ပင်လယ်ပြင်အတွင်း လူကိုးဦးနှင့်အတူ စက်လှေတစ်စင်း ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မြန်မာ့ရေပိုင်နက် ပင်လယ်ပြင်အတွင်း ရောက်ရှိလာသည့် တရားမဝင် ငါးဖမ်းစက်လှေတစ်စင်းအား ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် ဖမ်းဆီးရမိခဲ့ပြီး ယင်းစက်လှေပေါ်တွင် ငါးဖမ်းပိုက်များနှင့် သေဆုံးနေသူ တစ်ဦးအား တွေ့ရကာ ဘင်္ဂလားဒေ့ရှ် နိုင်ငံသားဟု ယူဆရသည့် လူကိုးဦးအား ထိန်းသိမ်းထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် ဂွမြို့၏ မြောက်ဘက် ၁၈ မိုင်ခန့်အကွာ ဇီးကုန်းကျေးရွာကမ်းခြေနှင့် ရေမိုင် နှစ်မိုင်ခန့်အကွာတွင် မသင်္ကာဖွယ်ရာ စက်လှေတစ်စင်းတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သွားရောက်စစ်ဆေးခဲ့ရာ အလျား ၂၅ ပေ၊ အနံ ၆ ပေ၊ အမြင့် ၈ ပေခန့်ရှိ စက်ပျက်နေသည့် စက်လှေတစ်စင်းအား တွေ့ရှိပြီး လှေပေါ်တွင်ငါးဖမ်းပိုက်များ တင်ဆောင်လျက် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားဟု



ယူဆရသူ ၁၀ ဦးအား တွေ့ရှိ ပြီး တစ်ဦးမှာ သေဆုံးလျက်ရှိကြောင်း တွေ့ရှိရသည်။

ဖမ်းဆီးရမိသူ ကိုးဦးအား စစ်ဆေးမေးမြန်းရာ ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများဖြစ်ပြီး ဇန်နဝါရီ ၁၃ ရက်တွင် ငါးဖမ်းစက်လှေဖြင့် ထွက်ခွာခဲ့ရာ ဇန်နဝါရီ ၂၈ ရက်တွင် စက်ပျက်၍ ပင်လယ်ပြင်တွင် မျောပါလာခဲ့ကြောင်း၊ သေဆုံးသူမှာ ဖေဖော်ဝါရီ ၁၄ ရက်တွင် အစာရေစာပြတ်၍ သေဆုံးခဲ့ကြောင်း ကနဦးစစ်ဆေးချက်များအရ သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများအား ဂွမြို့နယ်ရဲစခန်းတွင် ထိန်းသိမ်းထားပြီး သေဆုံးသူတစ်ဦးအား ဂွမြို့နယ် ပြည်သူ့ဆေးရုံ ရင်ခွဲရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## တရားခံပြေးကြေညာထားသူအားဖမ်းဆီးစဉ် ထွက်ပြေးသဖြင့် သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးသော်လည်း လွတ်မြောက်သွား၍ သက်ဆိုင်ရာက အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မူးယစ်ဆေးဝါးမှု၊ လုယက်မှုများဖြင့် တရားခံပြေးကြေညာထားသူအား သက်ဆိုင်ရာက ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်သို့ သွားရောက်ဖမ်းဆီးစဉ် ထွက်ပြေးသဖြင့် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးသော်လည်း လွတ်မြောက်သွား၍ အမြန်ဆုံး ဖမ်းဆီး ရမိရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

"သွားရောက် ဖမ်းဆီးတဲ့ ရဲတပ်ဖွဲ့ဝင်တွေရဲ့ ကားကို တိုက်ပြီး ထွက်ပြေးသွားလို့ သေနတ်နဲ့ ပစ်ဖောက်ပြီး တားဆီးခဲ့တာပါ။ အပြန်အလှန် ပစ်ခတ်တာမျိုး မဟုတ်ပါဘူး။ ထိခိုက်ဒဏ်ရာရရှိသွားတာမျိုး မရှိပါဘူး။ အခုလည်းသူသွားနိုင်မယ့် နေရာတွေကို တပ်ဖွဲ့ဝင်တွေ လိုက်လံရှာဖွေနေပါတယ်" ဟု အဆိုပါ မြို့နယ်ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖြစ်စဉ်မှာ ယနေ့ညနေ ၅ နာရီ ၂၅ မိနစ်ခန့်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုတပ်ခွဲ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်း မယ(ပ)၁၃/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/ ၁၉(က)/၂၁/ ကျင့် ၅၁၂၊ လမ်းမတော် မြို့မရဲစခန်း(ပ) ၉/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၈၆/၃၂၃/၁၁၄/ ကျင့် ၅၁၂အမှုမှ တရားခံပြေးဖြစ်သူ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ နဂါးလေး(ခ)အောင်နိုင်မြင့်(၃၄)နှစ် (ဘ)ဦးဝင်းနိုင်သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက် လှော်ကားလမ်းနှင့် ဥသဘရားလမ်းဆုံအနီးရှိ ကားဝပ်ရှော့တစ်ခုသို့ 5D-3753 ပါဂျဲရိုးအမျိုးအစား ခဲရောင်ယာဉ်ဖြင့် ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးစဉ် အဆိုပါ တရားခံပြေးဖြစ်သူမှ ရဲတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်များကို ၎င်းမောင်းနှင်သော မော်တော်ယာဉ်ဖြင့်တိုက်ပြီး ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။



**တရားခံပြေး နဂါးလေး(ခ) အောင်နိုင်မြင့်နှင့် ၎င်းမောင်းနှင်သော မော်တော်ယာဉ်ကို တွေ့ရစဉ်။**

"ညနေပိုင်းက သေနတ်သံ လိုလိုတော့ သုံး၊ လေးချက်လောက်ကြားလိုက်တယ်။ နာရီဝက်လောက်ကြာမှ တရားခံကို ရဲတွေက လာဖမ်းတာလို့ သိရတယ်။ ဖမ်းတဲ့အခါမှာ တရားခံက ထွက်ပြေးလို့ သေနတ်နဲ့ ပစ်တာလို့တော့ပြောတယ်။ ဒဂုံဆိပ်ကမ်းဘက်ကို ထွက်သွားတယ်လို့တော့ ပြောနေကြတယ်။ ညနေပိုင်းက အပြင်တောင် သိပ်မထွက်ရဲဘူး"ဟု အဆိုပါရပ်ကွက်နေ ပြည်သူတစ်ဦးက သူ၏အတွေ့အကြုံကို ပြောသည်။

ယင်းသို့ ထွက်ပြေးသွားခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များမှ သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့သော်လည်း တရားခံပြေးဖြစ်သူ နဂါးလေး(ခ)အောင်နိုင်မြင့်မှာ ထွက်ပြေး လွတ်မြောက်သွားခဲ့ကြောင်း၊ ပြန်လည်ဖမ်းဆီးရမိရေးအတွက် ၎င်းသွားလာနိုင်သည့် နေရာများ၊ မြို့အဝင်အထွက်ဂိတ်များ၊ စစ်ဆေးရေးဂိတ်များကို မြို့နယ်ရဲတပ်ဖွဲ့အချင်းချင်း ချိတ်ဆက်ကာ လိုက်လံပိတ်ဆို့ ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ဇော်ကြီး(ပဏ္ဍိတ)**

■

# ချန်ပီယံလိဂ်ပွဲစဉ်ရှိပေမယ့်နိုင်ပွဲယူမယ့် ဂျူဗင်တပ်

**အီတလီစီးရီးအေရင်ခွန်သံ-၂၅**

**ရှိုင်းမင်းမင်း**

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ်(၂၅)ကို လာမယ့် ဖေဖော်ဝါရီလ ၁၈၊ ၁၉၊ ၂၀ ရက်တွေမှာ ကစားသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ မီလန်က ဖီယိုရင်တီးနားကို အိမ်ကွင်းမှာ လက်ခံကစားရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာစောင့်ကြည့်ရမှာဖြစ်ပြီး ဂျူဗင်တပ်ကတော့ နိုင်ပွဲရသွားနိုင်ပါတယ်။**

### ဂျူဗင်တပ် - ပါလာမို နံနက် ၂း၁၅ (၁၈-၂-၁၇)

ဂျူဗင်တပ်က ဒီပွဲအပြီးမှာချန်ပီယံလိဂ်ပွဲကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့တော့ ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့်လည်း ဂျူဗင်တပ်အနေနဲ့ အိမ်ကွင်းဖြစ်တာကြောင့် အမှားခံမှာတော့မဟုတ်ပါဘူး။ ပါလာမိုက တန်းမဆင်းရဖို့ အားစိုက်နေသလို ခြေစွမ်းပိုင်းလည်း တိုးတက်လာပြီဖြစ်ပေမယ့် အဝေးကွင်းကစားပုံကတော့ အားနည်းနေဆဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ဂျူဗင်တပ်ကို ပွဲချိန်ပြည့်ထိန်းနိုင်ဖို့ခက်ကာ ဂျူဗင်တပ်ပဲ အနိုင်ရနိုင်ပါတယ်။

### အတ္တလန္တာ - ခရိုတိုနီ ည ၁၁း၃၀ (၁၈-၂-၁၇)

အတ္တလန္တာက ခြေစွမ်းပိုင်းအရကောင်းမွန်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် အတ္တလန္တာဟာ အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်ပြီး အိမ်ကွင်း ၁၁ ပွဲမှာ ၈ ပွဲတိတိအနိုင်ရရှိခဲ့ပါတယ်။ ခရိုတိုနီကတော့ တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခြေစွမ်းပိုင်းက အားနည်းမှုတွေများနေပါတယ်။ အထူးသဖြင့် လက်ရှိအချိန်အထိ ခရိုတိုနီဟာ အဝေးကွင်းမှာ နိုင်ပွဲလုံးဝမရသေးပါဘူး။ အတ္တလန္တာကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### အမ်ပိုလီ - လာဇီယို နံနက် ၂း၁၅ (၁၉-၂-၁၇)

ဥရောပဝင်ခွင့်ရဖို့ အားစိုက်ကစားနေတဲ့ လာဇီယိုက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းက သိသိသာသာကောင်းမွန်နေပါတယ်။ လာဇီယိုအနေနဲ့ အဝေးကွင်းပွဲတွေမှာ ခံစစ်ကစားပုံအားနည်းတတ်တယ်ဆိုပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေရရှိနေပါတယ်။ အမ်ပိုလီကလည်း လက်ရှိအချိန်မှာ တန်းမဆင်းရဖို့အားစိုက်ကစားနေသလို အခုနောက်ပိုင်းမှာခြေစွမ်းပိုင်းလည်း တိုးတက်လာတာကို တွေ့ရပါတယ်။ လာဇီယို ကပ်ပြီးသာနိုင်ခြေရှိပါတယ်။

### ဘိုလော့နာ - အင်တာမီလန် ည ၆း၀၀ (၁၉-၂-၁၇)

အင်တာမီလန်က ဥရောပပွဲကစားခွင့်ရဖို့ အားစိုက်နေတဲ့ အသင်းဖြစ်သလို လက်ရှိအချိန်မှာလည်း ခြေစွမ်းပိုင်းကောင်းမွန်နေတာကို တွေ့ရပါတယ်။ ဘိုလော့နာကတော့ အိမ်ကွင်းခြေစွမ်းပိုင်းမဆိုးဘူးဆိုပေမယ့် အခုနောက်ပိုင်းမှာ အသင်းလိုက် စွမ်းဆောင်ရည်အားနည်းမှုတွေရှိလာတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဘိုလော့နာတို့ အိမ်ကွင်းအားနဲ့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း အင်တာမီလန်ကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### ဆမ်ဒိုးရီးယား - ကယ်ဂလီယာရီ ည ၈း၃၀ (၁၉-၂-၁၇)

အခုနောက်ပိုင်းမှာ ဆမ်ဒိုးရီးယားရဲ့ခြေစွမ်းပိုင်းကောင်းမွန်လာတာကို တွေ့ရပါတယ်။ အထူးသဖြင့်အိမ်ကွင်းပွဲတွေမှာခြေစွမ်းပိုင်း ပိုမိုတည်ငြိမ်တတ်သလို ခံစစ်ပိုင်းကလည်း စွမ်းဆောင်ရည်ပိုမို ကောင်းမွန်တတ်ပါတယ်။ ကယ်ဂလီယာရီကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကျဆင်းနေတာကို တွေ့ရသလို တိုက်စစ်ပိုင်းကလည်းအဝေးကွင်းပွဲတွေမှာ ဂိုးသွင်းအား သိသိသာသာ ကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဆမ်ဒိုးရီးယားကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### ချီယေဗို - နာပိုလီ ည ၈း၃၀ (၁၉-၂-၁၇)

ဒီပွဲမတိုင်ခင်မှာ ရီးရဲနဲ့ ချန်ပီယံလိဂ်အဝေးကွင်းပွဲကစားခဲ့ရတာကြောင့် နာပိုလီတို့ ပွဲပန်းလာနိုင်ပါတယ်။ လက်ရှိအချိန်မှာ နာပိုလီရဲ့ ခြေစွမ်းပိုင်းက ကောင်းမွန်နေပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ ကစားအားအနည်းငယ် ကျဆင်းတတ်ပါတယ်။ ချီယေဗိုကတော့ ခြေစွမ်းပိုင်းမဆိုးသလို အိမ်ကွင်း ခြေစွမ်းပိုင်းလည်းကောင်းမွန်မှုရှိနေပါတယ်။ ဒါကြောင့်လည်း နာပိုလီတို့ ရှုံးကန်ရနိုင်ကာ နိုင်ရင်တောင် ဂိုးပြတ်ဖို့ခက်တယ်။

### ပက်စ်ကာရာ - ဂျီနိုအာ ည ၈း၃၀ (၁၉-၂-၁၇)

အမှတ်ပေးဇယားအောက်ဆုံးက ပက်စ်ကာရာခြေကအားနည်းမှုတွေ များလွန်းနေပါတယ်။ တန်းမဆင်းရဖို့အတွက် အားစိုက်နေပေမယ့် ခံစစ်တိုက်စစ်မျှတမှုလုံးဝမရှိခဲ့ပါဘူး။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းဖြစ်တာကြောင့် ပက်စ်ကာရာတို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း ဂျီနိုအာကို အသာရဖို့ ခက်ပါတယ်။ ဂျီနိုအာ ခြေကျဆင်းနေပေမယ့် ဒီပွဲမှာတော့ ဂျီနိုအာပဲ အနိုင်ရမယ်။

### အူဒီးနီးစ် - ဆာစူအိုလို ည ၈း၃၀ (၁၉-၂-၁၇)

ဆာစူအိုလိုရဲ့ လက်ရှိခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိနေပါတယ်။ ဆာစူအိုလိုအနေနဲ့ အဝေးကွင်းပွဲတွေမှာတော့ အသင်းလိုက်ကစားပုံ အနည်းငယ်ကျဆင်းတတ်သလို ခံစစ်ပိုင်းကလည်းအားနည်းမှုတွေရှိတတ်ပေမယ့် တိုက်စစ်ပိုင်းကတော့ အခုနောက်ပိုင်းမှာ ဂိုးသွင်းခြေ ရနေပါတယ်။ အူဒီးနီးစ်ကတော့ အိမ်ကွင်းမှတ်တမ်းမဆိုးပေမယ့် လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ ဆာစူအိုလို သရေလောက် အနိမ့်ဆုံးရနိုင်တယ်။

### ရိုးမား - တိုရီနို ည ၁၁း၃၀ (၁၉-၂-၁၇)

ရိုးမားက ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ပထမအကျော့ ကစားခဲ့ရမှာဖြစ်လို့ပွဲပန်းလာနိုင်သလို ဒီပွဲအပြီးမှာလည်း ဒုတိယအကျော့ ကစားရမှာဖြစ်တာကြောင့် ဒီပွဲစဉ်မှာ ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ရိုးမားအနေနဲ့ အိမ်ကွင်းပွဲတွေမှာခြေစွမ်းပိုင်းအရ ကောင်းမွန်တတ်တယ်ဆိုပေမယ့် တိုက်စစ်ပိုင်းကတော့ အခုနောက် ပိုင်းဂိုးသွင်းခြေကျဆင်းလာပါတယ်။ တိုရီနိုကလည်း ခြေမဆိုးလို့ ရိုးမား အနိုင်ရရင်တောင် ဂိုးမပြတ်ဘူး။

### မီလန် - ဖီယိုရင်တီးနား နံနက် ၂း၁၅ (၂၀-၂-၁၇)

ဖီယိုရင်တီးနားက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ ကောင်းမွန်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ ဒါပေမယ့်လည်း ဖီယိုရင်တီးနားရဲ့ခံစစ်ကတော့ အဝေးကွင်းပွဲတွေမှာ ကျစ်လျစ်မှုအားနည်းတတ်ပြီး ပေးဂိုးတွေ များလွန်းနေတာကိုတွေ့ရပါတယ်။ ဒို့အပြင် ဖီယိုရင်တီးနားက ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ်ကစားရဖို့ရှိသလို ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ဒုတိယအကျော့ကစားရဖို့ရှိနေပါတယ်။ မီလန်ကတော့ အိမ်ကွင်းမှာ ရလဒ်ပိုင်းကောင်းမွန်ဖို့ အားစိုက်လာမှာသေချာပါတယ်။ မီလန် အနိုင်ရသွားနိုင်ပါတယ်။


**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**



**အထူးကျေးဇူးတင်ရှိခြင်း**

**ကျွန်တော်၊ ကျွန်မ**တို့၏ **ဒုတိယသမီးရတနာ**ဖြစ်သူအား **၁၆-၂-၂၀၁၇**ရက် (ကြာသပတေးနေ့)တွင် နေပြည်တော်တပ်မတော်သားဖွားနှင့် မီးယပ်အထူးကုဆေးရုံကြီး၌ အောင်မြင်စွာ ခွဲစိတ်မွေးဖွားရာတွင် အစမှ အဆုံးတိုင် ကြီးကြပ်စောင့်ရှောက်ပေးပါသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်စိုးဝင်းနှင့်ဇနီး ဒုတိယဗိုလ်မှူးကြီး ဒေါ်ကေသီကျော်၊ ဆေးရုံတပ်မှူး ပါမောက္ခ ဗိုလ်မှူးကြီး ဒေါ်အေးအေး၊ ကလေးပါရဂူ ပါမောက္ခ ဗိုလ်မှူးကြီး ဒေါ်ကေသီထွန်း၊ ဗိုလ်မှူးကြီး ဒေါ်ဆွေဆွေမြင့်နှင့် ပါရဂူများ၊ သူနာပြုအရာရှိများ၊ နွေးထွေးစွာ လာရောက်မေးမြန်းကြပါသော ဌာနဆိုင်ရာ အရာရှိကြီးများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး ဦးဆောင်သောအဖွဲ့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

**အောင်ပြည့်စုံ + မျိုးရတနာထိုက်**



**ပြည်ပမှ မော်တော်ယာဉ်များတင်သွင်းခြင်းအတွက် အသုံးပြုသည့် ဝင်ငွေအပေါ် ဝင်ငွေရလမ်းအထောက်အထားများ ကြိုတင် တင်ပြနိုင်ပါကြောင်း အသိပေးကြေညာခြင်း**

ပြည်ပမှ မော်တော်ယာဉ်များ တင်သွင်းခြင်းအတွက် အသုံးပြုသည့်ဝင်ငွေအပေါ် ဝင်ငွေရလမ်းအထောက်အထားများတင်ပြလိုပါက သက်ဆိုင်ရာ အခွန်ရုံးသို့ ဦးစွာ သွားရောက်၍ ဝယ်ယူတင်သွင်းထားသည့်မော်တော်ယာဉ်အပေါ်တွင် ကျသင့်သည့် ကုန်ကျငွေ စုစုပေါင်းကို အောက်ပါစာရွက်စာတမ်းများနှင့်အတူ တင်ပြ၍ ဝင်ငွေရလမ်းစိစစ်မှု ခံယူခြင်းကို ကြိုတင်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်-

- နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- အိမ်ထောင်စုဇယားမိတ္တူ
- ကုမ္ပဏီအဖွဲ့ဝင် ဒါရိုက်တာဖြစ်ပါက Form VI, XXVI မိတ္တူ
- ကိုယ်စားဆောင်ရွက်သူဖြစ်ပါက တံဆိပ်ခေါင်းခွန် အပြည့်အဝ ကပ်နှိပ်ထားသော ကိုယ်စားလှယ်လွှဲစာ
- သွင်းကုန်ပါမစ် (Import Permit) သို့မဟုတ် သွင်းကုန်လိုင်စင် (Import Licence) မူရင်း/မိတ္တူ
- သွင်းကုန်ကြေညာလွှာ (Import Declaration) မူရင်း/မိတ္တူ
- ဝင်ငွေရလမ်းအတွက် တင်ပြအထောက်အထားမူရင်းများ
- တင်ပြသော ဝင်ငွေရလမ်းအထောက်အထားများအား ပြည့်စုံစွာ စိစစ်ပြီးပါက ပြည်ပမှမော်တော်ယာဉ်များ တင်သွင်းခြင်းအတွက် အသုံးပြုသည့် ဝင်ငွေအပေါ်တွင် ကြိုတင်ဝင်ငွေ ခွန်ပေးဆောင်ရန်မလိုအပ်ဘဲ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။
- မရှင်းလင်းသည့်ကိစ္စရပ်များ၊ အကြံပြုရန်ကိစ္စများရှိပါက နေပြည်တော်ရှိ အောက်ဖော်ပြပါ ဖုန်းနံပါတ်နှင့် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒုတိယညွှန်ကြားရေးမှူး၊ အခွန်မူဝါဒနှင့် သုတေသနဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၀၀၅၊**

**ပြည်တွင်းအခွန်များဦးစီးဌာန**



**သစ်တောဦးစီးဌာန၊ ပဲခူးခရိုင်ရှိ ပုံစံ(၈)ဝင် အခြား(သစ်/ခွဲသား) (၂၁. ၂၆၉၆)တန်အား ရောင်းချရန်လေလံကြော်ငြာ (၃၁/၂၀၁၆-၂၀၁၇)**

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်မှ ပုံစံ(၈)ဝင် အခြား (သစ်/ခွဲသား) (၂၁. ၂၆၉၆)တန်အား ပဲခူးမြို့၊ ဥဿာသစ်တောပျိုးဥယျာဉ်၌ ၂၁-၂-၂၀၁၇ရက် နံနက် ၁၀နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။ [ပုံစံ(၈)ဝင် သစ်များအား တိုင်းကျော်သယ်သူခွင့်မပြုပါ။]

၂။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ဖုန်းနံပါတ်-၀၅၂-၂၂၂၁၁၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**



**ပျောက်ဆုံးကြောင်း**

ဦးရွှေလှ၏သားဖြစ်သူ မောင်ထွန်းပြည့်စုံ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA 898667)မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉ ၂၅၂၄၄၅၁၅၆



**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100



**အများသိစေရန်**

ကျွန်တော်ပိုင်ယာဉ်အမှတ်(၃ခ/ ၇၆၉၈) Nissan Diesel, Bus(4x2)၏ အပ်နှံ/လက်ခံရရှိခြင်း ပြေစာပုံစံ(စ) (ခွင့်ပြု အမိန့် ရက်စွဲ မကဖတ(မုံရွာ)/ ၁၅/၂၅၄၀၊ ၂၅-၅-၁၅ ပုံစံ (ဃ) ၁၀၂၀၀၆၅) ပျောက်ဆုံးကြောင်း ကြေညာအပ်ပါသည်။

**ဦးရဲထိုက်[၁၂/တမန(နိုင်)၁၀၂၅၁၁]**



**အမည်ပြောင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ အဖ ဦးခင်ဆန်း၏ သမီးဖြစ်သူ မအိအိသော်အား ယနေ့မှစ၍ မမေသော်သော်ခင်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

**မမေသော်သော်ခင်**



**သင်္ချာကျော်ဖိုးနီ** M.Sc. (Maths), Final.
**နွေ**(၃)လပြတ် ၄၊ ၇၊ ၈၊ ၉၊ ၁၀တန်း ၆-၃-၂၀၁၇ စမည်
သင်္ချာသီးသန့် ပိုင်းနှင့်ခေါက်ဒါ
၉၊ ၁၀တန်း ဘာသာစုံ ပိုင်းနှင့်ခေါက်ဒါ
**မဟာကျော်** PPTT အနီးကပ်သင်တန်းစပြီ
နယ်စပ်ရေးရာ၊ လူမှုဝန်ထမ်း၊ အငယ်တန်းစာရေးဝင်ခွင့်
Ph:09-250359833, 09-253034191, 09-263451177



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆၄၆)၊ (၇)ရပ်ကွက်၊ (၁၁)လမ်း၊ အကျယ်အဝန်း အလျား ပေ၆၀ ×အနံ ၁၃-ပေ မြေကွက်၊ ဦးမြကြိုင် [၁၂/ဥကတ(နိုင်)၀၁၉၀၃၅] အမည်ပေါက်(ဂရန်)ထံမှ ဒေါ်ဇာခြည်လင်း [၁၂/ဥကတ(နိုင်)၁၅၄၂၇၃]သည်အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ ၎င်းမြေဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက် နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်သွားပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာခြည်လင်း[၁၂/ဥကတ(နိုင်)၁၅၄၂၇၃]**
**ဖုန်း-၀၉-၄၂၁၀၄၁၃၂၀**



**သင့်သွေးဖြင့် အသက်ကယ်ပါ**



OYC
ဆရာပိုင်(ပိုင်သချ်ာ)
၉၊ ၁၀-တန်း
Fresher ပုံမှန်တန်းခွဲ နှင့်
နွေရာသီ(၃)လပြတ်သင်တန်းကြီး
အောင်မင်္ဂလာဝိုင်း(ပုံမှန်)
မြို့ထဲ-ဝိုင်း(နွေရာသီ)
09-73105201



SUMMER
ENGLISH COURSE
English Time Series
Basic Grammar
Stars' Choice
Knowledge, Values
Fun Games
Joyful Melody
March 6 to May 25
Age 5 to 12 years
Room(101), No (35), Phyar Pone Street, Sanchaung Tsp, Yangon.
Ph : 09421127523, 0973125683

# ရေခွန်နှင့်တာတမံခွန်ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

## ရေခွန်နှင့်တာတမံခွန်ဥပဒေကြမ်း

**( ၂၀၁၇ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

**၁၃၇၈ ခုနှစ် ၊ လ ရက်**

**( ၂၀၁၇ ခုနှစ် ၊ လ ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

### အခန်း (၁)

### အမည် ၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **ရေခွန်နှင့်တာတမံခွန်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာသက်ရောက်ရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **လယ်ယာမြေ** ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ ဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်ပန်းမန် စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေ ဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများကိုဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာ နယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသောမြေများ မပါဝင်။

(ခ) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် ရေခွန်နှင့် တာတမံခွန်ကို ဆိုသည်။

(ဂ) **အခွန်ထမ်း** ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရမည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(ဃ) **စည်းကြပ်**ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန် သတ်မှတ်ကောက်ခံခြင်းကို ဆိုသည်။

(င) **ရေခွန်** ဆိုသည်မှာ ဤဥပဒေအရ ဆည်ရေသောက်ဧရိယာတွင် စည်းကြပ်ကောက်ခံသည့် ရေခွန်ကို ဆိုသည်။

(စ) **တာတမံခွန်** ဆိုသည်မှာ ဤဥပဒေအရ ရေဘေးကာကွယ်သည့် ဧရိယာတွင် စည်းကြပ်ကောက်ခံသည့် တာတမံခွန်ကို ဆိုသည်။

(ဆ) **ဆည်ရေသောက်ဧရိယာ** ဆိုသည်မှာ နိုင်ငံတော်က တည်ဆောက်ထားသော ဆည်၊ ကန်၊ တူးမြောင်း၊ ရေတံခါး၊ ရေနုတ်မြောင်းမှ ဆည်ရေမျက်နှာပြင် အနိမ့်အမြင့်အရ သဘာဝနည်းဖြင့် ဆည်ရေရောက်ရှိနိုင်သော သို့မဟုတ် ဆည်ရေရယူအသုံးပြုနိုင်သော မြေဧရိယာကို ဆိုသည်။

(ဇ) **ရေဘေးကာကွယ်သည့်ဧရိယာ** ဆိုသည်မှာ နိုင်ငံတော်က တည်ဆောက်ထိန်းသိမ်းထားသော တာတမံ၊ ရေနုတ်မြောင်း၊ ရေတံခါးများဖြင့် ရေဘေးကာကွယ်ထားသော ဧရိယာကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

### အခန်း (၂)

### ရေခွန်နှင့်တာတမံခွန်ပေးဆောင်ရန် အခွန်နှုန်းများသတ်မှတ်ခြင်း

၄။ လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းအလို့ငှာ နိုင်ငံတော်က တည်ဆောက်ထိန်းသိမ်းထားသည့် ဆည်၊ ကန်၊ တူးမြောင်း၊ ရေနုတ်မြောင်း၊ ရေတံခါးများမှ စိုက်ပျိုးရေရယူသုံးစွဲသူ သို့မဟုတ် တာတမံများ၊ ရေနုတ်မြောင်း၊ ရေတံခါးများဖြင့် ရေဘေးအကာအကွယ်ရယူသူသည် ဘဏ္ဍာရေးနှစ်အလိုက် အောက်ပါနှုန်းများအတိုင်း နှစ်စဉ်အခွန်ပေးဆောင်ရန် တာဝန်ရှိစေရမည်-

(က) ဆည်ရေသောက်ဧရိယာများအတွင်း စပါးစိုက်ဧရိယာများတွင် မြေပြုပြင်သည်မှ အောင်ရေအထိ ရေအပြည့်အဝ ရယူပါက မြေတစ်ဧကလျှင် တစ်ထောင့်ကိုးရာငါးဆယ်ကျပ်နှုန်း၊ မြေပြုပြင်သည်မှ အောင်ရေရသည်အထိ မြေပြင်ရေ၊ စိုက်ပျိုးရေ၊ အပင်ဖြစ်ထွန်းရေ သို့မဟုတ် အောင်ရေကို တစ်စိတ်တစ်ပိုင်းသာ ရယူပါက မြေတစ်ဧကလျှင် ကိုးရာကျပ်နှုန်း၊ အခြားသီးနှံ စိုက်ပျိုးပါက တစ်ဧကလျှင် ကိုးရာကျပ်နှုန်း၊

(ခ) ရေဘေးကာကွယ်သည့် ဧရိယာများအတွက် မြေတစ်ဧကလျှင် ငါးရာကျပ်နှုန်း၊

(ဂ) လယ်ယာမြေ တစ်ရပ်ရပ်သည် ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ(ခ) နှစ်ရပ်လုံးနှင့် အကျုံးဝင် သက်ဆိုင်နေပါက ပုဒ်မခွဲ (က) တွင် သတ်မှတ်ဖော်ပြထားသည့်နှုန်း။

### အခန်း (၃)

### ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည်-

(က) ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရမည်-

(၁) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
ခရိုင်စိုက်ပျိုးရေးဦးစီးဌာန

(၃) ခရိုင်ဦးစီးမှူး အတွင်းရေးမှူး
ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(၄) ခရိုင်ဦးစီးမှူး တွဲဖက်အတွင်းရေးမှူး
ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့သည်-

(က) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့များ၏ ဆောင်ရွက်ချက်များကို စစ်ဆေးကြီးကြပ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့က ပုဒ်မ ၁၂ အရ ဆောင်ရွက်နိုင်ရန် မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့က တင်ပြသော အချက်အလက်များကို ထပ်ဆင့်စစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ တင်ပြရမည်။

### အခန်း (၄)

### မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည် -

(က) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန

(၃) မြို့နယ်မန်နေဂျာ အဖွဲ့ဝင်
မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

(၄) မြို့နယ်ဦးစီးမှူး အတွင်းရေးမှူး
မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန

(၅) မြို့နယ်ဦးစီးမှူး တွဲဖက်အတွင်းရေးမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်း ဦးစီးဌာန

(ခ) ပုဒ်မခွဲ (က) အရဖွဲ့စည်းသော မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွက် တာတမံခွန် ကောက်ခံရန် တာဝန်ပေးအပ်ခြင်းခံရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းကိုလည်းကောင်း၊ ရေခွန်ကောက်ခံရန် တာဝန်ပေးအပ်ခြင်းခံရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုက ရေခွန်စည်းကြပ်ကောက်ခံမည့်အဖွဲ့ကိုလည်းကောင်း ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) တာတမံခွန်ကောက်ခံရန် တာဝန်ပေးအပ်ခြင်းခံရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းနှင့် ရေခွန်ကောက်ခံရန် တာဝန်ပေးအပ်ခြင်းခံရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုက ရေခွန်စည်းကြပ်ကောက်ခံမည့် အဖွဲ့တို့ကို ညှိနှိုင်းပေါင်းစပ်ခြင်း၊ ပံ့ပိုးကူညီခြင်းပြုရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား တာဝန်ပေးအပ်ခြင်း၊

(ဂ) လယ်ယာမြေတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ သီးနှံတစ်မျိုးမျိုး အတွက်ဖြစ်စေ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးဖျက်ခြင်းနှင့် အခြား မတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံပျက်စီးဆုံးရှုံးခြင်း ရှိ၊ မရှိ၊ အခွန်မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားခြင်း၊ အခွန်ပိုမိုစည်းကြပ်ထားခြင်း သို့မဟုတ် မှားယွင်းစည်းကြပ်ထားခြင်း ရှိ၊ မရှိနှင့် အခွန်ထမ်းသည် ဥပဒေအရ ပေးဆောင်ထိုက်သည့်အခွန်ထက် ပိုမိုပေးဆောင်ထားခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊

(ဃ) ပုဒ်မခွဲ (ဂ) ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့က ပုဒ်မ ၁၂ အရ လိုအပ်သလို ဆောင်ရွက်နိုင်ရေးအတွက် စိစစ်တွေ့ရှိရသည့် အချက်အလက်များကို စစ်ဆေးတွေ့ရှိပါက ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေး အဖွဲ့သို့ သဘောထားမှတ်ချက်များနှင့်အတူ တင်ပြခြင်း၊

(င) ပုဒ်မ ၄ အရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူများကို အခွန်စည်းကြပ်ခြင်း။

### အခန်း (၅)

### ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်ကောက်ခံမည့်အဖွဲ့ ဖွဲ့စည်းခြင်း

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည် ရေခွန်စည်းကြပ်ကောက်ခံမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ရေခွန်ကောက်ခံမည့်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး အဖွဲ့ခေါင်းဆောင်

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေး အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) လက်ထောက် သို့မဟုတ် ဒု-လက်ထောက်ဦးစီးမှူး အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အဖွဲ့ဝင်
မြေတိုင်းစာရေးလယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(င) လက်ထောက် သို့မဟုတ် ဒု-လက်ထောက် ဦးစီးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အဖွဲ့ဝင်

### အခန်း (၆)

### အခွန်ကောက်ခံခြင်း

၁၀။ ရေခွန်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့က ဖွဲ့စည်းတာဝန်ပေးအပ်ထားသော အဖွဲ့တို့က လည်းကောင်း၊ တာတမံခွန်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်းကောင်း မြေခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း ကောက်ခံရမည်။

၁၁။ အခွန်ထမ်းသည် အခွန်တောင်းခံလွှာတွင် သတ်မှတ်သည့်ရက်အတွင်း သို့မဟုတ် တိုးမြှင့်ပေးသည့်ရက်အတွင်း အခွန်ကိုပေးဆောင်ရန်ပျက်ကွက်လျှင် ပေးဆောင်ရန်ပျက်ကွက်သည့်ငွေကို အခွန်မပြေကျန်ငွေအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ထမ်းကို ပျက်ကွက်သူအဖြစ်လည်းကောင်း မှတ်ယူပြီး အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကောက်ခံသည့် နည်းလမ်းအတိုင်း အရကောက်ခံရမည်။

### အခန်း (၇)

### ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ စာရင်းမှပယ်ဖျက်ခွင့်နှင့် ပိုငွေကိုပြန်အမ်းခြင်း

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည် လယ်ယာမြေတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ သီးနှံတစ်မျိုးမျိုးအတွက်ဖြစ်စေ ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့က တင်ပြချက်ကို စိစစ်ပြီး -

(က) ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးဖျက်ခြင်းနှင့် အခြားမတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံပျက်စီးဆုံးရှုံးသည့်အတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) အခွန်မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားခြင်း၊ အခွန်ပိုမိုစည်းကြပ်ထားခြင်း သို့မဟုတ် မှားယွင်းစည်းကြပ်ထားခြင်းများကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်ခြင်း၊ ကောက်ခံမရနိုင်တော့သည့်အခွန်ကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းက ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) အခွန်ထမ်းသည် ဥပဒေအရ ပေးဆောင်ထိုက်သည့် အခွန်ထက် ပိုမိုပေးဆောင်ထားကြောင်း တွေ့ရှိပါက ပိုငွေကို ပြန်အမ်းခြင်း ပြုနိုင်သည်။

### အခန်း (၈)

### အယူခံခြင်း

၁၃။ သက်ဆိုင်ရာအခွန်ထမ်းသည်-

(က) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့၏ အခွန်စည်းကြပ်မှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း သုံးဆယ်အတွင်း ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

(ခ) ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့၏ အခွန်စည်းကြပ်မှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း သုံးဆယ်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

၁၄။ အခွန်စည်းကြပ်ကောက်ခံမှုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

**အခန်း (၉)**

**အထွေထွေ**

၁၅။ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အခွန်စည်းကြပ်မှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည် အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာလုပ်ငန်း များနှင့် စပ်လျဉ်း၍လည်းကောင်း လိုအပ်သလိုကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်း တို့ ပြုနိုင်သည်။

၁၆။ ရေခွန်နှင့်တာတမံခွန် ကြီးကြပ်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော် ကောင်စီတို့သည်-

(က) ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ပုဒ်မ ၁၂ အရ ဆောင်ရွက်ရန် ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့က တင်ပြချက်ကိုစိစစ်၍ ဆုံးဖြတ်ချက် ချမှတ်ခြင်း။

၁၇။ ပုဒ်မ ၁၆ (ခ) ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၁၈။ အခွန်စည်းကြပ်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍-

(က) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသော ဝန်ထမ်းများသည် မည်သည့်လယ်ယာမြေတွင်မဆို စိုက်ပျိုးထားသည့် သီးနှံ လုပ်ကွက်ကို သတ်မှတ်ထားသည့်အတိုင်း ဝင်ရောက်စစ်ဆေး တိုင်းတာနိုင်သည်။ နယ်နိမိတ်သတ်မှတ်နိုင်သည်။ မြေပုံထုတ်လုပ်နိုင်သည်။

(ခ) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့သည် အခွန်ထမ်းကိုဖြစ်စေ၊ ကိုယ်စားလှယ်ကိုဖြစ်စေ ခေါ်ယူ စစ်ဆေးနိုင်သည်။ လိုအပ်သောစာရွက်စာတမ်းများကို တင်ပြစေနိုင်သည်။

၁၉။ အောက်ဖော်ပြပါ အက်ဥပဒေများနှင့်စည်းမျဉ်းဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ အခွန်စည်းကြပ်ကောက်ခံမှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်-

(က) The Lower Burma Land and Revenue Act,1876.

(ခ) The Burma Boundaries Act, 1880.

(ဂ) The Upper Burma Land and Revenue Regulation,1889.

(ဃ) The Lower Burma Town and Village Lands Act, 1898.

(င) တူးမြောင်းဥပဒေ။

၂၀။ ဤဥပဒေ အာဏာမသက်ရောက်မီ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၃/၂၀၀၇ ဆုံးဖြတ်ချက်အရ ဝန်ကြီးဌာနက ကောက်ခံခဲ့သော ရေခွန်နှုန်းထားများသည် ဤဥပဒေအရ သတ်မှတ်သောနှုန်းထားများ ဖြစ်သည်ဟု မှတ်ယူရမည်။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၂။ ရေခွန်နှင့်တာတမံခွန်ဥပဒေ(၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် - ၁)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**သာစည် ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ တိုင်းရဲတပ်ဖွဲ့ရုံးမှ ဒုတိယရဲမှူးမျိုးလွင်ဦးဆောင်သည့် မှုခင်းပညာပေးပြခန်းယာဉ်သည် ကျေးလက်လူထုအတွင်း မှုခင်းအသိပညာ ရောက်ရှိနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခွဲက သာစည်မြို့နယ် ယင်းမာပင်ကျေးရွာသို့ ရောက်ရှိလာပြီး အမှတ် (၆၉) နိုင်ငံပိုင်သစ်စက်ဝင်းအတွင်းတွင် မှုခင်းပညာပေး မှတ်တမ်းဓာတ်ပုံများပြသခြင်းနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

မှုခင်းအသိပညာပေးဟောပြောခြင်းကို သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးဝင်းထွန်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးဇော်မျိုးသန်းတို့၏ စီစဉ်မှုဖြင့် ယင်းမာပင်ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်တင်ထွန်းနိုင်က မှုခင်းမဖြစ်ပွားရေးအတွက် ရှောင်ရန်၊ ဆောင်ရန်များနှင့် လောင်းကစားမှုနှင့်ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ ရဲအုပ်သက်ထွန်းအောင်က လူကုန်ကူးမှုအကြောင်းသိကောင်းစရာများနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အကြောင်းကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မူးယစ်တပ်စု (၁၈) မှ ရဲအုပ်ခွန်အောင်ကိုကိုက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်းကိုလည်းကောင်း၊ မိတ္ထီလာခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ် (၉၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုတိယရဲမှူးမြင့်စိုးက လမ်းစည်းကမ်း၊ယာဉ်စည်းကမ်းအကြောင်း သိကောင်းစရာများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း အသီးသီးဟောပြော၍ မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲသို့ ယင်းမာပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ၊ ကျောင်းသားများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၃၀၀ ကျော်လာရောက်ကြည့်ရှုအားပေးကြသည်။ အလားတူ မှုခင်းပညာပေးယာဉ်ဖြင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို အဆိုပါနေ့ နံနက် ၉ နာရီက လှိုင်းတက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီးတွင် ပြုလုပ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများဒေသခံပြည်သူများ စုစုပေါင်း ၁၀၀၀ ကျော်ခန့် လာရောက်ကြည့်ရှုလေ့လာခဲ့သည်။ **မောင်ကို(သာစည်)**

---

## သဘာဝမြေဆွေးများ အသုံးပြုနိုင်ရေး ဂန့်ဂေါတွင်ဆောင်ရွက်

**ဂန့်ဂေါ ဖေဖော်ဝါရီ ၁၆**

စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းသည့် အရည်အသွေးမြင့် စားသောက်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ဓာတ်မြေဩဇာသုံးစွဲမှု လျှော့ချသုံးစွဲကာ သဘာဝမြေဆွေးမြေဩဇာများပြုလုပ်သုံးစွဲနိုင်ရန် ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သဘာဝမြေဆွေး ပြုလုပ်သုံးစွဲနည်းပြသပွဲများကို ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးဌာနမှဝန်ထမ်းများက သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းနှင့် ပိုးသတ်ဆေးဥပဒေအကြောင်း လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးလျက်ရှိသည်။

"ဈေးကွက်ဝင် အရည်အသွေးမီသီးနှံများ တိုးတက်စိုက်ပျိုးနိုင်ရေး၊ စားသုံးသူဘေးအန္တရာယ်ကင်းသည့် လယ်ယာထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ လျှော့ချအသုံးပြုပြီး သဘာဝမြေဆွေးပုံများ ပြုလုပ်သုံးစွဲရေး စတာတွေကို ပညာပေးဆွေးနွေးခဲ့ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာအေးက ပြောသည်။



ယင်းသို့ဆောင်ရွက်လျက်ရှိရာ ဂန့်ဂေါမြို့နယ်၌ ဇန်နဝါရီမှ မတ်လအထိ ကျေးရွာ ၁၅ ရွာတွင် ဆောင်ရွက်သွားမည်ဖြစ်ကာ ယနေ့ထိ ကျေးရွာ ၁၁ ရွာ၌ သဘာဝမြေဆွေးပုံ ၁၀၀ ကို လက်တွေ့ပြုလုပ်ပြသနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် အဆိုပါမြေဆွေးပုံများကို မိုးကြိုသီးနှံများ စိုက်ပျိုးသည့်အခါ ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၆၅)**

---

## အဆင့်မြင့်ဇွဲကပင်ရေကူးကန်ဖွင့်လှစ်

**ဘားအံ ဖေဖော်ဝါရီ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့တွင် လူငယ်လူရွယ်များ စနစ်တကျရေကူးလေ့ကျင့်နိုင်ပြီး ရေကူးလက်ရွေးစင်များပေါ်ထွက်လာစေရေး၊ ဒေသခံပြည်သူများ ရေကူးအားကစားနည်းများဖြင့် စိတ်လက်အပန်းဖြေနိုင်စေရေးနှင့် ရေကူးတတ်ခြင်းဖြင့် အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက်အထောက်အကူဖြစ်စေခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဘတ်ဂျက်ဖြင့် ဘားအံမြို့ သီရိလမ်းရှိ ကန်သာယာပန်းခြံဝင်းအတွင်း၌ ဇွဲကပင်ရေကူးကန်ကို ဖေဖော်ဝါရီ ၁၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။



ဇွဲကပင်ရေကူးကန်အား ကရင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်တာဝန်ရှိသူများတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မုခ်ဦးနှင့် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။ ဆက်လက်၍ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က မြန်မာ့လက်ရွေးစင်ရေကူးအားကစားသမားများ၏ မီတာ ၅၀ လိပ်ပြာကူး၊ ပက်လက်ကူး၊ ရင်ပေါင်တန်းကူး၊ အလွတ်ကူးရေကူးနည်းများဖြင့် ယှဉ်ပြိုင်သရုပ်ပြသခဲ့ကြရာ တက်ရောက်လာကြသော ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါအဆင့်မြင့် ရေကူးကန်သည် ၅၀×၂၅ မီတာရှိကာ ရေကူးကန်အပြင် ပွဲကြည့်စင်၊ အစည်းအဝေးခန်းမ၊ ကားပါကင်၊ အားကစားသမားများနားနေဆောင်၊ ရေချိုးခန်း၊ အဝတ်လဲခန်း စသည့်ဆက်စပ်ဆောင်ရွက်ထားမှုများ ပါဝင်ပြီး ပြည်နယ်အတွက်အကျိုးရှိသော အဆင့်မြင့်ရေကူးကန်အဖြစ် အသုံးချနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ဘားအံ)**

---

## ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီရရှိရေး အသိပညာပေးဆွေးနွေး

**မကွေး ဖေဖော်ဝါရီ ၁၆**

အဓိကလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီရရှိရေး အသိပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန (နေပြည်တော်) မှ ညွှန်ကြားရေးမှူး ဒေါက်တာလှမြသွေးကြွေဒြာ (မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး) က အဓိကလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီရရှိရေး (Advocacy on Universal Health Coverage) ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန (နေပြည်တော်)မှ အဓိကလိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရရှိရေးစီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စီမံချက်၏ အားသာချက်၊ အားနည်းချက်၊ အကြံပြုချက်များနှင့်ပတ်သက်ပြီး အုပ်စုအလိုက်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **ညီညီမောင်(မကွေး)**

---

## ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၂/၂၀၁၇)ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းခွင် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း အမှတ်စဉ်(၂/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) စုပေါင်းခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က အမှာစကားပြောကြားခဲ့ရာ သင်ကြားပို့ချချက်များကို သင်ယူမှတ်သားပြီး သက်ဆိုင်ရာဌာနများ၏ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ ဦးစီးဌာန၏ သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နေရသည့်လုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ လုပ်ဆောင်ရန်၊ မိမိထမ်းဆောင်ရသည့်ဒေသသို့ ပြန်လည်ရောက်ရှိသည့်အခါ ထပ်ဆင့်ပြန်လည်မျှဝေသင်ကြားပေးရန်နှင့် မိမိရဲ့အရည်အသွေးကို အစဉ်တိုးတက်အောင်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ကျေးလက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၇ ရက်အထိ လေးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၈၀ တက်ရောက်ကြောင်း သိရသည်။ **သူရအောင်(ပြည်)**

ဇီဝမျိုးစုံလင် ကမ္ဘာတစ်ခွင်
ထာဝစဉ်တည်တံ့ရေး
ထိန်းသိမ်းပေး

## မြဝတီ၌ဗိုလ်ချုပ်ကြေးရုပ်တုဖွင့်ပွဲကျင်းပ

**မြဝတီ ဖေဖော်ဝါရီ ၁၆**
မြဝတီခရိုင် မြဝတီမြို့တွင် မြန်မာလွတ်လပ်ရေးဗိသုကာ တပ်မတော်၏ဖခင် အာဇာနည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၂) နှစ်ပြည့်မွေးနေ့နှင့် ဗိုလ်ချုပ်ကြေးရုပ်တုဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက အာဇာနည်ပန်းခြံအတွင်း၌ ကျင်းပသည်။ ဗိုလ်ချုပ်ကြေးရုပ်ထုသည် အမြင့် ကိုးပေရှိပြီး ကြေးပိဿာချိန် ၂၈၀ ရှိကာ တန်ဖိုးအားဖြင့် ငွေကျပ်သိန်း ၁၃၀ ခန့်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဖေဖော်ဝါရီ ၁၃ ရက်က ကျရောက်သော ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ကို ဂုဏ်ပြုသောဖြင့် မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကို အာဇာနည်ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များက ကလေးများအား အာဟာရဖြည့် အစားအစာများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြန်မာနိုင်ငံကလေးများနေ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးကို ဂုဏ်ပြုခြင်းအထိမ်းအမှတ် အာဟာရကျွေးမွေးမှုအစီအစဉ်ကို မြဝတီမြို့နယ် ကေ့ကော်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက KG တန်းမှ သတ္တမတန်းထိ ကျောင်းသား ကျောင်းသူ ၃၄၆ ဦးတို့အား အာဟာရအဖြစ် ကြက်ဥနှင့် နို့များ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မှူခင်းပညာပေးပြခန်းယာဉ်ကွမ်းခြံကုန်းမြို့သို့ရောက်ရှိ

**ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၁၆**
ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏စီစဉ်မှုဖြင့် မှုခင်းပညာပေးပြခန်းယာဉ်သည် ဖေဖော်ဝါရီ ၁၃ ရက်က ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိလာရာ ကွမ်းခြံကုန်းမြို့မ ရဲစခန်းမှူး ဒုရဲမှူး အောင်နိုင်ဦးစီးသောအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့မှ ဒုရဲအုပ်သိန်းဌေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့မှ ရဲအုပ် ရဲမြတ်ဟိန်းတို့နှင့်အတူ ကွမ်းခြံကုန်းမြို့ ကံကြီးပိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်းမရှိ ကားလေးဂိတ်နှင့် မီးသတ်ဦးစီးဌာနရုံးရှေ့တို့၌ ယာဉ်ရပ်တန့်၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် မှုခင်းပိုင်းဆိုင်ရာများကို အသိပညာပေး၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၆၈၉)**



## ထားဝယ်မြို့နယ်၌ ဆိပ်ကမ်းသာကစားကွင်းဖွင့်လှစ်

**ထားဝယ် ဖေဖော်ဝါရီ ၁၆**
မြန်မာနိုင်ငံကလေးများနေ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဒေါင်းငူ/တံငါရပ်တွင် ဆိပ်ကမ်းသာကစားကွင်းကို ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ လူမှုရေးနှင့်စည်ပင်သာယာရေး ဝန်ကြီး ဦးဟိုပင်တို့အား တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးက ဆိပ်ကမ်းသာကစားကွင်းဖွင့်လှစ်ခြင်း အထိမ်းအမှတ်အလံအားပေးအပ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖိုးသီးချိုလျှပ်စစ်ဝန်ဆောင်မှုကုမ္ပဏီမှ ဦးအောင်နိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ဒေါင်းငူ/တံငါရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးထိုက်တို့က ဆိပ်ကမ်းသာကစားကွင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ ဆိပ်ကမ်းသာကစားကွင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆိပ်ကမ်းသာကစားကွင်းသည် ၁ ဒသမ ၄ ဧကကျယ်ဝန်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ်သိန်း ၂၀၀ နှင့် ဖိုးသီးချို လျှပ်စစ်ဝန်ဆောင်မှုမှလှူဒါန်းငွေ ကျပ်သိန်း ၁၅၀ စုစုပေါင်း ၃၅၀ဖြင့် ကွင်းအတွင်း၌ ကိုယ်လက်လှုပ်ရှားအားကစားနည်းဖြင့် လူကြီး ၁၂ မျိုး၊ လူငယ် ၈ မျိုးကို တပ်ဆင်လှူဒါန်းထားကြောင်း သိရသည်။
**တိုင်းဒေသကြီး(ပြန်/ဆက်)**

## စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်ပြည်သူ့စစ်အဖွဲ့ဝင်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး တွေ့ဆုံ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၆**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ ကျောင်းကုန်းမြို့နယ်နှင့် ပန်းတနော်မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့ဝင်များအား တွေ့ဆုံပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီကကျင်းပခဲ့သည်။

အခမ်းအနားတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်က ထောက်ပံ့ပစ္စည်းများအဖြစ် နို့ဆီ၊ သကြားနှင့် ခေါက်ဆွဲခြောက်များ၊ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ စာအုပ်စာစောင်များ၊ ဆန်နှင့်စားသုံးဆီများ ပေးအပ်လှူဒါန်းရာ ကျောင်းကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ပန်းတနော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။



ထို့နောက် တိုင်းမှူးက အခမ်းအနားတက်ရောက်သူ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် အမှတ်(၄)စစ်မြေပြင်ဆေးတပ်ရင်း တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဗိုလ်ကြီးဖြိုးမောက်အောင် (ဆေးကုသမှုပါရဂူ) ဦးဆောင်သောအဖွဲ့၏ ဆေးကုသမှုအခြေအနေကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## ဗိုလ်ချုပ်ကြေးရုပ်နှင့်ပန်းခြံဖွင့်ပွဲပြုလုပ်

**ဖြူး ဖေဖော်ဝါရီ ၁၆**
ဖြူးမြို့ကျက်သရေဆောင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်နှင့် ပန်းခြံဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ရက်က ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်၌ ကျင်းပရာ အာရှသူရဲကောင်း ဗိုလ်အောင်ဆန်းတေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းဒေသကြီးလွှတ်တော် ဖြူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ကိုယ်စားလှယ် ဦးသက်စိန်က ဗိုလ်ချုပ်ကြေးရုပ်နှင့် ပန်းခြံဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်တို့က အဖွင့်မိန့်ခွန်း ပြောကြားကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွှန့်က အမှာစကားပြောကြားသည်။ မြို့လူထုကိုယ်စား ဒေါက်တာဦးစိန်ထွန်း၊ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ အတွင်းရေးမှူးဦးသူရတို့က ကျေးဇူးတင်စကားပြောကြားကြသည်။ ထို့နောက် ၂၁ရာစု ပင်လုံညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် အလင်္ကာကျော်စွာဆရာမြို့မငြိမ်းရေးသားသီကုံးသော ငြိမ်းချမ်းရေးတေးသီချင်းဖြင့် သီဆိုကာ အခမ်းအနား ပထမပိုင်းအစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမြသောင်းနှင့် တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးတို့က ဗိုလ်ချုပ်ကြေးရုပ်နှင့် ပန်းခြံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ညပိုင်းတွင် ဗိုလ်ချုပ်ရင်ပြင်၌ အငြိမ့်သဘင်နှင့် ခေတ်ပေါ်တေးဂီတ၊ စတိတ်ရှိုးတို့ဖြင့် အများပြည်သူများအား ဖျော်ဖြေကြကြောင်းသိရသည်။
**(ကြေးမုံ)**



## ကလေးသူငယ်အခွင့်အရေးများနှင့်အကာအကွယ်ပေးရေးဆိုင်ရာအလုပ်ရုံဆွေးနွေး

**ဒီးမော့ဆို ဖေဖော်ဝါရီ ၁၆**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် ဝေါလ်ဗီရှင်း(မြန်မာ) ဒီးမော့ဆိုအေဒီပီတို့ ပူးပေါင်း၍ ကလေးသူငယ်အခွင့်အရေးများနှင့် အကာအကွယ်ပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲက ဒီးမော့ဆိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရန်မျိုးကျော်က အမှာစကားပြောကြားပြီး ဝေါလ်ဗီရှင်း(မြန်မာ) ဒီးမော့ဆိုအေဒီပီမန်နေဂျာ ဒေါ်နော်ကပေါ်မူးဖောက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ CRC နှင့် ကလေးသူငယ်ဥပဒေတွင်ပါရှိသော အကာအကွယ်ပေးရေးဆိုင်ရာ ကလေးသူငယ်အခွင့်အရေးပြဋ္ဌာန်းချက်များကို ပြည့်စုံစွာ နားလည်သဘောပေါက်လာစေရန်ရည်ရွယ်၍ ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် မိမိသားသမီးအတွက် စဉ်းစားကြည့်ခြင်း၊ လိုအင်ဆန္ဒနှင့် အဓိကလိုအပ်ချက်များ၊ အခွင့်အရေးဟူသော အယူအဆကို သဘောပေါက်နားလည်ခြင်း၊ CRC နှင့် မြန်မာနိုင်ငံကလေးသူငယ်ဥပဒေပေါ်ပေါက်လာပုံ၊ CRC ၏ အခြေခံမူများ၊ CRC ပါ ကလေးသူငယ်အခွင့်အရေး အုပ်စု (၄)ရပ်၊ CRC ကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စောင့်ကြည့်ကြီးကြပ်မှုလုပ်ငန်းစဉ်၊ ကလေးသူငယ်အကာအကွယ်ပေးရေးအတွက် တည်ရှိဆဲပြဿနာရပ်များ၊ ဝန်ဆောင်မှုလုပ်ငန်းများကို ခွဲခြားသတ်မှတ်ခြင်း၊ ကလေးသူငယ်များကို အကာအကွယ်ပေးရန် မည်သို့စီမံပြင်ဆင်ဆောင်ရွက်သွားမည်ကို ဆွေးနွေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်လာစေရန်ရည်ရွယ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက် မြို့လယ်နာရီစင်အနီး မြေကွက်လပ်၌ ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ် မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်လှစ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက ကျင်းပရာ တက်ရောက်လာကြသူများက ဗိုလ်ချုပ်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြေးရုပ်တုကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်း၊ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီနာယက ဦးခရိုလနှင့် ဒေါ်ငွေကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကော်မတီဥက္ကဋ္ဌ ဦးမြတ်ကျော်သူက ဗိုလ်ချုပ်ကြေးရုပ်တုစိုက်ထူရခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်မျိုးသားလုံး လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့သော ဗိုလ်ချုပ်၏ ကျေးဇူးတရားများကို အောက်မေ့သတိရစေလိုခြင်း၊ ဗိုလ်ချုပ်ကဲ့သို့ ရိုးသားဖြောင့်မတ်ခြင်း၊ ဇွဲရှိခြင်း၊ စွန့်လွှတ်အနစ်နာခံခြင်း၊ ကျောင်းသား၊ ကျောင်းသူများ ဗိုလ်ချုပ်ကြေးရုပ်တုအား တွေ့မြင်ရလျှင် ဗိုလ်ချုပ်ကိုအားကျ၍ အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်ပေါ်စေရန် ရည်ရွယ်၍ စိုက်ထူရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခမ်ဖုန်၊ ပြည်နယ်ဝန်ကြီးများ၊ ဗိုလ်ချုပ်ကြေးရုပ်တုဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်းဖွင့်လှစ်

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးရှိဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ကျောက်ကပ်သွေးသန့်စင်ခြင်းလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၁ နာရီက အဆိုပါသံဃာ့ဆေးရုံ အဆောင်အမှတ်(၁၁) ရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဇီဝိတဒါနသံဃာ့ဆေးရုံ စီမံခန့်ခွဲရေးကော်မတီနာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဇီဝိတဒါနသံဃာ့ဆေးရုံ စီမံခန့်ခွဲရေးကော်မတီနာယက ဒေါက်တာမြမောင်၊ ဥက္ကဋ္ဌ ဦးမြဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကျောက်ကပ်တုသွေးသန့်စင်ခြင်းဌာနတွင် ဆရာတော်များ ဆေးကုသမှုနှင့် ကျန်းမာရေးအခြေအနေများမေးမြန်းလျှောက်ထားပြီး ကျောက်ကပ်သွေးသန့်စင်ခြင်းလုပ်ငန်းနှင့် ဆေးစတိုခန်းအတွင်း လှည့်လည်ကြည့်ရှုရာ ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ကျော်နှင့် ဆရာဝန်ကြီးများက လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## မြင်းခြံမြို့တွင် 11KV Load-Break Switch ငါးခုတပ်ဆင် မြန်မာနိုင်ငံရှိမြို့ကြီးများ၌ပထမဆုံးတပ်ဆင်

**မြင်းခြံ ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့တွင် Sim Card Sectionalizer (Auto Line foult) ဖြုတ်စက်၊ 11KV Load-Break Switch များတပ်ဆင်ခြင်း၊ အသုံးပြုခြင်းတို့ လုပ်ဆောင်လျက်ရှိကြောင်းကို ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီက သိရသည်။

ထို Sim Card ပါ 11KV Load-Break Switch တပ်ဆင်ခြင်းလုပ်ငန်းကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ မြင်းခြံခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဇော်မြင့်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်လွင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးလွင်၊ Junction River Trading Co., LTD. အထွေထွေမန်နေဂျာ ဦးအောင်ကိုဦးတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ မြင်းခြံမြို့တွင် 11KV Load-Break Switch ငါးခုတပ်ဆင်နေရာ လေးခုတပ်ဆင်ပြီး၍ အသုံးပြုလျက်ရှိပြီး ကျန်နေသည့်တစ်ခုကိုလည်း တပ်ဆင်လျက်ရှိသည်။

ထိုSim Card ပါ Load-Break Switch တပ်ဆင်အသုံးပြုခြင်းဖြင့် မိန်းဓာတ်အားခွဲရုံရှိ ဆားဗစ်၊ Break များ ပျက်စီးမှုမရှိစေခြင်းနှင့် ကြာရှည်ခံနိုင်ခြင်း၊ Line Foult အလွယ်တကူရှာဖွေနိုင်ခြင်း၊ မီးသုံးစွဲသူပြည်သူများအတွက် မလိုအပ်ဘဲ မီးမပျက်ခြင်း၊ မီးပျက်မှုအားအပိုင်းလိုက်ခွဲခြား၍ သိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများအပြင် MPT Sim Card အသုံးပြုရပြီး သတ်မှတ်ထားသော Hand Phone ရှစ်လုံးတွင် Line Foult ဖြစ်လျှင် အကြောင်းကြားပေးခြင်း၊ ထိန်းချုပ်သူ (တာဝန်ရှိသူ) တစ်ဦးမှ ဖုန်းလိုင်းမိသည့် မည့်သည့်နေရာမှမဆို ထိန်းချုပ်၍ လိုင်းပြန်တင်ပေးနိုင်ခြင်းတို့ ပြုလုပ်ပေးနိုင်ကြောင်းနှင့် မြန်မာနိုင်ငံရှိမြို့များအနက် မြင်းခြံမြို့တွင် ပထမဆုံးတပ်ဆင်အသုံးပြုခြင်းဖြစ်ကြောင်းကို တာဝန်ရှိသူတစ်ဦးက ပြောကြားသဖြင့် သိရသည်။

ထို Sectionalizer (Auto Line Foult) ဖြုတ်စက်၊ Sim Card ပါ 11KV Load-Break Switch တစ်လုံးလျှင် ပစ္စည်းတန်ဖိုးနှင့်တပ်ဆင်ခကျပ်သိန်း ၄၀ ခန့်ကုန်ကျပြီး မြင်းခြံမြို့၌ ယခုအခါ ငါးလုံးတပ်ဆင်နေပြီး ဆက်လက်တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## သန့်ရှင်းသာယာလှပဖို့ အမှိုက်များကို စနစ်တကျစွန့်ပစ်စို့

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ကျေးရွာပတ်ဝန်းကျင်သာယာလှပစေရန် ထိန်းသိမ်းဆောင်ရွက်ခြင်းသည် လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလှုပ်ရှားမှုပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်း၊ အမှိုက်များအား အမျိုးအစားခွဲ၍ စွန့်ပစ်ခြင်း၊ စွန့်ပစ်ရမည့်နည်းလမ်းများနှင့်ပတ်သက်ပြီး နားလည်အောင်ပြုလုပ်၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၈ နာရီတွင် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ရွာမကျေးရွာ၊ တောင်ကျောင်းစုကျေးရွာနှင့် ရွှေပြည်ကျေးရွာတို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း (ကိုရီးယား)မှ စေတနာ့ဝန်ထမ်း ဒေါ်လမင်းနှင့် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဟောပြောခဲ့သည်။

ဆက်လက်၍ ရွာမကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျေးရွာလမ်းထိပ်လမ်းဘေးဝဲ/ယာများ၌လည်းကောင်း၊ တောင်ကျောင်းစုကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရွာထိပ်ရန်ကုန်-မန္တလေးကားလမ်း (လမ်းဟောင်း)၌ လည်းကောင်း၊ ရွှေပြည်ကျေးရွာဆယ်မာအူးလ်အွန်ဒုံစီမံကိန်းမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းရှေ့၌လည်းကောင်း စွန့်ပစ်အမှိုက်များကို လိုက်လံကောက်ယူ မီးရှို့ဖျက်ဆီးခဲ့ကြသည်။

ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကို နေပြည်တော် ဒက္ခိဏခရိုင်အတွင်းရှိ ဒက္ခိဏသီရိမြို့နယ်တွင် ၂၈ ရွာ၊ လယ်ဝေးမြို့နယ် တွင် ငါးရွာ၊ ပျဉ်းမနားမြို့နယ်တွင် လေးရွာနှင့် ဇမ္ဗူသီရိမြို့နယ်တွင် သုံးရွာ စုစုပေါင်းဒက္ခိဏခရိုင်တွင် ရွာပေါင်း ၄၀ ၌ ၂၀၁၆ ခုနှစ် ဇွန်လမှစတင်၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါစီမံကိန်းကို ကျေးရွာနှင့်ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးစသည့် စီမံကိန်းသုံးခုဖြင့် အခြေခံပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့၏သဘာဝပတ်ဝန်းကျင်ကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်ရည်ရွယ်ပြီး ယခုလို အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း (ကိုရီးယား)မှ စေတနာ့ဝန်ထမ်း ဒေါ်လမင်းက ပြောတယ်။

"ဒီနေ့အမှိုက်ကောက်တယ်။ ပြီးရင် အမှိုက်မပစ်ရဆိုင်းဘုတ်တွေကပ်ပေးမယ်။ မနက်ဖြန် အမှိုက်မီးရှို့ကန်တွေ စတင်ပြုလုပ်တော့မယ်။ စီမံကိန်းကျေးရွာတစ်ရွာကို ကန်တစ်ကန်ပေါ့။ ရွာမကျေးရွာက စွန့်ပစ်မှုပိုများတော့ သုံးကန်ပြုလုပ်ဆောင်ရွက်ပေးသွားမှာပါ" ဟု နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။

အဆိုပါ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းထဲမှ ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၂၇၀ ကျော်စီချထားပေးပြီး လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးတွင် ၄၅ ရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရရှိရေးတွင် ၅၀ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် ၅ ရာခိုင်နှုန်း အသီးသီးခွဲဝေအသုံးပြုနိုင်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကဏ္ဍတစ်ခုချင်းစီတွင် ကြီးကြပ်ရေးမှူးများဖြင့် အဆင့်ဆင့်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဆောင်ရွက်ထားရှိမှု မှတ်တမ်းများကိုလည်း ကြော်ငြာသင်ပုန်းမှာ ပွင့်လင်းမြင်သာစွာ ချပြထားရမည်ဖြစ်ကြောင်း သိရသည်။

**သန့်မောင်**



## ကျား-မရေးရာတန်းတူညီမျှရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်

**ညောင်ဦး ဖေဖော်ဝါရီ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်နေပြည်သူများ စီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်နှင့် ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့အခန်းကဏ္ဍဆိုင်ရာတာဝန်များ၊ ကျား-မရေးရာတန်းတူညီမျှမှုရှိစေရေး လူထုအခြေပြုသင်တန်းများကို ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် စီမံကိန်းဒုတိယနှစ်အဖြစ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီက ကူရွာကျေးရွာအုပ်စု ရှင်မိန်ကျေးရွာတွင် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါ လူထုဗဟိုပြုစီမံကိန်းဆိုင်ရာသင်တန်းတွင် ကျေးရွာလူထုအဖွဲ့လိုက်ဆောင်ရွက်မှုများ၊ လူထုဗဟိုပြုစီမံကိန်းအကြောင်းနှင့် စီမံကိန်းစက်ဝန်းများ၊ လုပ်ငန်းခွဲဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းများနှင့် အကာအကွယ်များ၊ ကျား-မရေးရာတန်းတူ ညီမျှရေးဆိုင်ရာများ၊ ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုများ၊ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့အခန်းကဏ္ဍနှင့်တာဝန်များကို ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှ သတင်းပြန်ကြားဆက်သွယ်ရေး၊ ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေးနှင့် ကျား-မရေးရာတာဝန်ခံ ဒေါ်သူဇာနွယ်နှင့် ကျေးရွာတာဝန်ခံများ၊ လူထုစည်းရုံးရေးမှူးများက သင်တန်းပို့ချဆွေးနွေးခဲ့ကြပြီး အဆိုပါသင်တန်းသို့ ကူရွာအုပ်စု ရှင်မိန်ကျေးရွာ၊ ချောက်ကန်းကျေးရွာနှင့် တောင်ပုံဝကျေးရွာများမှ ကျေးရွာကော်မတီဝင် ၅၂ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# လက်တွေ့အသုံးချဆေးနည်းတိုများ (၁၉)

ကြည်လွင်မြင့်(မုဒြာ)



**ဆရာရှင့် သမီးနားက နာနေလို့ ဆေးခန်းပြတာ ဆရာဝန်က နားစည်မှာ အနာဖြစ်နေလို့ သောက်ဆေး ပေးလိုက်တာ သက်သာပါတယ်ရှင့်။ အနာဖြစ်တာက ညာဘက်နားပါ။ လေးရက်လောက်နေတော့ ဘယ်ဘက် နားက ယားလာပြီး ပြည်တွေ ရှိနေပါတယ်။ ကိုက်လည်း ကိုက်ပါတယ်ရှင့်။ ဆေးခန်းထပ်သွားပြကြည့်တော့ အနာမရှိဘူးလို့ ပြောပါတယ်။ ဆရာဝန်က အကိုက်အခဲ ပျောက်ဆေးနဲ့ နားထဲထည့်တဲ့ဆေးရည် ပေးပါတယ်။ ဒါပေမယ့် ညဆို နားပြည်ယိုတာ မရပ်ပါဘူး။ နားက အနာမရှိလည်း ပြည်ယိုတတ်ပါသလား။ နားက တစ်ဖက်နဲ့ တစ်ဖက် အကျိုးသက်ရောက်မှု ရှိ မရှိ။ နားပြည်က ဘာကြောင့် ယိုတတ်တယ်ဆိုတာ သိချင်ပါတယ်။ ဆေးခန်းက မယ်ဆိုင်ဘက်မှာ ပြတာ ဆိုတော့ သူတို့စကားလည်း ကောင်းကောင်း နားမလည် လို့ ဘာမှ မေးမရပါဘူး။ ဒါကြောင့် အချိန်ရရင် ဖြေပေး စေချင်ပါတယ်ရှင်။**

နားပြည်ယိုတာက တစ်ဖက်ကို ကူးတတ်ပါတယ်။ အထူးသဖြင့် နားကျပ်တံကို တစ်ခုတည်း နှစ်ဖက်ပြောင်း ပြီး သုံးတတ်တဲ့သူတွေမှာ ကူးတတ်ပါတယ်။ လောလော ဆယ် ကြက်သွန်နီဥကို မီးကင်ပြီး အရည်နွေးနွေး နားထဲ ညှစ်ထည့်ပါ။ နားပြည်ယိုတတ်ရင် ဆားခါးဝယ်ထားပါ။ ရေနွေးကြမ်းအဖန်ရည်နဲ့ ဆားခါးကို ဖျော်ပါ။ အရည် နွေးနွေး ဂွမ်းနဲ့ နားထဲကိုညှစ်ထည့်ပါ။ ဘေးစောင်းပြီး ပြန်သွန်ထုတ်ပါ။ သုံး၊ လေး ကြိမ်ပြုလုပ်ပါ။ နားပြည် ယိုတာပျောက်ပါတယ်။ (တစ်နည်း) ကြောင်လျှာသီး မီးကင် အရည် နားထဲညှစ်ထည့်ပါ။ နားလေးရင် ကြောင် လျှာသီး ကြော်စားပါ။ နားကို မသန့်ရှင်းတဲ့ နားကျပ် တံတွေနဲ့ မကလော်ပါနဲ့။ ရေချိုးရင် နားထဲ ရေမဝင်ပါ စေနဲ့။ ဂွမ်း ဒါမှမဟုတ် ဖော့နဲ့ ဆို့ထားပါ။

**မင်္ဂလာပါ ဆရာကြီးရှင့်။ သမီးက သွေးသားမမှန်လို့ပါ။ ဓမ္မတာက တစ်လမှာ တစ်ရက်လောက်ပဲ လာပါတယ်။ တစ်ခါတလေ နှစ်လမှာ တစ်ခါ လာပါတယ်။ ဆေးတွေ သောက်လည်း မထူးခြားလို့ ဆေးနည်းလေးများ ရှိရင် ကူညီပါဆရာ။**

ကြိတ်မှန်ရွက်၊ ရှားစောင်းလက်ပပ်အနှစ် နှစ်မျိုးကို ဆတူ ထန်းလျက်နဲ့ ရောကျိုပါ။ ဆားလှော် အနည်းငယ် ထည့်ပါ။ ပေါက်စေးကျအောင် ခပ်ပျစ်ပျစ်လေး ကျိုပါ။ အအေးခံထားပြီး ဖန်ပုလင်းနဲ့ ထည့်ထားပါ။ ဟင်းစားဇွန်း နဲ့ တစ်နေ့ နှစ်ကြိမ်စားပါ။ ကြိတ်မှန်ရွက်နဲ့ ရှားစောင်း လက်ပပ်တို့ဟာ မီးယပ်သွေးအားဖြစ်ပြီး ဓမ္မတာကိုမှန် စေပါတယ်။



**မင်္ဂလာပါဆရာ။ ကျွန်တော့်သားလေးက အသက် လေးနှစ်ပါ။ မွေးရာပါ သွေးနီဥ ပြိုကွဲတဲ့ရောဂါ (Thelassaemia) ဖြစ်နေလို့ လစဉ် သွေးသွင်းနေရပါ တယ်ဆရာ။ သက်သာပျောက်ကင်းနိုင်မယ့် ဆေးစွမ်း ကောင်းလေးတွေရှိရင် ပြောပြပေးပါဆရာ။ ဆောင်ရန်၊ ရှောင်ရန်တွေလည်း သိလိုပါတယ်။**

သွေးနီဥ ပြိုကွဲတဲ့ရောဂါဟာ ကံနာ၊ ဝဋ်နာလို့ ဆရာကြီး တွေကဆိုပေမယ့် ကုသလို့ ပျောက်ကင်းသူတွေ ရှိပါ တယ်။ အနောက်တိုင်းဆေးဝါး ကုသသွေးသွင်းရင်း တစ်ဖက်က မြန်မာဆေးပင်၊ အရွက်တို့ကို သောက်သုံးပြီး ပျောက်ကင်းသက်သာနေသူတွေ လက်တွေ့ရှိပါတယ်။ သဘော်မညှိုးပန်း (ခေါ်) လေးနာရီ ပန်းပင် (အဖြူ၊ အနီ၊ စကြာလို အပွင့်လေးတွေ ပွင့်ပါတယ်) ကို ပဉ္စင်းပါးပြုတ် သောက်ပြီး ပျောက်ကင်းသွားသူတွေရှိပါတယ်။ သကြား နဲ့ ရောပြုတ်၊ မတ်ခွက်တစ်လုံးစာကနေ နှစ်လုံးစာထိ အရွယ်အစားကိုလိုက်ပြီး နေ့စဉ် သောက်သုံးရပါတယ်။ အပင်အမြင့် တစ်ပေခွဲကနေ လေးပေလောက်ထိပဲ ရှိပါတယ်။ ရုက္ခဗေဒအမည်မှာ (Vimcarossia) လို့ ခေါ်ပါတယ်။ ရုက္ခဗေဒ ပညာရှင်တွေကို မေးပါ။

**ဆရာရှင့် ရှိသေစွာ မေးပါရစေ။ ကျွန်မ ဗိုက်အောင့် အောင့်နေလို့ ဆေးခန်းပြပြီး Ultrasound ရိုက်တာ သားဥပြွန်မှာ ရေအိတ်တည်နေတယ် ပြောပါတယ်ရှင်။ မခွဲစိတ်ဘဲနဲ့ သက်သာပျောက်ကင်းတဲ့ ဆေးဝါးရှိရင် လမ်းညွှန်ပေးပါရှင့်။ ဆရာရှင့် ကျေးဇူးပြုပြီး အချိန်ရ ရင် စာပြန်ပေးပါ။**

နလင်ကျော်သွေး၊ ဟင်းစားဇွန်း တစ်ဇွန်း၊ ပျားရည် တစ်ဇွန်း စပ်သောက်၊ တစ်နေ့ နှစ်ကြိမ် သောက်ပါ။ ပျောက်ဖူးသူ ရှိပါတယ်။

**မျက်စိစွန်နေတာ ဘယ်လိုလုပ်ရမလဲခင်ဗျ။**

မျက်စိစွန်ရင် ကွမ်းရွက်အရိုးနဲ့ စွန်တဲ့ အဖုကို ထိုးပေး ပါ။ ရှေးနည်းမှာ ငါးပိရိုးကို အသက် ခုနှစ်ချက်အောင့်ပြီး ထိုးရင် ပျောက်ပါတယ်။ မျက်စိစွန်အဖုမှာ မျက်ခွံအတွင်း ဖြစ်နေရင် ဒန့်သလွန် အရည်ညှစ် မျက်စဉ်းခပ်ပေးပါ။

**ဆရာခင်ဗျာ၊ ကျွန်တော့် အသက် (၃၁) နှစ်ပါ။ အသက် (၂၀) လောက်က ဘောလုံးကန်ရင်း ညာဘက် ညို့သကျည်းချင်း ချိတ်မိပါတယ်။ ဖြစ်စက ညို့သကျည်း ဝန်းကျင် ကြွက်သားတွေ မည်းသွားပါတယ်။ နောက် တဖြည်းဖြည်း အမည်းရောင်လျော့သွားပေမယ့် ညို့သကျည်း တစ်ဝိုက်က ထုံနေပါတယ်။ ခုထိပါပဲ။ ရာသီဥတုအေးရင် ခြေသလုံးတစ်ခုလုံး ထုံတုန်တုန်ကြီး ဖြစ်နေပါတယ်။ လေဖြတ်မှာ ကြောက်ပါတယ်။ ဘာလုပ် ရမလဲခင်ဗျ။**

ခိုက်မိဒဏ်ကြောင့် အရေပြားပေါ်က အာရုံကြောငယ် လေးတွေ ပြတ်သွားတာဖြစ်ပါလိမ့်မယ်။ လေဖြတ်မယ့် လက္ခဏာ မဟုတ်ပါ။ ရာသီဥတု အေးတဲ့အခါ ပိုပြီး ထုံတတ်ပါတယ်။ တောရှောက်မြစ် သွေးလိမ်းရင် ပျောက် နိုင်ပါတယ်။ (တစ်နည်း) ချင်းခြောက် အမှုန့်နှစ်ဆ၊ လင်းနေအမှုန့် တစ်ဆ ရောစပ်ပြီး ရေနွေးပူပူနဲ့ ဖျော်ပြီး လိမ်းပါ။ (တစ်နည်း) မုန်ညင်းဆီ ငါးကျပ်သားမှာ ချင်း ပါးပါး ခုနှစ်လွှာလှီးထည့်ပြီး မီးနဲ့ အပူပေး ဆူအောင်ချက် ထားပါ။ ညအိပ်ယာဝင်ချိန်တိုင်း လိမ်းပေးပါ။

**ဆရာခင်ဗျာ၊ ကျွန်တော်က လမ်းကြာကြာလျှောက်မရ ပါ။ ကြာကြာရပ်လို့ မရ။ ကြာကြာ ထိုင်လို့လည်း မရဖြစ် နေပါတယ်။ သုံးနှစ်ရှိပါပြီ။ ဆေးခန်းတွေပြတော့ ခါးရိုး ဆစ်ကျီးပေါင်းလို့ ပြောပါတယ်။ ဘာဆေးတွေ သုံးစွဲရ မလဲ ညွှန်ကြားပေးပါ။ လေရောဖြတ်နိုင်ပါသလား ခင်ဗျာ။**



တောရှောက်မြစ်နှင့် ဝံအူမြစ်တို့ကို သွေးပြီး အရက် ဦးရည်နဲ့ ဖျော်ပြီး ခါးမှာ လိမ်းပေးပါ။ (တစ်နည်း) ရှောက်ပေါင်းရည်နဲ့ ရောစပ်လိမ်းရင်လည်း ရပါတယ်။ သဘော်ရွက်ကို ပျော့အောင်မီးကင် ဒါမှမဟုတ် ရေနွေး ထဲမှာ ခဏစိမ်ပြီး ခါးမှာ ကပ်ပါ။ အဝတ် ဒါမှမဟုတ် ပတ်တီးနဲ့ ပတ်ထားပါ။ ကျီးပေါင်းရောဂါ သက်သာစေ နိုင်ပါတယ်။ လေဖြတ်မယ့် ရောဂါ မဟုတ်ပါ။

**ဆရာခင်ဗျာ ကျွန်တော့်အသက် (၄၅) နှစ်ထဲ ရောက်ပါ ပြီ။ ရေချိုးပြီးတိုင်း မျက်စိနီပါတယ်။ အထူးသဖြင့် ဘယ်ဘက်မျက်စိ တစ်ဖက်တည်း နီရဲနေတာ သတိ ထားမိပါတယ်။ နောက်ပြီး မျက်စိနီတဲ့ ဘယ်ဘက်ခြမ်း ရဲ့ မျက်ရိုးတွေလည်း ကိုက်ပါတယ်။ ဘယ်လို ကုသရမယ် ဆိုတာ ကျေးဇူးပြုပြီး ညွှန်ကြားပေးပါဆရာ။**

ဆရာတို့ သုတေသနပြုထားတဲ့ လေဖြတ်မယ့် ရှေ့ပြေး လက္ခဏာ ကိုးချက်မှာ ရေချိုးပြီးတိုင်း မျက်စိနီတဲ့အချက် ပါဝင်ပါတယ်။ အထူးသဖြင့် လေဖြတ်မယ့်ဘက်ခြမ်း မျက်စိက နီရဲလေ့ ရှိပါတယ်။ လေမဖြတ်အောင် သွေး ပေါင်ချိန်ကို အမြဲစစ်ဆေးပါ။ သွေးတိုးရှိရင် တတ်ကျွမ်း တဲ့ သမားတော်နဲ့ပြပြီး နေ့စဉ်သွေးကျဆေး ပုံမှန်စား ပါ။ အစားအသောက် စားရာတွင် အအီ၊ အဆိမ့်နဲ့ အငန်များတဲ့အစာတွေ ရှောင်ကြဉ်ပါ။ ဒန့်သလွန် ရွက်ဟင်းချို မကြာခဏ သောက်ပေးပါ။ မျက်ရိုးကိုက်ရင် ဒန့်သလွန်ရွက်ကို ရေသန့်သန့်နဲ့ဆေး၊ အရည်ညှစ်ပြီး မျက်စဉ်းခတ်ပေးရင် သက်သာပါတယ်။

**ရာသီဥတု အေးလာရင် ခေါင်းကိုက်၊ နားထင် ကိုက်၊ ဇက်ကြောတက်၊ မျက်ရိုးကိုက် အမြဲဖြစ်ပါ တယ်။ အထူးသဖြင့် ဆောင်းတွင်းရာသီမှာ အလုပ် နည်းနည်းလုပ်တာနဲ့ ခေါင်းကိုက် လာလေ့ရှိပါတယ်။ အကိုက်အခဲပျောက်ဆေးတွေ သောက်ခဲ့တာများလို့ အစာအိမ်လည်း မကောင်းပါရှင့်။ သက်သာနိုင်မယ့် နည်းလမ်း သိရှိလိုပါတယ်။**

ခေါင်းကိုက်ရင် ချင်းကို ပါးပါးလှီးပြီး နားထင်နှစ်ဖက် မှာ ကပ်ပေးပါ။ ဇက်ကျီးပေါင်းရှိသူတွေ၊ ကျီးပေါင်းရင့် လို့ မူးသူ၊ ဇက်ကို ခဲဆွဲကုသနေရသူတွေ၊ ဇက်ရင်း ကျီးပေါင်းဖုပေါ်မှာ ချင်းကို ပါးပါးလှီးပြီး လေးငါး နေရာ ကပ်နိုင်ပါတယ်။ ချင်းမှာ အပူဓာတ်ရှိ ပါတယ်။ အရောင်ကျစေတဲ့ သတ္တိလည်းရှိပါတယ်။ ပိုးကိုသေစေ နိုင်တဲ့ သတ္တိလည်း ထိုက်သင့်သလောက်ရှိပါတယ်။ ချင်းက အပူဖြစ်တဲ့အတွက် ကပ်ပြီး မိနစ်အနည်းငယ် အတွင်း အာနိသင်ပြပါတယ်။ တစ်နာရီလောက် ကပ် ထားပါ။ အလွန်ဆုံး နှစ်နာရီထက်ပိုပြီး မကပ်သင့်ပါ။ တန်ဆေး၊ လွန်ဘေး ဖြစ်ပါတယ်။ နေ့စဉ် တစ်နာရီ လောက်ကပ်ပေးနိုင်ပါတယ်။

**ဆရာရှင့် ရာသီဥတုအေးလာလို့လားမသိဘူး။ လည် ချောင်းနာ၊ ချောင်းဆိုး၊ ညဆို နှာခေါင်းတွေ ပိတ်တာ ဘာလုပ်ရမလဲရှင့်။**

အိမ်သုံးဆားကို ဒယ်အိုးနဲ့ နီအောင်လှော်ပါ။ ဆား လှော် ကော်ဖီဇွန်း တစ်ဇွန်းကို သံပရာသီး တစ်လုံးနဲ့ ဖျော်ပြီး သောက်ပါ။ ဒါမှမဟုတ် လျက်ပေးပါ။ မတ်ခွက် ထဲမှာ ဆားလှော် ဟင်းစားဇွန်း တစ်ဇွန်းထည့်၊ ရေနွေး ပူပူလောင်းထည့်၊ အငွေ့ကို ရှူပေးပါ။ တိုင်းရင်းဆေးခန်း သုံး ဆေးအမှတ် (၄၃) အကင်း ၁၀ ပါးဆေးကို မီးခဲ ပေါ်ဖြူး မှိုင်းရှူပေးရင်လည်း နှာခေါင်းပိတ်တာသက်သာ နိုင်ပါတယ်။

**ဆရာခင်ဗျာ ညဘက်အိပ်ရင် နှာခေါင်းအမြဲပိတ်နေ ပါတယ်။ အင်္ဂလိပ်ဆေးကို နှာခေါင်းထဲ ထည့်နေရပါ တယ်။ အဲဒီနှာခေါင်းဆေး ကြာရှည်မထည့်ချင်ပါ။ ဆေးနည်းကို ညွှန်ပြပေးပါရန် မေတ္တာရပ်ခံပါတယ်။**

ညအိပ်ရာမဝင်မီ ခြေဖဝါးဆားပွတ်၊ ဒူးအောက် ရေလောင်း ဒါမှမဟုတ် ဆားရည်နွေးနွေး ခြေမျက်စိမြုပ် အောင် စိမ်ပေးရင် နှာခေါင်းပိတ်သက်သာပါတယ်။ ကျားမနိုင် နွယ်မြစ်ကို သွေးပြီး နှာခေါင်းမှာကပ်ပေး ရင်လည်း သက်သာနိုင်ပါတယ်။ တိုင်းရင်းဆေးအခန်း သုံး အမှတ် (၄၃) အကင်းဆယ်ပါးဆေးကို တိုင်းရင်းဆေး ခန်းတွေမှာ ရရှိနိုင်ပါတယ်။ မီးခဲပေါ်မှာ ဖြူးပြီး မှိုင်းရှူ ပေးပါ။

**ဆရာရှင့်၊ အကူအညီ တောင်းလိုပါတယ်။ သမီးက အိပ်မပျော်ပါ။ အချိန်အများကြီးယူပြီးမှ အိပ်ပျော် ပြီး မကြာခဏ နိုးတတ်ပါတယ်။ ဘယ်လိုလုပ်ရမလဲ ပြောပေးပါ။**

အစာအိမ်မှာ လေပူရှိရင် ညတော်တော်နဲ့ အိပ်မပျော် ပါ။ လေပူနိုင်တဲ့အစာမှာ ငှက်ပျောသီး ဖီးကြမ်း ဖြစ်ပါ တယ်။ အိပ်ရာဝင်ခါနီး ဆန်ပြုတ်သောက်၊ ငှက်ပျောသီး ဖီးကြမ်း အမှည့်စားပေးပါ။ ရှောက်သီးအရည်နဲ့ ပျားရည် ရောစပ်သောက်ရင်လည်း အိပ်ပျော်နိုင်ပါတယ်။ ရှေးလူကြီးတွေကတော့ ကရမက်သွေးလိမ်းရင် ညအိပ် ပျော်တယ်လို့ ဆိုကြပါတယ်။ စံပယ်ပန်းပွင့် ဒါမှမဟုတ် ပန်းကုံးကို အိပ်ရာခေါင်းအုံးအနားမှာ ထားရင်လည်း နှလုံးငြိမ်ပြီး အိပ်ပျော်တယ်လို့ ဆိုကြပါတယ်။

**ဆရာခင်ဗျာ၊ ရေချိုးပြီး မျက်စိနီရင် လေဖြတ်နိုင်တယ် ပြောလို့ပါ။ ကျွန်တော်က မွေးရာပါ မျက်စိသွေးကြော တွေ နီပါတယ်။ ခေါင်းလျှော်ရင်လည်း မျက်စိတွေ နီပါတယ်။ လေဖြတ် နိုင်ပါသလားခင်ဗျာ။**

မွေးရာပါ မျက်စိနီသူတွေ ရှိပါတယ်။ ကိစ္စမရှိပါ။ သွေးတိုးရောဂါ ရှိ မရှိကိုတော့ ဆရာဝန်ပြ၊ သွေးပေါင် ချိန် စစ်ဆေးကြည့်ပါ။ သံပရာသီးစိမ်း၊ ရှောက်သီးစိမ်း ကို အခွံပါ ရေနွေးစိမ်အုပ်ထား၊ ရေချိုးခေါင်းလျှော်ပြီးရင် သောက်ပေးပါ။

**ဆရာရှင့်၊ ကျွန်မရောဂါက သွားလာလှုပ်ရှားနေရင် သတိလွတ်သလို ဖြစ်သွားတတ်ပါတယ်။ ငါးနှစ် လောက်ရှိပါပြီ။ ဒီရက်ပိုင်းလေးတင် ကားမောင်းရင်း ဇက်လေးလာပြီး ငိုက်သလိုဖြစ်ပြီး ကား Accident ဖြစ်ခဲ့ ပါတယ်။ ဘာဆက်လုပ်သင့်ပါသလဲ ဆရာ။**

အာရုံကြော အားနည်းတဲ့ရောဂါပါ။ ဇက်ကျီးပေါင်း ကိုလည်း စစ်ဆေးကြည့်ပါ။ ကားမမောင်းပါနဲ့၊ လမ်းသွားရင် အဖော်နဲ့သွားပါ။ အကြောလေလျှောက် ဖို့အတွက် ဆင်သမနွယ် (ပရဆေး ဆိုင်မှာဝယ်) ပြုတ်ရည် ကို ကော်ဖီတစ်ခွက်စာမှာ ပျားရည် ဟင်းစားဇွန်း တစ်ဇွန်းထည့်သောက်ပါ။ တစ်လလောက် နေ့စဉ် ပုံမှန် သုံးစွဲကြည့်ပါ။ အာရုံကြောအနေအထား ပြန်ကောင်း လာပါလိမ့်မယ်။

# "iHeartRadio Music Awards" ဆုပေးပွဲတွင် ကတ်တီပါရီနှင့် အက်ဒ်ရှီးရန်တို့ ပါဝင်ဖျော်ဖြေမည်

ဟောလိဝုဒ်ရဲ့ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်သည့် "iHeartRadio Music Awards"၏ ယခုနှစ်အတွက် ပါဝင်ဖျော်ဖြေကြမည့် အနုပညာရှင်တွေကို ထုတ်ပြန်ခဲ့ရာတွင် ပေါ့ပ်ကြယ်ပွင့်တွေဖြစ်ကြသည့် ကတ်တီပါရီနှင့် အက်ဒ်ရှီးရန်တို့ ပါဝင်နေသည်ကို တွေ့ရကြောင်းနှင့် လတ်တလောတွင် အဆိုပါကြယ်ပွင့်နှစ်ဦးကလည်း ပါဝင်ဖျော်ဖြေသွားဖို့ အတည်ပြုပြောကြားခဲ့ပြီးဖြစ်ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်း၏ ဖော်ပြချက်တွေအရ သိရသည်။

အဆိုပါကြယ်ပွင့်နှစ်ဦးအပြင် အခြားသောတေးသံရှင်တွေဖြစ်ကြသည့် ဘရူနိုမားစ်၊ နေဘ့ဆိုင်းရပ်စ်၊ ဘစ်ဂ်စီရန်နှင့် " The Chainsmokers"အစရှိသည့် ဂီတကြယ်ပွင့်များစွာ ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်းလည်း သိရပါသည်။

ကတ်တီပါရီဟာ ပြီးခဲ့တဲ့ ဂရမ်မီဆုပေးပွဲကြီးတွင် မကြာသေးမီကစတင်ထုတ်လွှင့်ခဲ့သော သူ့ရဲ့တေးသီချင်းသစ် "Chained to the Rhythm"နှင့်ဖျော်ဖြေခဲ့သည့်အတွက် ယခုဆုပေးပွဲကြီးမှာလည်း အဆိုပါတေးသီချင်းဖြင့်ပင်ဖျော်ဖြေသွားနိုင်ဖွယ်ရှိနေပြီး ဗြိတိန်ပေါ့ပ်ကြယ်ပွင့် အက်ဒ်ရှီးရန်ဟာလည်း ယခုနှစ်အစပိုင်းတွင် စတင်ထုတ်လွှင့်ခဲ့သည့် သူ့ရဲ့တေးသီချင်းသစ်နှစ်ပုဒ်ဖြစ်သော " Shape of You"နှင့် "Castle on the Hill"တို့နှင့် ပါဝင်ဖျော်ဖြေနိုင်ကြောင်း သိရပါသည်။

ယခုနှစ်အတွက် ရည်ရွယ်ကျင်းပမည့် "iHeartRadio Music Awards"ဆုပေးပွဲကြီးကို လာမည့် မတ်လ ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အေးပြည့် – စုစည်းသည်



## ကမ်ရေဝန်ရဲ့ရုပ်ရှင်သစ် "The Prison"

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့မင်းသားတစ်ဦးဖြစ်တဲ့ ကမ်ရေဝန် ခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်ရှင်သစ် "The Prison"ကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၄ ရက်က စမ်းသပ်ထုတ်လွှင့်ခဲ့ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

အဆိုပါရုပ်ရှင်ဟာ စုံထောက်အက်ရှင်ရုပ်ရှင်တစ်ကားဖြစ်ပြီး ယင်းရုပ်ရှင်မှာတော့ ယခင်သရုပ်ဆောင်နေကြ ဇာတ်ကောင်စရိုက်တွေနဲ့ ကွဲပြားစွာ ကမ်ရေဝန်ဟာ စုံထောက်ဟောင်းတစ်ဦးအဖြစ် ပါဝင်ထားကြောင်းလည်း သိရပါတယ်။

"The Prison"ရုပ်ရှင်မှာ မင်းသားကမ်ရေဝန်နဲ့အတူ အခြားသောနာမည်ကျော်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကမ်ဆွတ်ခ်ကျူလည်း ပါဝင်ထားပြီး ကမ်ဆွတ်ခ်ကျူကတော့ အမှောင်လောကမှ လူဆိုးခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာတော့ အကျဉ်းထောင်ထဲက ထောင်သားတွေနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို တွေ့မြင်ကြရမှာဖြစ်ပြီး အဓိကအားဖြင့် ထောင်ထဲမှာ မင်းမူနေတဲ့ လူဆိုးခေါင်းဆောင်တစ်ဦးနဲ့ စုံထောက်ဟောင်းတစ်ယောက်အကြားက ပြဿနာတွေကို ခံစားကြရမှာဖြစ်ပါတယ်။

အဆိုပါရုပ်ရှင်ရိုက်ကူးရေးအမှတ်တရအဖြစ်လည်း ကမ်ရေဝန်က ရုပ်ရှင်ရိုက်ကူးရေးမှာမှစတင်ရင်းနှီးခွင့်ရခဲ့တဲ့ ကမ်ဆွတ်ခ်ကျူဟာ သူ့အတွက် ကောင်းမွန်တဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ခဲ့ကြောင်းနဲ့ ရိုက်ကွင်းမှာ ပါဝင်သရုပ်ဆောင်ကြတဲ့သူတွေဟာ တစ်ဦးနဲ့တစ်ဦးအဆင်ပြေပါက ယင်းရုပ်ရှင်ဟာ ရလဒ်ကောင်းတွေရလာနိုင်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

တောင်ကိုရီးယားထိပ်တန်းမင်းသမီးတစ်ဦးဖြစ်သူ ပါ့ခ်ရှင်ဟေးနဲ့အတူ အဓိကဇာတ်ဆောင်တွေအဖြစ်ပါဝင်ထားတဲ့ ရုပ်ရှင် "Doctors" ဟာ ကမ်ရေဝန်ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်ဖြစ်ပြီး အဆိုပါရုပ်ရှင်ဟာလည်း ကြည့်ရှုသူများခဲ့ကာ အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားဖြစ်ခဲ့ပါတယ်။ လတ်တလောမှာ စမ်းသပ်ထုတ်လွှင့်ခဲ့တဲ့ ကမ်ရေဝန်ရဲ့ရုပ်ရှင် "The Prison"ကိုတော့ လာမယ့် မတ်လ အတွင်း စတင်ထုတ်လွှင့်ပြသသွားဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။






## တေးယွန်၏တေးသီချင်းသစ် မကြာမီထုတ်လွှင့်မည်

တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယွန်ဟာ လတ်တလောမှာ သူ့ရဲ့ပထမဆုံးသောတစ်ကိုယ်တော်တေးအယ်လ်ဘမ်အတွက် ပြင်ဆင်နေပြီး အဆိုပါတေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့်တေးသီချင်းသစ်တစ်ပုဒ်ကိုလည်း ယခုလအတွင်း စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း အေကေပေ့ါပ်ဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးအယ်လ်ဘမ်သစ်ကိုမထုတ်လွှင့်မီ အကြိုသဘောအဖြစ် တေးယွန်ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "I Got Love"ကို ထုတ်လွှင့်ပေးဖို့စီစဉ်ထားတဲ့အတွက် မကြာသေးမီက ယင်းတေးသီချင်းရဲ့ တေးဗီဒီယိုကို စမ်းသပ်ထုတ်လွှင့်ခဲ့ပြီး တေးဗီဒီယိုအပြည့်အစုံကိုတော့ လာမယ့်ဖေဖော်ဝါရီ ၁၈ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

တေးယွန်ဟာ သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်က လတ်တလောစမ်းသပ်ထုတ်လွှင့်ခဲ့တဲ့ အဆိုပါတေးသီချင်းသစ်အတွက် တေးဗီဒီယိုနဲ့ ဓာတ်ပုံတွေကြောင့် မီဒီယာတွေရဲ့ အာရုံစိုက်မှုတွေနဲ့အတူ ဝေဖန်မှုတွေကိုလည်း ရရှိခဲ့ပါတယ်။ အဆိုပါဓာတ်ပုံတွေမှာ တေးယွန်ကို တကယ်ကို စွဲဆောင်မှုပြင်းလွန်းတဲ့ မိန်းကလေးတစ်ဦးအဖြစ် မြင်တွေ့ခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။



## အရိုးရောဂါကို ခံစားနေရတဲ့ ယိုအာအင်

တောင်ကိုရီးယား သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်တဲ့ ယိုအာအင်ဟာ လတ်တလောမှာ အရိုးနဲ့ပတ်သက်တဲ့ ရောဂါတစ်ခုကို ခံစားနေရကြောင်းနဲ့ စမ်းသပ်မှုတွေအရ မင်းသားဟာ အရိုးတွင်း အကျိတ်တည်တဲ့ရောဂါကို ခံစားနေရခြင်းဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၅ ရက်မှာ ယိုအာအင်ရဲ့ ဝေဒနာနဲ့ပတ်သက်ပြီး သတင်းတွေ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကာ လတ်တလောမှာတော့ သူ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီကလည်း အဆိုပါသတင်းတွေမှာ မှန်ကန်ကြောင်း အတည်ပြုပြောကြားခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ယိုအာအင်ရဲ့ ဖျော်ဖြေရေးအေဂျင်စီက "မင်းသားဟာ လတ်တလောမှာ အရိုးတွင်းအကျိတ်တည်တဲ့ ရောဂါကို ခံစားနေရတယ်ဆိုတာ အမှန်ပါပဲ။ ဒါပေမယ့် ရောဂါက ဘယ်လောက်အထိပြင်းထန်လဲဆိုတာကိုတော့ ကျွန်တော်တို့အနေနဲ့ ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိပါဘူး။ ဒါဟာ သူ့ရဲ့ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တဲ့ ထိခိုက်လွယ်တဲ့ကိစ္စတစ်ခုဖြစ်နေလို့ပါပဲ" လို့ မီဒီယာတွေကို ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် အဆိုပါအေဂျင်စီက လတ်တလောမှာ ယိုအာအင်ဟာ နောက်ထပ်စမ်းသပ်မှုတွေ လုပ်ဆောင်ရမယ့်အချိန်ကို စောင့်ဆိုင်းနေကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။

ယိုအာအင်ဟာ ယခင်ကလည်း ပခုံးမှာ ထိခိုက်ဒဏ်ရာရခဲ့ဖူးပြီး အဆိုပါဒဏ်ရာကြောင့် စစ်မှုထမ်းရမယ့်ရက်ကို ရွှေ့ဆိုင်းခဲ့ရပါတယ်။ ယခုတစ်ကြိမ်မှာလည်း သူ့ရဲ့ ကျန်းမာရေးအခြေအနေကြောင့် စစ်မှုထမ်းရမယ့်နေ့တွေ နှောင့်နှေးသွားနိုင်ဖွယ်ရှိကြောင်းလည်း သိရပါတယ်။

## Future ရဲ့ စတူရီယိုတေးအယ်လ်ဘမ်သစ် စတင်ထုတ်လွှင့်တော့မည်

ရက်ပ်တေးသံရှင်တစ်ဦးဖြစ်သူ Future က သူ့ရဲ့ပရိသတ်တွေအတွက် ယခုနှစ်ရဲ့ ချစ်သူများနေ့လက်ဆောင်အဖြစ် ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၄ ရက်က မကြာမီမှာ သူ့ရဲ့ ပဉ္စမမြောက် စတူရီယိုတေးအယ်လ်ဘမ်ကို စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

Future က သူ့ရဲ့ စတူရီယိုတေးအယ်လ်ဘမ်သစ်ကို လာမယ့် ဖေဖော်ဝါရီ ၁၇ ရက်မှာ စတင်ထုတ်လွှင့်သွားဖို့ စီစဉ်ထားကြောင်းနဲ့ အဆိုပါတေးအယ်လ်ဘမ်ကို သူ့ရဲ့ဂီတနာမည်ကိုအစွဲပြုကာ "Future"လို့ပင် အမည်ပေးထားကြောင်း ပရိသတ်တွေကို စကားလက်ဆောင်ပါးခဲ့တာလည်း ဖြစ်ပါတယ်။

အဆိုပါတေးအယ်လ်ဘမ်မှာ Future နဲ့အတူ အခြားသော တေးသံရှင်တွေဖြစ်ကြတဲ့ မိုင်ဂိုးစ်၊ တော်ရီလိန်းဇ်နဲ့ ကိုးလက်ခ်ဘလက်ခ်တို့ကလည်း ပါဝင်အားဖြည့်သီဆိုပေးထားကာ အဆိုပါတေးအယ်လ်ဘမ်ကို လတ်တလောမှာ တေးဂီတဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်တဲ့ iTunes ကနေတစ်ဆင့် ကြိုတင်မှာယူနိုင်ပြီဖြစ်ကြောင်းလည်း သိရပါတယ်။



*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို အပတ်စဉ် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ဥပဒေတစ်ခု ဖတ်ရှုသောအခါ

မောင်စာဂ

**ဥပဒေဟူသည်**

ရိုးရိုးစာပေရေးသားရာ၌ စာလုံးများကို ပေါင်းစပ်ပြီး ဝါကျများအဖြစ်၊ ဝါကျများကိုပေါင်းစပ်၍ စာပိုဒ်များအဖြစ်၊ စာပိုဒ်များကိုပေါင်းစပ်ပြီး အခန်းကဏ္ဍများအဖြစ်၊ အခန်းကဏ္ဍများကို ပေါင်းစပ်ပြီးနောက် စာအုပ်တစ်အုပ်၊ စာတမ်းတစ်စောင်ဟု ခေါ်ဝေါ်သည့်နည်းတူ ဥပဒေများတွင်လည်း ဝါကျများပေါင်းစပ်ထားသည့် စာပိုဒ်တစ်ပိုဒ်ကို ပုဒ်မ၊ ပုဒ်မများပေါင်းစပ်၍ ကိစ္စရပ်အမျိုးအစား အလိုက်ခွဲခြားပြီး အခန်းများအဖြစ်၊ အခန်းများကို ပေါင်းစပ်၍ ဥပဒေတစ်ရပ်ဟု ခေါ်တွင်သည်။

**တည်ဆဲဥပဒေများ**

ယနေ့ကျင့်သုံးလျက်ရှိသော တည်ဆဲဥပဒေများမှာ လွတ်လပ်ရေးမရမီခေတ်ကာလ အင်္ဂလိပ်တို့က ပြဋ္ဌာန်းခဲ့သောဥပဒေများ၊ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ယနေ့အချိန်အထိ ဥပဒေပြုအာဏာပိုင်အဖွဲ့ သို့မဟုတ် ဥပဒေပြုလွှတ်တော်များက ပြဋ္ဌာန်းထားသော ဥပဒေများဖြစ်သည်။

ဥပဒေတစ်ရပ်ကို ဖတ်ရှုသည့်အခါ အဓိကတွေ့ရှိရမည့် အချက်များမှာ အမည်၊ နိဒါန်း သို့မဟုတ် စကားချီး သို့မဟုတ် ရည်ရွယ်ချက်၊ အဓိပ္ပာယ်ဖော်ပြချက်များ၊ ခေါင်းစဉ်များ၊ ဘေးမှတ်ချက်များ၊ ပုဒ်မများ (ဥပဒေပင်ကိုပြဋ္ဌာန်းချက်များ)၊ ခြွင်းချက်၊ မှတ်ချက်ရှင်းလင်းချက်များ၊ ဇယားနှင့် ပုံစံများစသည်တို့ဖြစ်သည်။

**အမည်**

ရှေးဦးစွာ ဥပဒေ၏အမည်ကိုတွေ့ရမည်။ ဥပဒေတစ်ရပ်၏ အမည်သည် ဥပဒေ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဥပဒေ၏အဓိကကိစ္စရပ်ကို ညွှန်ပြသည်။ ဥပဒေ၏မူသဘောထားနှင့် မည်သည့်ကိစ္စရပ်များအတွက် ယင်းဥပဒေကို ပြဋ္ဌာန်းထားသည်ကို အမည်အားဖြင့် သိနိုင်သည်။ ဥပဒေ၏အမည်မှာ ဥပဒေ၏အစိတ်အပိုင်းဖြစ်ခြင်းကြောင့် အမည်ကိုလည်း ဥပဒေကို ပြင်ဆင်သည့်နည်းတူ ပြင်ဆင်နိုင်ခွင့်ရှိသည်။

ဥပဒေ၏အမည်ကို ပြဋ္ဌာန်းသည့်ခုနှစ်ပါတပ်၍ အမည်ပေးထားခြင်း၊ ခုနှစ်မတပ်ဘဲ အမည်ပေးပြဋ္ဌာန်းထားခြင်းများရှိသည်။ ခုနှစ်ပါတပ်၍ အမည်ပေးထားလျှင် အမည်ပေးထားသည့်အတိုင်း ခုနှစ်ပါတပ် သုံးစွဲပြောဆိုဖို့လိုသည်။ ခုနှစ်တပ်မထားလျှင် ဥပဒေ၏အမည်နောက်၌ ကွင်းဖြင့် ခုနှစ်ကို ဖော်ပြသုံးစွဲနိုင်သည်။ အနီးကပ်ဆုံးထင်ရှားသည့် ဥပမာပြရလျှင် ၂၀၁၄ ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေ (၂၀၁၆) တို့ကိုကြည့်ပါ။

**နိဒါန်း**

အချို့သောဥပဒေများတွင် နိဒါန်းဟူ၍ ဖော်ပြရေးသားထားသည်ကို တွေ့ရတတ်သည်။ နိဒါန်းသည် ဥပဒေအမည်နှင့် ပုဒ်မများအကြားတွင် ဥပဒေတစ်ရပ်ကို မည်သည့် ရည်ရွယ်ချက်၊ ကြံရွယ်ချက်ဖြင့် ပြဋ္ဌာန်းသည်၊ မည်သည့်ကိစ္စရပ်အတွက်ဖြစ်သည် စသည့်ဥပဒေပါ ပြဋ္ဌာန်းချက်များအတွက် ပလ္လင်ခံသည့်အပိုဒ်ဖြစ်သည်။

နိဒါန်းမှာ ဥပဒေအမည်ကဲ့သို့ပင် ဥပဒေ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ သို့ရာတွင် ဥပဒေ၏ပုဒ်မများကဲ့သို့ အာဏာသက်ဝင်ခြင်းမရှိ။ အကယ်၍ ဥပဒေပါ စကားအသုံးအနှုန်းတို့မှာ အဓိပ္ပာယ်မရှင်းလင်း မတိကျဘဲ မည်သို့အဓိပ္ပာယ်ကောက်ယူရန် ပြဿနာပေါ်လျှင် နိဒါန်းပါ ကျိုးကြောင်းဖော်ပြချက်၊ ကြံရွယ်ချက်များသည် အထောက်အကူပြုနိုင်သည်။ သို့ရာတွင် ဥပဒေပါ အာဏာသက်ရောက်သည့် ပြဋ္ဌာန်းချက်များအတိုင်းသာ ဖြစ်စေရမည်။ ထိုပြဋ္ဌာန်းချက်များအတိုင်းမဟုတ်ဘဲ ပိုမိုကျယ်ပြန့်အောင် နိဒါန်းအရ မပြုလုပ်နိုင်။ နောက်ပိုင်း ပြဋ္ဌာန်းသော ဥပဒေများ၌ နိဒါန်းကို ရေးသားဖော်ပြမှုနည်းသွားသည်။ လိုအပ်လျှင်ရည်ရွယ်ချက်အဖြစ်ဖော်ပြသည်။

**အဓိပ္ပာယ်ဖော်ပြချက်များ**

ဥပဒေတစ်ရပ်တွင် အဓိပ္ပာယ်ဖော်ပြချက်များ မပါမဖြစ်ပါရှိရသည်။ ဥပဒေ၏အတွင်း ပုဒ်မများတွင် သုံးနှုန်းထားသော စကားရပ်များထဲမှ အဓိပ္ပာယ်ဖွင့်ဆိုသင့်သော စကားရပ်များကို ဖွင့်ဆိုပေးထားခြင်းဖြစ်သည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဥပဒေ၏ အခန်း (၁) တွင် ဖော်ပြလေ့ရှိသည်။ ဥပဒေတစ်ရပ်ကို လေ့လာဖတ်ရှုမည်ဆိုလျှင် ရှေးဦးစွာ အဓိပ္ပာယ်ဖွင့်ဆိုထားချက်များကို နားလည်သဘောပေါက်ထားပါမှ ဥပဒေတစ်ခုလုံးကို အလွယ်တကူသိရှိနားလည်နိုင်မည်ဖြစ်သည်။ ရှေးဦးစွာ အဓိပ္ပာယ်ဖွင့်ဆိုထားချက်များကို နားလည်အောင် ဖတ်ပေးပါ။

**ခေါင်းစဉ်များ သို့မဟုတ် ခေါင်းစီးများ**

ဥပဒေတစ်ရပ်တွင် ပြဋ္ဌာန်းချက်အမျိုးမျိုးပါရှိပြီး သက်ဆိုင်ရာကိစ္စရပ်အလိုက် အခန်းကဏ္ဍများ ခွဲခြားထားသည်။ ခွဲခြားထားသော ပြဋ္ဌာန်းချက်များ၏ ထိပ်စီးတွင် ခေါင်းစဉ်များ ထည့်သွင်းပေးလေ့ရှိသည်။ အခန်းတစ်ခန်း၏ ခေါင်းစဉ်အမည်များသည် ယင်းခေါင်းစဉ်အောက်တွင် မည်သည့် ပြဋ္ဌာန်းချက်များရှိကြောင်း၊ အထောက်အကူ ပြုခြင်းသာဖြစ်သည်။ ထိုပြဋ္ဌာန်းချက်များကို မည်သို့မှတ်ယူရမည်၊ မည်သို့အဓိပ္ပာယ်ကောက်ယူရမည်ကို သတ်မှတ်ပေးခြင်းမဟုတ်။ ပုဒ်မများပါ စကားရပ်များမှာ မူလအတိုင်းရှင်းလင်းနေလျှင် ခေါင်းစဉ်များကို ထည့်သွင်းစဉ်းစားရန်မလို။

**မှတ်သားရမည့်စံ**

ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၁၅ နှင့် ၄၁၇ လိမ်လည်မှုသည် ‘ပစ္စည်းကိုထိခိုက်သည့် ပြစ်မှုများ’ ဆိုသည့် အခန်း ၁၇ ရှိ အခန်းခေါင်းစဉ်အောက်တွင် ပြဋ္ဌာန်းထားသည်။ အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို အတည်တကျ လက်ထပ်ယူပါမည်ဟု လိမ်လည်ပြောဆိုကာ ကာမရယူခဲ့ခြင်းသည် ပစ္စည်းကိုလိမ်လည်ရယူခြင်းမဟုတ်၍ ဖော်ပြပါပုဒ်မ ၄၁၅ နှင့် ၄၁၇ တွင် အကျုံးဝင်ခြင်း ရှိ-မရှိ အငြင်းပွားမှုပေါ်ပေါက်ခဲ့ဖူးသည်။

“ဥပဒေတစ်ရပ်၏ ပုဒ်မတစ်ခုကို အဓိပ္ပာယ်ကောက်ယူရာ၌ ထိုဥပဒေရှိခေါင်းစီးအား ယင်းဥပဒေပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်ကို ခန့်မှန်းရာတွင် လမ်းညွှန်သဖွယ် အသုံးပြုနိုင်မည်ဖြစ်သော်လည်း ခေါင်းစီးသည် ဥပဒေပါစကားရပ်၏ တစ်စိတ်တစ်ဒေသမဟုတ်သဖြင့် ဥပဒေပါစကားရပ်များမှာ ရှင်းလင်းပြတ်သားနေလျှင် ခေါင်းစီးသည် ထိုဥပဒေ၏စကားရပ်များကို မလွှမ်းမိုးနိုင်ပေ။ သို့ဖြစ်ရာ ပုဒ်မ ၄၁၅ သည် ပစ္စည်းနှင့်ပတ်သက်သည့် ခေါင်းစီးပါသော အခန်းအောက်တွင်ရှိသည့် အကြောင်းကြောင့် ပစ္စည်းနှင့်မပတ်သက်သော ပြစ်မှုနှင့် လုံးဝအကျုံးမဝင်ဟု မဆိုနိုင်ချေ။ ပုဒ်မ ၄၁၇ အရ လိမ်လည်မှုကျူးလွန်ရာရောက်သည်” ဟု ပြဆိုထားသည်။ (၁၉၇၂ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး စာမျက်နှာ ၂၃ ကိုကြည့်ပါ)

